www.burmeseclassic.com

မိုးကိုမိုး

တော်ရုံတန်ရုံရင်မခုန်တတ်ခဲ့ပေမဲ့
အပြစ်ကင်းစင်တဲ့ မျက်ဝန်းနက်တစ်စုံရဲ့
အကြည့်ချိုချိုလေးတစ်ခုမှာ
ငါ့ရင်ခုန်သံတွေမြန်ခဲ့
မင်္ဂလာရှိသော ထိုနေ့ထိုရက်မှာ
ငါ့နတ်သမီးကို ငါရှာတွေ့ခဲ့ပြီ ....

BURMESE CLASSIC .com

# အချစ် (သို့မဟုတ်) ဝေဒနာ ပြုခဲ့တဲ့ ကောင်းမှု

www.burmeseclassic.com

www.burmeseclassic.com

## စာရေးဆရာ ရေးသားထုတ်ဝေပြီးသည့် စာအုပ်များ


၁။ လမင်းပြုံးရဲ့ကောင်းကင်
၂။ ကမ္ဘာဦးမှာပွင့်တဲ့ပန်း
၃။ နိုးထခွင့်မရှိတဲ့အိပ်မက်
၄။ အချစ်ရှိရာ အချစ်လာသည်
၅။ ငါ့ရင်ခွင် လှောင်ချိုင့်ထဲက သာလိကာမလေးတစ်ကောင်
၆။ ၁၀ မျက်နှာပုံပြင်
၇။ လရောင်သင့်တဲ့ ကမ်းခြေ
၈။ ငွေလမင်းရဲ့အနီးဆုံးလူ ကောင်း
၉။ မီးနတ်ရဲ့ကကြိုးသစ်
၁၀။ အချစ်ခေါ်သံ
၁၁။ ဘယ်ဘက်ရင်ဘတ်ထဲမှာ ဝှက်ထားတဲ့ဟိမ်တိုက်
၁၂။ သောကြာနတ်သမီး ရေးတဲ့မှတ်စု
၁၃။ ဒေဝီရဲ့သစ္စာ
၁၄။ အချစ် (သို့မဟုတ်) စေတနာပြခဲ့တဲ့တောင်းမှု
**(ယခုစာအုပ်)**

BURMESE CLASSIC .com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် - ၅၀၁၁၄၇၀၆၀၉
မျက်နှာဖုံးခွင့်ပြုချက် - ၅၀၁၁၇၆၀၆၀၉
အကြိမ် - ပထမအကြိမ်
၂၀၀၆-ခုနှစ်၊ နိုဝင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ိ/
ထုတ်ဝေသူ - ဒေါ်ကေသိုင်ဦး (မြဲ-၀၃၇၆၉)
ရွှေသမင်စာပေ
၃၇/၄၄-လမ်း၊ မိုလ်တထောင်
မြို့နယ်၊ ရန်ကုန်တိုင်း။
အတွင်း/အဖုံး ပုံနှိပ်သူ - ဒေါ်မြင့်မြင့်ကြူ (မြဲ-၀၈၁၀၈)
မိုးကောင်းကင်အော့(ဖ်)ဆက်
အမှတ်(၁၂၁)၊ ၃၈ လမ်းအောက်
ကျောက်တံတားမြို့နယ်။

www.burmeseclassic.com




## ( နိဒါန်း )

ဤကမ္ဘာလောကဓာတ်ကြီး တစ်ခုလုံးရှိ သက်ရှိသက်မဲ့ သတ္တဝါ အရာဝတ္ထု ဟူသမျှကို ထာဝရ ဘုရားသခင်က ဖန်ဆင်းထားခြင်း ဖြစ်သည်။

ဤကမ္ဘာမြေကြီးကို ဖန်ဆင်းစဉ်က ဘုရားသခင်သည် ခုနစ်ရက် အတွင်း ဖန်ဆင်းခဲ့လေသည်။

ထာဝရဘုရားသခင်သည် ဘာမျှမရှိသော လဟာပြင်ကြီးထဲတွင် ကမ္ဘာကြီးကို ဖန်ဆင်းတော်မူသည်။ မှောင်အတိ ဖုံးလွှမ်းနေသော လဟာပြင်ကြီးတွင် အလင်းရောင်ကို ဖန်ဆင်းလိုက်ရာ အလင်းရောင်ရှိ ကာလနှင့် အမှောင်ကာလ နှစ်ခု ဖြစ်ပေါ်လာကာ နေ့နှင့်ည ဟူ၍ ဖြစ်လာရပေသည်။ ဤကား ပထမနေ့ ဖန်ဆင်းခြင်း ဖြစ်၏။

အပြောကျယ်လှသော နေရာတွင် ကောင်းကင်ကြီးကို စတင် ဖန်ဆင်းသည်။ ထိုသို့ ဖန်ဆင်းပြီးသောအခါ တစ်နေ့တာ ကုန်သွား တော့၏။ ဒုတိယနေ့ ဖန်ဆင်းခြင်း ပြီးစီးသွားလေသည်။

တတိယနေ့တွင် ဖန်ဆင်းထားပြီးသော ကောင်းကင်၏အောက်၌ ရှိသည့် ရေတို့ကို တစ်နေရာ၌စုဝေးစေကာ ကုန်းမြေအဖြစ် ပြောင်းသွေ၍

မြေကြီးဖြစ်ပေါ်လာစေသည်။ ရေတို့ကို တစ်နေရာသို့ ရွေ့လျားပစ်သည့်အတွက် ကုန်းမြေ ပေါ်လာရခြင်း ဖြစ်သည်။ ကုန်းမြေကို ကမ္ဘာမြေကြီးဟု ခေါ်၍ တစ်နေရာသို့ စုဝေးထားသော ရေတို့ကို ပင်လယ်သမုဒ္ဒရာ ဟု ခေါ်သည်။ ကုန်းမြေတွင် သစ်ပင် ချုံနွယ် ပိတ်ပေါင်းတို့ကို ပေါက်ရောက်လာစေသည်။

စတုတ္ထနေ့တွင် ထာဝရ ဘုရားသခင်သည် နေနှင့်လ ကြယ်နက္ခတ် တာရာတို့ကို ဖန်ဆင်းသည်။

ပဥ္စမနေ့တွင် ရေသတ္တဝါများနှင့် ကောင်းကင်ရှိ သတ္တဝါအားလုံးတို့ကို ဖန်ဆင်းလေသည်။

ဆဋ္ဌမနေ့တွင် ကုန်းသတ္တဝါများနှင့် လူသားကို ဖန်ဆင်းသည်။ ဖန်ဆင်းထားသော သတ္တဝါအားလုံးသည် လူသား၏ လက်အောက်ခံများဖြစ်ကြရသည်။ လူသားကို ဖန်ဆင်းရာတွင် ထာဝရ ဘုရားသခင်သည် မိမိ၏ သဏ္ဍာန်နှင့် အလားတူစွာ ဖန်ဆင်းခြင်း ဖြစ်ပေသည်။

ပထမဦးဆုံး ဖန်ဆင်းလိုက်သော လူသားကား "အာဒမ်" အမည်ရှိ၏။ ထာဝရ ဘုရားသခင်သည် အရှေ့ဘက်အရပ်၌ ဒေင် အမည်ရှိသော ဥယျာဉ်ကို ဖန်ဆင်းကာ ထိုဥယျာဉ်တွင် အာဒမ်ကို နေထိုင်စေသည်။ အာဒမ်၏ အဖော်အဖြစ် "ဧဝ" အမည်ရှိ မိန်းမကိုလည်း ဖန်ဆင်းပေးသည်။ ဧဝကို ဖန်ဆင်းရာတွင် အာဒမ်အား အိပ်ပျော်စေပြီးနောက် အာဒမ်ထံမှ နံရိုးတစ်ချောင်းထုတ်ကာ ဧဝ အဖြစ် ဖန်ဆင်းခြင်း ဖြစ်သည်။

အာဒမ်ကို ဒေင်ဥယျာဉ်၌ နေထိုင်ခွင့်ပြုရာတွင် ဘုရားသခင်သည် စည်းကမ်းချက် အချို့ကို ချမှတ် ပညတ်ထား၏။ ဥယျာဉ်အတွင်းရှိ အသီးအနှံ အပင်အားလုံးမှ ခူးယူ စားသုံးခွင့် ပြုထားသော်လည်း အကောင်းနှင့် အဆိုးကို ခွဲခြားသိမြင်နိုင်သော အသိဉာဏ် သစ်ပင်မှ အသီးကိုမူ မစားသုံးရဟု ပညတ်ထားရှိသည်။ ထိုအသီးကို စားမိလျှင် ထာဝရ အသက်ရှင်ခြင်းမှ သေဆုံးရမည် ဖြစ်သည်။





မြွေနဂါးကဲ့သို့ ဟန်ဆောင်နေသော စေတန် မာရ်နတ်သည် ဧဝထံသို့ ချည်းကပ်၍ တားမြစ်ထားသော အသီးကိုစားရန် သွေးဆောင်သည်။ ထိုအသီးကို စားလျှင် စားသူသည် မသေဘဲ ထာဝရ ဘုရားသခင်ကဲ့သို့ပင် အကောင်းနှင့် အဆိုးကို သိသောဉာဏ် ရပါလိမ့်မည်ဖြစ်ကြောင်း ဧဝကို ပြောပြသည်။

ဘုရားသခင်က တားမြစ်ထားသော သစ်သီးတို့သည်လည်း မြင်လျှင် စားချင့်စဖွယ် လှပ ကြော့ရှင်းသဖြင့် ဧဝ လည်း ခူးယူစားသုံးမိသည်။ အာဒမ်ကိုလည်း စားသုံးစေသည်။

ထိုသို့ တားမြစ်ထားသော သစ်သီးကို စားသုံးမိကြသည်နှင့် တစ်ပြိုင်နက် "အာဒမ်"၊ "ဧဝ" တို့သည်လည်းပဲ...

www.burmeseclassic.com



ကိုယ်တိုင်လိုက်ထားသော ဟော့ သတင်းတစ်ပုဒ်က ဂျာနယ်တွင် တခမ်းတနားပါလာ၍ ဖြစ်သည်။

ထို့အပြင် ဂျာနယ် အယ်ဒီတာချုပ်ကြီး ကိုယ်တိုင်ကလည်း ဂျာနယ် ထွက်ရက်အမီ သတင်း ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြနိုင်ရန် အားထုတ်ထားသော မင်းမျိုးကို ဂျာနယ်စာမျက်နှာ၌ပါတွင် အတိအလင်း ချီးကျူး ရေးသားထားပြန်သေးလေသည်။

သည်တော့ နဂိုကတည်းကမှ မြောက်ချင်ချင် ဖြစ်နေသော မင်းမျိုး တစ်ယောက် ဖနောင့် သံစူးထားသလို မြောက်ကြွ မြောက်ကြွ ဖြစ်ရလေပြီပေါ့။

သူ့ဘာသာသူ မြောက်ကြွ မြောက်ကြွဖြစ်တာ အရေးမစိုက်တော့ သော်လည်း တွေ့သမျှလူ နားဒုက္ခပေးနေတာကတော့ ဆိုးသည်။ ထိုဒဏ်ကို အခံရဆုံးကတော့ သူများတွေလို အလွယ်တကူ ရှောင်ပြေးခွင့် မသာသော လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုလှအေးပင် ဖြစ်သည်။

ဂျာနယ်ကို လက်ညှိုး တထောက်ထောက်ဖြင့် အာပေါင်အာရင်း သန်သန် ပြောဆို ကြွားဝါရမည့်သူ အနားမှာ မရှိတော့ဘူး ဆိုသည်နှင့် မင်းမျိုး တစ်ယောက်...

"ကိုလှအေးရေ... ခဏဗျာ၊ ခင်ဗျားကို ဗဟုသုတ ရ,စရာ သတင်းလိုက်ပညာနဲ့ ပတ်သက်ပြီး ပြောပြချင်လို့"

ဟူ၍ လှမ်းခေါ်ပြီး အားမနာ လျှာမကျိုး ကြွားဝါ ပြောဆိုတော့ သည်။ မင်းမျိုး ပြောဆိုသော ဗဟုသုတ ရစရာ သတင်းလိုက်ပညာကို နားထောင်ရသည်မှာ တစ်နာရီအတွင်း နှစ်ခါလည်း မဟုတ်၊ သုံးခါလည်း မဟုတ် ဆိုတော့ ကိုလှအေး ခေါင်းမူးပြီး မျက်လုံးတွေ လည်ချင် လာသည်။ ထို့ကြောင့် မင်းမျိုးနှင့် ဝေးဝေးနေလေ ကျန်းမာရေးအတွက် စိတ်ချရလေ ဟူ၍ သဘောပေါက်ကာ မျက်နှာချင်း မဆိုင်မိအောင် ကြိုးစားပြီး အလုပ်များချင်ယောင် ဆောင်ထားရသည်။ ဒါတောင် မင်းမျိုးက အလွတ်မပေးချင်။





"ကိုလှအေးရေ..."

မင်းမျိုး ခေါ်သံကြောင့် ကိုလှအေး ခေါင်းနားပန်း ကြီးသွားရသည်။ တွက်ချက်ရန် အထူးမရှိသော စာရင်းစာအုပ်တွေကို စာရွက်မြည်သံ တရှမ်းရှမ်း ပေးပြီး တစ်အုပ်ပြီး တစ်အုပ် မနားတမ်း လှန်လှောကြည့်ရှုရင်း မကြားချင်ယောင် ဆောင်နေရသည်။

သို့သော် အချည်းနှီးသာရယ်...။

ကိုလှအေး မင်းမျိုး အနားသို့ မသွားသော်လည်း မင်းမျိုးက ကိုလှအေး အနားသို့ ရောက်လာသည်။

"ကိုလှအေး"

"အေး...အေး...အေး၊ ဪ... အေး၊ မင်းမျိုး... ဘာလဲ၊ ပိုက်ဆံ ရှင်းတော့မလို့လား"

"ဪ... မရှင်းသေးပါဘူး... ထိုင်ဦးမှာပေါ့၊ ခင်ဗျားကလည်း"

ကိုလှအေး စိတ်ပိန်သွားသည်။ မြန်မြန်ပြန်စေချင်၍ စကား လမ်းကြောင်းပေးသော်လည်း သကောင့်သားကမပြန်သေးဘဲ လေကြော ရှည်ချင်သေးသည့် လက္ခဏာကို အထင်အရှားပြသလျက် ရှိချေသည်။ ထို့ကြောင့် ကိုလှအေး မတတ်သာဘဲ...

"ဪ... အေးလေ... ငါကလည်း အဲဒါပဲ ပြောမလို့၊ အစောကြီး ရှိသေးတာပဲ၊ အေးဆေး ထိုင်ပါဦးကွ"

"အင်းပါ... ထိုင်မှာပါ၊ အခုမှ ၈ နာရီ ကျော်ကျော်ပဲ ရှိသေး တာပဲ"

မင်းမျိုး လက်မှနာရီကို ကြည့်ပြီးနောက် စကားဆက်ရန် ကိုလှအေးကို ကြည့်ပြန်... ကိုလှအေး ပျာသွားရသည်။ ထို့ကြောင့် မင်းမျိုး ကောင်တာအနီးမှ ခွာသွားစေလိုသော စိတ်ဖြင့်...

"အေးလေကွာ... ဒါကြောင့်ပြောတာပေါ့၊ အေးဆေး ထိုင်ပါဦးလို့၊ လိုအပ်တာရှိရင် လှမ်းသာအော်လိုက်ကွာ၊ စားပွဲထိုးလေးတွေ လာပို့ပေးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်… ရပါတယ်ဗျာ… ထူးထူးခြားခြား ဘာမှ မလိုအပ်ပါဘူး၊ စကားပြောဖော်လေးပဲ လိုအပ်တာပါ"

"ဟင်…"

ကိုလှအေး မျက်လုံး ပြူးသွားရသည်။ နားမခံသာတော့၍ တမင်ရှောင်နေပါသည် ဆိုကာမှ အလိုက်ကန်းဆိုးမသိဘဲ စကားပြောဖော် အတင်းကြီး လုပ်နိုင်းနေသော မင်းမျိုးကို ကြိတ်ကျိန်ဆဲမိလေသည်။

လက်ဆောင်ရသည်နှင့် မကာမိအောင် ခံစားရသော ဒုက္ခကို အတေးအမှတ်ပြု၍ နောင်ဆိုလျှင် မင်းမျိုးထံမှ အပတ်စဉ် ပုံမှန် လက်ဆောင်ရနေကျဖြစ်သော တတိယမျက်လုံး သတင်းဂျာနယ်ကို လက်မခံတော့ရန်လည်း ဆုံးဖြတ်လိုက်မိတော့သည်။

"ပြောလို့ပြောတာ မဟုတ်ဘူး၊ ကျွန်တော်တို့ သတင်းသမားတွေဆိုတာက အားတာ မဟုတ်ဘူးဗျ၊ နှစ်ဆယ့်လေးနာရီ နား၊ မျက်စိ ဖွင့်ထားရတာ၊ ခြေလှမ်းကို အသင့်ပြင်ထားရတာ၊ မိတ်ဆွေ တစ်ယောက်ယောက်နဲ့ တွေ့လို့ စကားပြောချင်တာတောင် အချိန်က ပေးနိုင်တာ မဟုတ်ဘူးဗျ"

"ဩော်… အေး… အေးပေါ့ကွာ၊ ဒါနဲ့တောင် ငါ့ကို အချိန်ပေးပြီး စကားပြောနေတာ တစ်နာရီ မက‚တော့ဘူး ထင်တယ်ကွနော်"

"ဟင်း…ဩော်… ဒါက… ဒါက… ဒီလိုလေဗျာ၊ ဒီနေ့က ကျွန်တော့် နားရက်လေဗျာ၊ ဘယ်နှယ့် တစ်လကို ရက်သုံးဆယ်၊ တစ်ရက်ကို နှစ်ဆယ့်လေးနာရီလုံးလုံး ပြေးလွှား လှုပ်ရှားနေရတဲ့ဥစ္စာ၊ ဒီပုံတိုင်းသာဆိုရင် သေရချည်ရဲ့…၊

ဒါကြောင့် တစ်ပတ်ကို တစ်ရက်တော့ နားရက် ယူရတယ်၊ ဒါက ကျွန်တော့်သဘော ဆိုတာထက် အယ်ဒီတာချုပ်ကြီးရဲ့ သဘောပါ၊ ပြောရရင် အယ်ဒီတာချုပ်ကြီး ကိုယ်တိုင်က ကျွန်တော့်ရဲ့ သွက်လက်ထက်မြက်မှုနဲ့ ကြိုးပမ်း အားထုတ်မှုတွေအတွက် အမြဲတမ်းလေးစား





ချီးကျူးနေတာဗျ၊ ဒါကို ကိုလှအေးလည်း ဂျာနယ်မှာ ဖတ်ပြီးပြီပဲ၊ တွေ့တယ် မဟုတ်လား"

ကိုလှအေး ခေါင်းကို မညိတ်ချင်ဘဲ ညိတ်ပြလိုက်ရသည်။

ပြောမိတာ မှားပြီဟူသော နောင်တ‚ကိုလည်း တစ်ထိုင်တည်းနှင့် အကြိမ်လေးဆယ်မြောက် ရရှိလိုက်ပြန်သည်။

"ကျွန်တော် လိုက်ပြီဟေ့ ဆိုမှဖြင့် အဲဒီသတင်းဟာ ဦးရမယ်၊ ထူးရမယ်၊ မှန်ရမယ်ဆိုတာ အယ်ဒီတာချုပ်ကြီးကိုယ်တိုင်က အပြည့်အဝ လက်ခံထားပြီးသား၊ ဒါကြောင့် အထူးဆုအနေနဲ့ တစ်ပတ်ကို ကျွန်တော်ကြိုက်တဲ့ တစ်ရက်နား ဆိုပြီး ခွင့်ပြုထားတာ"

"ဩော်"

"အဲ… ဒါပေမယ့်… နားရက်ဆိုပြီး ကျွန်တော့်ကို အေးအေးဆေးဆေး အနားရနေတယ် မထင်နဲ့"

"ဟင်… မနားရပြန်ဘူးလား"

"ဒါပေါ့ဗျာ… ဘယ်လိုလုပ် နားရမှာလဲ"

"ဒါဆိုလည်း မင်းတို့ အယ်ဒီတာချုပ်ကြီးက ဘာတွေ အပိုလုပ်ပြီး မင်းအတွက် နားရက်ဆိုပြီး သတ်မှတ်ပေးနေ သေးသလဲကွာ"

"ဩော်… ခင်ဗျားကလည်း ဝေးနေပြန်ပါပြီ"

"ဟင်… ဝေးရပြန်ပြီလား"

"ဝေးတာပေါ့ဗျာ၊ ကျွန်တော်ဆိုလိုတာက နားရက်ပေမယ့်လည်း သူတကာလို စိတ်အေးလက်အေး အနားမယူနိုင်ဘူး၊ သတင်းသမားရဲ့ ထူးခြားတဲ့ ပင်ကိုဗီဇအရ နား‚ မျက်စိကို ၂၄ နာရီအပြည့် ဖွင့်ထားရတာ၊ ဘယ်နေရာမှာ ဘာထူးခြားဖြစ်စဉ် ပေါ်ပေါက်မလဲ၊ ကိုယ်က ရောက်နှင့်ပြီးသား ဖြစ်နေရအောင် ကိုယ့်ကိုယ်ကို အမြဲ တပ်လှန့်ထားရတာ၊ ဥပမာ ဆိုပါတော့ဗျာ…"

ကိုလှအေး စိတ်ဆင်းရဲပြီး နေရာတွင်ပင် လဲသေချင်စိတ်ပေါက်သွားရသည်။ မင်းမျိုးကို မိမိရှေ့မှ ပ‚ထုတ်နိုင်လျှင် ထုတ်



www.burmeseclassic.com

www.burmeseclassic.com



မထုတ်နိုင်လျှင် မိမိကိုယ် မိမိသာ မင်းမျိုးရှေ့မှ ပ,ထုတ်နိုင်အောင် အားထုတ်ရတော့မည်ဆိုတာ ကိုလှအေး တစ်ယောက် ကောင်းစွာ သဘော ပေါက်လိုက်လေပြီ။

ထို့ကြောင့်...

"အေးကွာ... မင်းနဲ့ စကားပြောရတာ ဗိုက်တောင် ဆာလာပြီ၊ အိမ်ထဲဝင်ပြီး ထမင်းစားလိုက်ဦးမှပဲ၊ မောင်မဲရေ... ဟေ့... မောင်မဲ၊ ကောင်တာမှာ ခဏထိုင်ပြီး ဆိုင်ကြည့်ထားလိုက်ဦး၊ ငါ ထမင်း ဝင်စားလိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ"

ကိုလှအေး မင်းမျိုး စကားပြောနေရင်း ဆိုင်အကူ မောင်မဲကို လှမ်းညွှန်ကြားကာ နေရာမှ ခပ်သွက်သွက်လစ်တော့သည်။ ကိုလှအေး၏ အပြုအမူကို မင်းမျိုး စိတ်ထဲ ဘဝင်မကျဖြစ်ကာ...

"ဟွန်း... သတင်း ခေတ်ကြီးထဲမှာ ထမင်းထက် သတင်းက ပိုအရေးကြီးတယ် ဆိုတာလေးကိုတောင် မသိဘူး၊ ဒီပုံမျိုးနဲ့ ဒီလူတော့ ဒီသတင်းခေတ်ကြီးထဲမှာ နောက်ကျ ကျန်ရစ်ခဲ့ဦးမှာ မြင်ယောင်မိပါ သေးတယ်"

ဟူ၍ ရေရွတ် ပြောဆိုရင်း ထိုင်လက်စ နေရာဆီသို့ ပြန်သွား ထိုင်ရန် ခြေလှမ်းပြင်ရ၏။ နေရာမှာ မထိုင်မိခင်...

"အောင်မာ... ငါ့ဆရာကျတော့ပြောပြီး သူ့ကျတော့ ထမင်း မစားဘဲ နေနိုင်တာ ကျနေတာပဲ"

ဆိုသော မောင်မဲ၏ ရေရွတ်သံကိုသာ ကြားလျှင် မင်းမျိုး တစ်ယောက် ချက်ချင်း နောက်ကြောင်းပြန်လှည့်ပြီး သကောင့်သား မောင်မဲကို ပြဿနာရှာမှာ မလွဲရေးချ မလွဲပေ။

မင်းမျိုး နေရာမှာပြန်ထိုင်မိသည်နှင့် တတိယမျက်လုံး သတင်း ဂျာနယ်ကို ဟန်ပါပါ ဖြန့်ကိုင်ကာ သတင်းဗဟုသုတ ပေးရမည့်သူအား စောင့်ဝဲရှာကြည့်သည်။





ဆိုင်ထဲသို့ဝင်လာသော အောင်စိုးမိုးနှင့် တင်ကိုကိုတို့ နှစ်ယောက် ကို တွေ့လိုက်ရသည်နှင့် မင်းမျိုး မျက်လုံးတွေ အရောင်လက်သွား ရသည်။

ထို့ကြောင့်...

"ဟိတ်...အောင်စိုးမိုး... တင်ကိုကို ဒီမှာ လာထိုင်ကြလေကွာ"

ဟု ဝမ်းသာအားရ လက်ပြ ဖိတ်ခေါ်လိုက်သည်။ သို့သော် မင်းမျိုး၏ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်မှုအပေါ် သံသယ ရှိဟန်တူသော အောင်စိုးမိုးနှင့် တင်ကိုကို တို့သည်ကား တစ်ဦးကိုတစ်ဦး လက်ကုတ် ကာ...

"ဩော်... မင်း... မင်းမျိုးပါလား... နေပါစေကွာ၊ မထိုင်တော့ ပါဘူး၊ ဒွေးသိန်းများ ရှိမလားဆိုပြီး လာကြည့်တာပါ"

"အေးကွ... တို့ကို ညစာ လာစားဖို့ ဖိတ်ထားပြီး အိမ်မှာမရှိလို့ ဒီကိုများ ရောက်နေသလားဆိုပြီး လာကြည့်တာ၊ ဒီမှာလည်း မရှိဘူး ဆိုတော့ ဘယ်များရောက်နေသလဲ မသိဘူး၊ လိုက်ရှာကြည့်လိုက်ဦး မယ်ကွာ နော်..."

ဟူ၍ ရှောင်တိမ်းရေး စကားကို အလုအယက် ဆိုကြလေသည်။

ဤသည်ကိုပင် မင်းမျိုးက...

"ဩော်... ဘာများလဲလို့၊ ဒါလေးများ အေးဆေးပေါ့ကွာ၊ ညစာပဲ ဘယ်အချိန်စားစား ရပါတယ်၊ အခုခေတ်ကြီးမှာ အရေးကြီးတာ ထမင်း မဟုတ်တော့ဘူး၊ သတင်း ဖြစ်သွားပြီ၊ သတင်း... ဒါကြောင့် ကြိုတုန်းကြုံခိုက် ဟောဒီ တတိယမျက်လုံး သတင်းဂျာနယ်ထဲက ငါကိုယ်တိုင် သက်စွန့်ဆံဖျား လိုက်ထားတဲ့ သတင်းတစ်ပုဒ်အကြောင်း ပြောပြရဦးမယ်"

ဟု အလိုက်ကန်းဆိုး မသိတတ်စွာ ဖွတ်ပြောလေရာ တင်ကိုကို နှင့် အောင်စိုးမိုး မျက်လုံးလေးတွေ ပေကလပ် ပေကလပ် ဖြစ်သွား ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲ... အဲဒီ သတင်းကိစ္စကို ဒီနေ့မနက်ပဲ မင်း ကိုယ်တိုင် ဖိုးအိမ်ရှေ့မှာ လာပြောပြီးသွားပြီလေကွာ"

ဟူ၍ အောင်စိုးမိုး လူမမာသံလေး နှောပြီး ပြောရသလို တင်ကိုကိုကလည်း...

"ဟင်... မင်းကိုယ်တိုင်ပဲ အဲဒီသတင်းကိစ္စ ငါ့ကို ပြောပြပြီးပြီ လေကွာ၊ နေ့လယ်က လမ်းထိပ် လက်ဖက်ရည်ဆိုင်မှာ တစ်ခါ၊ ညနေတုန်းက ဘီလီယက်ခုံမှာ တစ်ခါ၊ နှစ်ခါတောင် ရှိပြီလေကွာ"

ဟု အကြောက်အကန် ငြင်းလေသည်။ မင်းမျိုး အသာအယာ ပြုံးရင်း နေရာမှထကာ...

"သြော်... မင်းတို့ကလည်း အဲဒီတုန်းက ငါပြောတာက အပေါ်ယံကြောလောက်ပဲ ရှိသေးတာ၊ ခုပြောမှာ သတင်းရဲ့ တကယ့် အတွင်းသားကို ပြောမှာ၊ ကဲပါ... ထိုင်ကြပါဦး... မင်းတို့ကို ငါ ဒီအတိုင်း မပြောပါဘူး၊ လက်ဖက်ရည်တိုက်ပြီး ပြောမှာပါ"

ဟု မဲဆွယ် စည်းရုံးပါသော်လည်း တင်ကိုကိုတို့ ခေါင်းတခါခါ လက်တခါခါဖြင့်...

"နေ... နေပါစေကွာ... ရပါတယ်၊ ထမင်းစားချိန် ရောက်နေ လို့ပါ၊ သွားတော့မယ်နော်"

ဟူ၍ စကားမဆုံးခင် နောက်ကြောင်းပြန် လှည့်ပြေး တော့သည်။

"ကျွတ်... ဒီကောင်တွေလည်း ဒီပုံမျိုးနဲ့ သတင်း ခေတ်ကြီး ထဲမှာ နောက်ကျ ကျန်ရစ်ခဲ့ကြဦးမှာ သေချာတယ်"

မင်းမျိုး တစ်ယောက် သတင်းတန်ဖိုး နားမလည်သော တင်ကိုကိုနှင့် အောင်စိုးမိုးတို့ နောက်ကျောကို လိုက်ကြည့် ရေရွတ်ရင်း နေရာတွင် ပြန်ထိုင်ရန် ပြု၏။

ထိုစဉ် ဆိုင်ထဲသို့ ပျာယီးပျာယာ ဝင်လာပြီး ဟိုဟို သည်သည်ကို ပြူးတူးပြူတဲ လိုက်ကြည့်နေသည့် မျိုးသန့်ကို တွေ့ရ၍ မင်းမျိုး ပျော်သွားရသည်။





ပြောချင်တာတွေ အားလုံး မျိုးသန့်ကိုတော့ ပြောဖြစ်အောင် ပြောရမည် ဟူသော အတွေးဖြင့် မျိုးသန့် အနီးသို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။ အလွယ်တကူ တိမ်းရှောင် ထွက်ပြေးခြင်း မပြုနိုင်စေရန် ဘယ်ဘက် လက်ကောက်ဝတ်ကို ပိုင်နိုင်စွာ ဆုပ်ကိုင်ပြီးမှ နှုတ်ဆက်စကား ဆိုရသည်။

"ဟိတ်... ကိုမျိုးသန့်၊ ဘယ်သူ့ လာရှာတာလဲဗျ"

"ဟင်... သြော်... မင်း... မင်းမျိုး ပါလား"

မိမိကို တွေ့လိုက်ရသဖြင့် ထိတ်လန့်တကြား ဖြစ်သွားဟန် ဘူသော မျိုးသန့်ကို မင်းမျိုး နားမလည်နိုင်သလို ကြည့်ရင်း...

"ဟင်း... ခင်ဗျားကလည်း ဘာဖြစ်နေရတာလဲဗျ၊ ကျွန်တော့်ကို တွေ့လိုက်ရတာပဲ သရဲသဘက် တွေ့လိုက်ရတာ ကျနေတာပဲ"

"သြော်...မ... မဟုတ်ပါဘူး၊ မမျှော်လင့်ဘဲ ရုတ်တရက်ကြီး ဆိုတော့ အံ့သြသွားလို့ပါ"

"ဟောဗျာ... ကျွန်တော်တွေ့တာပဲ ဘာအံ့သြစရာလိုလို့လဲ၊ တစ်ရပ်ကွက်တည်း သားချင်းတွေ အမြဲလိုလိုတွေ့နေရတာပဲ၊ အဆန်း လုပ်လို့"

"သြော်...အေး... မင်းပြောတာလည်းဟုတ်သားပဲ၊ အဟီး..."

"ဟုတ်သားပဲဆိုရင် ဘာမဟုတ်တာ လုပ်ထားလို့ ပြူးတူးပြာတာ ဖြစ်နေရတာလဲ"

"ဟင်း... မ... မလုပ်ပါဘူးကွ၊ မင်းကလည်း ပြောရမယ်၊ ပေါက်ကရ"

"ဒါဆိုရင် ဘယ်သူ့ကို လာရှာတာမို့ ဒီလောက် ရေးကြီးသုတ်ပြာ နိုင်နေရတာလဲ"

"သြော်... မရှာပါဘူးကွ၊ ဘယ်သူမှမရှာပါဘူး၊ ဒီလိုပါပဲဟ... လက်ဖက်ရည်ဆိုင်ထဲမှာ ဘယ်သူများ ရှိနေမလဲဆိုပြီး လမ်းကြုံ ဝင်ကြည့်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်... ဒီလိုလား"

"အေး... အေး... အဲဒီလိုပဲ"

မျိုးသန့်၏ စကားကို မင်းမျိုး ဘဝင်ကျသွားရသည်။ ကြုံတုန်းကြုံခိုက် မျိုးသန့်ကိုတော့ မိမိ ရှာဖွေ တွေ့ရှိထားသမျှ သတင်းမီဒီယာဆိုင်ရာ ဗဟုသုတတွေ အိတ်သွန်ဖာမှောက် ပို့ချလိုက်ဦးမည်ဟူသော စေတနာစိတ်ဖြင့် မင်းမျိုး မိန့်မိန့်ကြီး ပြုံးလိုက်မိသည်။

"ကိုင်း... ဒါဆိုရင်လည်း အခြား ဘယ်သူ့ကိုမှ အလုပ်ရှုပ်ခံပြီး ရှာမနေနဲ့တော့၊ ကျွန်တော်တစ်ယောက်လုံး ရှိတယ်"

"ဟင်"

"ကျွန်တော်ရှိရင် သတင်းရှိတယ်၊ သတင်းရှိတဲ့အတွက် ခင်ဗျားလည်း သတင်းခေတ်ကြီးထဲမှာ နောက်ကျ ကျန်ရစ်ခဲ့စရာ မရှိတော့ဘူး၊ ဟုတ်ပြီလား"

"ဟုတ်... ဟုတ်တာပေ့ါ၊ ဟင်... မဟုတ်သေးပါဘူး၊ ငါ... ငါ အရေးတကြီး ကိစ္စရှိလို့"

"သြော်... ခင်ဗျားကလည်း သတင်းခေတ်ကြီးထဲမှာ သတင်းထက် အရေးကြီးတဲ့ကိစ္စဆိုလို့ ဘာမှမရှိဘူး၊ လာစမ်းပါဗျာ... ခဏလောက် ထိုင်စမ်းပါဦး"

"မဟုတ်... မဟုတ်..."

"စိတ်ချ... ကျွန်တော်ပြောတာ နားထောင်ပြီးရင် အားလုံးဟုတ်သွားစေရမယ်"

မင်းမျိုး အတင်းဆွဲခေါ်လေသဖြင့် မျိုးသန့်ခမျာလည်း ကန့်လန့်ကန့်လန့် ပါလာရကာ မျက်စိသူငယ် နားသူငယ်နှင့် သနားဖို့ရာသာကောင်းသေးတော့သည်။

နေရာမှာ ထိုင်မိသည်နှင့် မင်းမျိုးလည်း မိမိ ပြောသမျှ နားဒုက္ခ ခံရရှာတော့မည့် မျိုးသန့်အပေါ် ညှော်ဝတ်တွေ လွှတ်ကျေပွန်ပြုရသည်။





"ဒါနဲ့ ကိုမျိုးသန့် ဘာသောက်မလဲ၊ လက်ဖက်ရည်လား... ကော်ဖီလား"

"ဟင့်အင်း... နေပါစေ၊ မသောက်တော့ပါဘူး"

"သြော်... ခင်ဗျားကလည်း တစ်ခုခုတော့ လုပ်ပါဗျာ၊ ကျွန်တော်က ခင်ဗျားကို ခင်လို့ မင်လို့ ပြုစုတဲ့ ဥစ္စာကို"

"ဟို...ဒီ...ဒီလိုလေကွာ၊ မင်းတိုက်တာကို မသောက်ချင်လို့တော့ မဟုတ်ပါဘူး၊ ဒါ... ဒါပေမယ့်..."

"သြော်... သိပြီ၊ ခင်ဗျားနဲ့ လက်ဖက်ရည်, ကော်ဖီတို့နဲ့ မတည့်ဘူးဆိုပါတော့၊ အစာအိမ်တွေ ဘာတွေရှိတယ် ထင်တယ်၊ ဟုတ်လား"

"ဟင်... သြော်... အေး၊ ဟုတ်... ဟုတ်တယ်ကွ"

"ကဲဗျာ... ဒါဆိုရင်လည်း နွားနို့သောက်"

"ဟင့်အင်း... နေ... နေပါစေ"

ဘာလဲ... နွားနို့ မကြိုက်လို့လား"

"ဟင်... သြော်၊ အေး... အေးကွ"

"ဒါဆိုရင်...ဒါဆိုရင် ကြက်ဥ... ဟုတ်ပြီ၊ ကြက်ဥ ကာကျက်သောက်ဗျာ၊ ကြက်ဥနဲ့ မတည့်တဲ့လူလို့တော့ မရှိပါဘူး။ ဟိတ်... ညီလေးရေ... ကြက်ဥကာကျက်တစ်လုံး လုပ်ကွာ၊ မြန်မြန်လေး"

မင်းမျိုး သဒ္ဒါတွေ ပေါက်ပြီး မျိုးသန့် ကြိုက်, မကြိုက်ကိုပင် မမေးတော့ဘဲ စားပွဲထိုးလေးကို လှမ်းခေါ်ကာ ကြက်ဥကာကျက်မှာပေးလေသည်။ မျိုးသန့်လည်း ဘာမှမပြောသာတော့ဘဲ မင်းမျိုးကိုသာ မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်ဖြင့် ကြည့်နေမိသည်။

ကြက်ဥကာကျက် တစ်လုံးရင်းကာ မျိုးသန့်၏ အားနာစိတ်ကို ရယူပြီးသည်နှင့် မင်းမျိုးလည်း စားပွဲပေါ်ရှိ တတိယမျက်လုံး သတင်းဂျာနယ်ကို ကောက်ကိုင်ကာ...

"ဒါနဲ့ ကိုမျိုးသန့်... ဒီဂျာနယ် ဖတ်ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"သြော်… အေး၊ ဖတ်… ဖတ်ပြီးပါပြီ"

"ဖတ်ပြီးပြီဆိုရင် ဒီထဲမှာ အထူးခြားဆုံးသတင်းက ဘာလဲ"

"ဟင်"

မျိုးသန့် ခေါင်းကုတ်ရမလို ဂျာနယ်ပဲ ယူကြည့်ရမလို ဖြစ်သွားရသည်။ ပြီးမှ မျက်နှာဖုံးမှာ အထင်းသား ဖြစ်နေသော ခေါင်းစဉ်ကို သတိပြုကာ…

"သြော်…မီးလောင်တဲ့ သတင်းလေကွာ၊ လှိုင်မြို့နယ် အမှတ် (၁၂) ရပ်ကွက်…"

"သိပ်မှန်တာပေါ့ဗျာ၊ ဒါနဲ့ အဲဒီသတင်းကို ဂျာနယ်မှာ အချိန်မီ ဖော်ပြနိုင်ဖို့ ကြိုးစားအားထုတ်ပြီး သတင်းလိုက်တဲ့ သူဟာ ဘယ်သူ မှတ်သလဲ"

"ဟင်း… ဒါ…ဒါကတော့ ငါလည်း ဘယ်…"

မျိုးသန့် မသိဘူးဟု ပြောမည် ပြုပြီးမှ မင်းမျိုး၏ မျက်နှာရိပ် မျက်နှာကဲကို ဖမ်းမိသွားသည်။ ထို့ကြောင့်…

"သြော်… ဒါတော့ ငါလည်းမသိဘဲ ဘယ်နေမလဲ၊ မင်းလိုက်တာပဲ ဖြစ်မှာပေါ့"

"ဟား… မှန်တာပေါ့ဗျာ… သိပ်မှန်တာပေါ့"

"အစ်ကို ကြက်ဥကာကျက် ရပြီ"

"သြော်…အေး… စားဗျာ ကိုမျိုးသန့် ပူတုန်းလေး စားကောင်းတယ်"

မင်းမျိုး ပီတိတွေ ဖြာသွားလျက် စားပွဲထိုးလေး လာချပေးသော ကြက်ဥကာကျက်ပန်းကန်ကို မျိုးသန့်ရှေ့ ထိုးပေးရုံမျှမက အဆင့်သင့် စားသုံးနိုင်ရန် ကြက်ဥ ကာကျက်ကို ဖောက်ပေးလိုက်သေး၏။ မျိုးသန့်လည်း မင်းမျိုး၏ ထက်သန်သော စေတနာကို အသိအမှတ် ပြုသောအားဖြင့် နှစ်ခြိုက် အားရစွာ သုံးဆောင်လေသည်။

မင်းမျိုး ရေနွေးကြမ်း ငှဲ့ထည့်ရင်း စကားကို ဆက်သည်။





"ခင်ဗျားလည်း သိတဲ့ အတိုင်းပဲ၊ ဒီခေတ်ကြီးက သတင်းမီဒီယာ ခေတ်ကြီးဗျ၊ ကုန်တုန်ပြောရရင် ဒီခေတ်ကြီးမှာ ရှင်သန် နေထိုင်နိုင်ဖို့ ဆိုတာ ငွေကြေးမင်းက အဓိက မဟုတ်တော့ဘူး၊ သတင်းက အဓိက ဖြစ်သွားပြီ"

"ဟင်… ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ဗျာ… ဒါကြောင့်လည်း ခင်ဗျား အပါအဝင် ပြည်သူလူထု တစ်ရပ်လုံး ယနေ့ မြန်မာမှာ ဘာဖြစ်နေသလဲ၊ ကမ္ဘာမှာ ဘာဖြစ်နေသလဲဆိုတာ အချိန်နဲ့တစ်ပြေးညီ သတင်းတွေ ဖော်ပြပေးနိုင်ဖို့ ကျွန်တော်တို့က မပြတ်ကြိုးစားနေရတာ"

"သြော်… အေး… အေးပါကွာ၊ ကျေးဇူးပါပဲ"

"ရပါတယ်ဗျာ… ဒါ ကျွန်တော်တို့ စာနယ်ဇင်းတွေရဲ့ အလုပ်ပဲ ဥစ္စာ၊ ခင်ဗျား ကြားဖူးသလားတော့ မသိဘူး၊ စာနယ်ဇင်း ဆိုတာ တိုင်းပြည်ရဲ့ စတုတ္ထမဏ္ဍိုင် ဆိုတာလေဗျာ"

"ဟင်…သြော်…အေး ဟုတ်တယ်လေကွာ၊ ကြားဖူးပါတယ်"

မင်းမျိုး ပြောသမျှ ဖော်လိုသာ လိုက်နေရသည်။ မျိုးသန့် စိတ်တွေက သိပ်ဂနာမငြိမ်ချင်။ လက်မှနာရီကို ကြည့်လိုက်၊ ဆိုင်မှ တိုင်ကပ်နာရီကို ကြည့်လိုက်၊ နောက်ကျောကို လှည့်ကြည့်လိုက် ဖြစ်နေသည်။

မင်းမျိုးလည်း အရိပ်အခြေကို ရိပ်မိလျက် မျိုးသန့် အလွယ်တကူ ရှောင်ထွက် မရလေအောင် ကြက်ဥကာကျက် တစ်လုံးဖြင့် ထပ်မံ ချည်နှောင်ရပြန်သည်။

ထို့ကြောင့်…

"သြော်… ကြည့်စမ်းပါဦး… ကိုမျိုးသန့်က ကြက်ဥ ကာကျက် အတော် ကြိုက်တာပဲကိုး။ ဗျို့… ကိုလှအေး… ကာကျက်တစ်လုံး အမြန်လေးဗျာ"

ဟု အချိန်မဆိုင်းဘဲ လှမ်းမှာရသည်။ ပြီးမှ…



www.burmeseclassic.com

www.burmeseclassic.com



"အင်း... သတင်းသမား ဆိုတာ ပြောရတာသာ လွယ်တာ၊ လုပ်ကြည့်တော့ အင်မတန် ခက်ခဲပင်ပန်းတာပါပဲလား၊"

"ဩော်... အေး၊ ဟုတ်... ဟုတ်တာပေါ့ကွ"

"နား, မျက်စိကို ၂၄ နာရီ ဖွင့်ထားပြီး အရာရာကို အလွတ်မပေးဘဲ မပြတ် လေ့လာ စစ်ကြောနေရတာ၊ ပြောရင် ယုံမလားတော့ မသိဘူး၊ ဒီရပ်ကွက်မှာ ဘယ်သူ ဘာလုပ်ပြီး ဘယ်သူ ဘာတွေ ကြံနေတယ်ကအစ ကျွန်တော် အကုန် သတင်းရ,ထားပြီးသားပဲ"

"ဟင်... ဟုတ်... ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ဗျာ၊ လူရင်းချင်းမို့ ပွင့်ပွင့်လင်းလင်း ပြောရရင် ခင်ဗျား ဘာတွေလုပ်ပြီး ဘာတွေ ကြံစည်နေတယ်ကအစ ကျွန်တော် အားလုံး သိထားပြီးပြီဆိုရင် ခင်ဗျား ယုံမလားဘဲ"

ပိုင်နိုင်သေချာစွာ ပြောချလိုက်သော မင်းမျိုး စကားကြောင့် မျိုးသန့် ခန္ဓာကိုယ် နောက်သို့ တစ်ချက်ယိုင်သွားရသည်။ ထိုစဉ်မှာ စားပွဲထိုးလေးက ကြက်ဥကာကျက် လာချပေးသည်။

"အစ်ကို... ကာကျက်ရပြီ"

မင်းမျိုး စားပွဲထိုးလေးကို ခေါင်းညိတ် ပြပြီးနောက် ကြက်ဥကာကျက်ကို မျိုးသန့် အဆင်သင့် စားသုံးနိုင်စေရန် ပြင်ဆင်ပေးလိုက်သေး၏။

ပြီးမှ အောင်နိုင်သူ တစ်ယောက်လို စီးစီးပိုးပိုး ပြုံးလျက်...

"အဟင်းဟင်း... သိပ်လည်း မတုန်လှုပ်သွားနဲ့လေ၊ ဒီမှာ ကြက်ဥကာကျက်လေး ပူတုန်းစားလိုက်ပါဦး၊ အေးသွားရင် စားမကောင်းဘဲ နေလိမ့်မယ်"

"ဟင်... ဩော်၊ အေး... အေး"

မျိုးသန့် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိသလို အမူအရာပျက်လျက် ကြက်ဥကာကျက် တစ်လုံးကို တစ်ခဏချင်း ကုန်အောင် စားပစ်လိုက်၏။





"ပြောရ,ရင် ဒါ ဆန်းတော့လည်း မဆန်းပါဘူး၊ မဆန်းဆို ကျွန်တော် သတင်းထောက်တာဝန် ထမ်းဆောင်နေတဲ့ ဂျာနယ်ရဲ့ နာမည်ကိုက တတိယမျက်လုံးလေဗျာ၊ သူများ မတွေ့ မမြင်နိုင်တာ တွေကို တွေ့နိုင်, မြင်နိုင်တဲ့ အစွမ်းရှိလို့လည်း ဒီနာမည် ပေးထားတာ ပေါ့ဗျ၊ အဟင်းဟင်း"

မင်းမျိုး စကားကို အရသာခံ ပြောနိုင်သော်လည်း မျိုးသန့် ကြက်ဥကာကျက်ကို အရသာမခံနိုင်ဘဲ ကုန်အောင် စားပြီးသည်နှင့်...

"ငါ... ငါ အရေးကြီးကိစ္စ ပေါ်လာလို့၊ အဲလေ... အရေးကြီး တယ်လို့လည်း မဟုတ်ပါဘူး၊ အရေးမကြီးတကြီး ကိစ္စလေးတစ်ခုရှိလို့ သွားလိုက်ဦးမယ်နော်"

ဟု အလျင်စလို အကြောင်းပြ နှုတ်ဆက်စကားဆိုပြီး နေရာမှ ဒုန်းဆိုင်းလစ်လေသည်။

မင်းမျိုး ပြောချင်တာတွေ ကုန်စင်အောင် မပြောလိုက်ရသဖြင့် မချင့်မရဲ ဖြစ်မိသော်လည်း အတော်အတန် ပြောဆိုလိုက်ရသည့် အတွက်တော့ ဖြေသာသလိုလို ရှိရသည်။ ထို့ကြောင့် သူ လျင်မြန် ပါးနပ်စွာ အစွမ်းကုန် ကြိုးစားပြီး သက်စွန့်ဆံဖျား လိုက်ထားရသော မီးလောင်မှု သတင်းနှင့် ဆယ်ဒီတာချုပ်၏ သူ့အား ရည်ညွှန်း ရေးသားထားသော ချီးကျူးစကားပါသည့် အယ်ဒီတာ့အာဘော်တို့ကို မရေတွက် နိုင်အောင် အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အလှန်လှန် ဖတ်မိနေလေတော့သည်။



www.burmeseclassic.com

( ၂ )

"ဟိတ်ကောင် မင်းမျိုး... ထစမ်း... ထစမ်း"

"သား...မင်းမျိုး။ အိပ်ရာက မြန်မြန်ထပါဦး။ ဒီမှာအရေးကြီးလို့"

"မင်းမျိုး... မင်းမျိုး"

"ဒုန်း... ဒုန်း... ဒုန်း"

မင်းမျိုး အိပ်ကောင်းကောင်းနှင့် အိပ်နေရာမှ ဆူဆူညံညံ အသံဗလံများနှင့် အိပ်ခန်းတံခါး ထုသံတို့ကြောင့် လန့်နိုးလာရသည်။ ပိတ်ထားသော အိပ်ခန်းတံခါးဆီ အိပ်မှုန်စုံဖွား မျက်လုံးအစုံဖြင့် လှမ်းကြည့်ပြီးနောက် စားပွဲတင်နာရီကို ယူကြည့်၏။

"ဟင်... ငါးနာရီတောင် မထိုးသေးဘူး"

မင်းမျိုး တအံ့တသြ ရေရွတ်ပြီးနောက် ပို၍ သေချာစေရန် မျက်လုံးကို လက်ဖြင့်ပွတ်သပ်ကာ နာရီကို ပြန်ကြည့်သည်။

"ဟင်း... ဟုတ်ပါတယ်၊ ငါးနာရီတောင် မထိုးသေးဘူး ဘာဖြစ်လို့ အစောကြီး နိုးနေကြရတာလည်း မသိဘူး"

မင်းမျိုး အိပ်ရေးမဝ,သောလေသံဖြင့် ရေရွတ်ပြီးနောက် နာရီကို အိပ်ရာဘေးချကာ မျက်လုံးပြန်မှိတ်ကာ ဆက်အိပ်ရန်ပြင်လေသည်။





သို့သော် အခန်းရှေ့မှ ဆူဆူညံညံအသံများက မင်းမျိုး အိပ်ခွင့် မသာစေရန် နှောင့်ယှက်မြဲ နှောင့်ယှက်နေကြပြန်သည်။

"ဟိတ်... မင်းမျိုး၊ ထဆို ထလေကွာ၊ ဒီလောက် နှိုးနေတာ တောင် မနိုးသေးဘူးလား"

"သား... သား...ကိုမင်း။ အိပ်ရာက ခဏ,ထစမ်းပါဦးကွယ်"

"ဟိတ်... မင်းမျိုး... မင်းမျိုး"

"ဒုန်း... ဒုန်း... ဒုန်း"

မင်းမျိုး ဒေါသ ထွက်ချင်သွားရသည်။ ထို့ကြောင့် အိပ်နေရာမှ ဆတ်ခနဲ ထ,ထိုင်ပြီး...

"ထ,ပြီ... ထ,ပြီ"

ဟု စိတ်တိုသံဖြင့် အသံပြန်ပြုလိုက်ရသည်။ စားပွဲတင်နာရီကို တစ်ချက်ယူကြည့်ပြီး "ကျွတ်" ဟု မကြည်မလင် စုတ်သတ်ကာ တံခါးသွားဖွင့်ရသည်။ တံခါးပွင့်သွားသည်နှင့်...

"အမေတို့ကလည်းဗျာ... မနက် စောစောစီးစီး မိုးလင်းမယ် တောင် မကြီးသေးဘူး"

ဟု အပြစ်တင်စကားဆိုရင်း အခြေအနေကို တစ်ချက်အကဲခတ် လိုက်သည်၊ ဖခင် ဦးကျော်အေးနှင့် မိခင် ဒေါ်ညွန့်တို့အပြင် တစ်ရပ်ကွက် တည်းနေ အဒေါ်ဖြစ်သူ ဒေါ်စန်း၏ ဒေါသလွှန်ကဲနေသော မျက်နှာကို လည်း တွေ့ရသည်။

ထို့အပြင် ကိုလှအေး၊ ဌေးသိန်းတို့ကိုသာမက ဒေါ်စန်း၏သမီး ခက်ခက်ချိုနှင့် စန္ဒာတို့ကိုပါ တွေ့ရသဖြင့် အထူးအဆန်းဖြစ်ကာ မျက်မှောင် ကြုတ်မိသည်။

"ဟိတ်ကောင်... ခုမှ ဘာကြောင်တောင်တောင် လုပ်နေတာလဲ အိမ်ရှေ့ကို မြန်မြန်ထွက်ခဲ့စမ်း၊ လာ..."

မင်းမျိုး အံ့ဩ ဆန်းစစ်ချိန် မရခင်မှာပင် ဖခင် ဦးကျော်အေး၏ ကြိမ်းဝါး ခြိမ်းခြောက်သံနှင့်အတူ အဒေါ်ဖြစ်သူ ဒေါ်စန်းကလည်း...

www.burmeseclassic.com



"ဟင်… ကိုမင်း… ရက်စက်လှချည်လားကွယ်၊ အဒေါ်မှာ ကိုယ့်သွေးရင်း သားရင်းဆိုပြီး ယုံကြည်အားကိုးလိုက်ရတာ၊ မင်းက တော့… မင်းကတော့… အဟင့်… ရှုတ်… လှပ်ရက်လိုက်တာကွယ်၊ လှပ်ရက်လိုက်တာ…ဟီး"

ဟူ၍ ပြောပြောဆိုဆို ပြုလေရာ မင်းမျိုး အိပ်ချင်စိတ်တွေ ပျောက်လျက် ကြောင်တောင်တောင် ဖြစ်သွားရသည်။

"ဟင်…ဘာ… ဘာတွေဖြစ်လို့ ဘာတွေ ပြောနေကြတာလဲ၊ ကျွန်တော်လည်း တစ်ခုမှ မသိရပါလား"

မင်းမျိုး နားမလည်နိုင်စွာ ပြောဆိုရင်း မိခင်ဖြစ်သူကို အားကိုး တကြီး ကြည့်မိသည်။

မိခင် ဒေါ်ညွန့်လည်း မင်းမျိုးကို အကဲခတ်သလို ကြည့်ရင်း…

"သား ကိုမင်း… အမေ မေးတာကို မှန်မှန်ဖြေနော်"

"ဟင်… အမေက ဘာမေးမှာမို့လဲ"

"ဘာမေးမေးပေါ့ကွယ်၊ သား မှန်မှန်ဖြေမယ်လို့ ကတိပေးတယ် မဟုတ်လား"

"ဟုတ်… ဟုတ်ကဲ့၊ ကတိပေးပါတယ်"

"ဟုတ်ပြီ… ဒါဆိုရင် အမေ မေးမယ်၊ သားအစ်မ ကေသီ လင်နောက်လိုက်မယ့် ကိစ္စကို သား သိရဲ့သားနဲ့ မတားတဲ့အပြင် ဘာကြောင့် အကူအညီ ပေးလိုက်ရတာလဲ"

"ဗျာ… မ…မကေသီ… လင်နောက်လိုက်ပြီ၊ ဟုတ်လား"

ထင်မှတ်မထားသော စကားကြောင့် မင်းမျိုး အံ့သြသွားရသည်။ မကေသီ ဆိုသည်မှာ မင်းမျိုး၏ အစ်မတစ်ဝမ်းကွဲ ဒေါ်စန်း၏သမီး ဖြစ်သည်။

မကေသီ လင်နောက် လိုက်သည့်ကိစ္စကို လုံးဝ မသိလိုက် သည့်အပြင် မင်းမျိုး အံ့သြတကြီး ရေရွတ်မိသည်ကို အားလုံးက မင်းမျိုး ရုပ်ရှင်ရိုက် ပြသည်ထင်ပြီး မဲ့ရွဲ့ကုန်ကြသည်။





"ဟိတ်ကောင်… မင်းမျိုး… ဘာ့အခုမှ မသိချင်ယောင် ဆောင်ပြီး အံ့သြပြနေရတာလဲ၊ ပြောစမ်း… အခု ငါ့တူမ ဘယ်မှာ ရှိမလဲဆိုတာ မင်း သိကို သိရမယ်"

ဆိုသော ဖခင် ဦးကျော်အေး၏ ကြိမ်းငါး ခြောက်သံနှင့် တစ်ဆက်တည်းမှာပင် ဒေါ်စန်းကလည်း…

"သား…ကိုမင်း၊ အဒေါ့်ကိုသနားရင် သမီးလေးရှိတဲ့နေရာကို ပြောပြစမ်းပါကွယ်၊ အဟင့်… အဲဒီလိုမှမဟုတ်ရင် မင့်အဒေါ်သေတာ ကို မင်း မြင်ရလိမ့်မယ်ကွယ့်၊ အဟင့်… ရှုတ်"

ဆိုပြီး ငိုချင်း ချပါလေသည်။ မင်းမျိုး လက်နှစ်ဖက် သွက်သွက် ခါပြရင်း…

"ဟင့်အင်း… ဟင့်အင်း… ဒီကိစ္စကို ကျွန်တော် တကယ် မသိရိုးအမှန်ပါ၊ ဘုရားပေး ပေး, ကျမ်းပေးပေး ကျိန်ပြောရဲပါတယ်"

ဟု ငြင်းချက်ထုတ် ဖြေရှင်းပါသော်လည်း မည်သူမျှ ယုံကြည် လက်ခံလိုဟန် အလျဉ်းမရှိသည်ကို တွေ့ရသည်။ ဘူးကွယ်ရကောင်းလား ဆိုပြီး မင်းမျိုးကို ဖခင်လည်း ပိုဒေါသဖြစ်လာဟန်တူသည်။ ထို့ကြောင့် ကျယ်လောင် မာကျောသော အသံဖြင့်…

"ဟိတ်ကောင်… မင်း အမှန်အတိုင်း မပြောရင် ငါ့အဆိုး မဆိုနဲ့နော်၊ ဒီကိစ္စမှာ မင်း ပါဝင်ပတ်သက်နေတယ်ဆိုတာ သက်သေတွေ ရှိတယ်"

ဟု အနိုင်အမာဆိုလာသဖြင့် မင်းမျိုး ငိုချင်းရှည်သာ ချလိုက်ချင် တော့သည်။ မသိတဲ့ကိစ္စကိုမှ ပူးပေါင်း ပါဝင် ပတ်သက်နေတယ် ဆိုပြီး ဖွစ်ကြီး ဝိုင်းလုပ်နေကြသည်။ အံ့မယ်… အံ့မယ်… ဒါကို အသေအချာမြင်တွေ့ရတဲ့ သက်သေတောင် ရှိသေးသတဲ့လေ။ မတရား စွပ်စွဲနေကြသဖြင့် မင်းမျိုးလည်း တင်းလာရသည်။ ထို့ကြောင့်…

"ဟာ… မသိရပါဘူး ဆိုမှပဲ၊ ဘယ်က မဟုတ်ကဟုတ်က လုပ်ကြံ ထွက်ဆိုတဲ့ သက်သေတွေက ပါလာရပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင်... မျက်စိစုံမှိတ်ပြီး ဘုးကွယ်မနေနဲ့၊ မင်း မနှေးညက ဘယ်သူနဲ့ ဘာတွေ ပြောဆို လုပ်ကိုင်နေတယ် ဆိုတာကို လှအေးရော၊ ဒွေးသိန်းရော မျက်စိနဲ့ သေချာ တပ်အပ် မြင်ထားတဲ့ အကြောင်းပါ ဒို့ကို ပြောပြီးသွားပြီကွ"

"ဗျာ"

မင်းမျိုး မျက်လုံးအစုံ ပြူးကျယ်သွားလျက် ကိုလှအေးနှင့် ဒွေးသိန်းကို လှည့်ကြည့်မိသည်။ ဒွေးသိန်းက မတတ်သာသော လေသံဖြင့်...

"စိတ်မဆိုးပါနဲ့ကွာ... လူကြီးတွေက သိချင်လို့ အတင်းဝိုင်းမေး ကြတာကို ငါလည်း မလိမ်ချင်ပါဘူး။ ဒါကြောင့် မင်းနဲ့ ကိုမျိုးသန့်နဲ့ ကို မနေ့ညက လက်ဖက်ဆိုင် အတူထိုင်နေတာ တွေ့မိတဲ့အကြောင်း ငါလည်း ပြောပြလိုက်ရတာပါ"

"ဟင်... ကိုမျိုးသန့်နဲ့၊ ငါနဲ့ မနေ့ညက လက်ဖက်ရည်ဆိုင် အတူထိုင်တာကို မင်းတွေ့တယ် ဟုတ်လား၊ အဲဒါနဲ့ ဘာဆိုင်လို့"

"ကဲပါ... မင်းမျိုးရာ အချိန်ကုန်ခံပြီး ဝေ့လည် ကြောင်ပတ် လုပ်မနေပါနဲ့တော့၊ ယောက်ျားပဲ... ဟုတ်... ဟုတ်တယ်ပေါ့ကွာ၊ ဘာဖြစ်သလဲ"

စကားမဆုံးခင် ဝင်ရောက်ပြောဆိုသော ကိုလှအေးကို မင်းမျိုး ဘုကြည့် ကြည့်လိုက်ပြီး...

"နေစမ်းပါဦး... နေရင်းထိုင်ရင်း ခင်ဗျားကပါ ဘာမဟုတ်တာ တွေ ဝင်ပြောနေရတာလဲ"

"ဟိတ်ကောင် မင်းမျိုး... ငါ မဟုတ်တာမပြောဘူး၊ ဟုတ်တာပဲ ပြောတာ၊ မနေ့ညက မင်းနဲ့မျိုးသန့် ငါ့ဆိုင်မှာ စကားတွေအကြာကြီး ပြောတဲ့အပြင် မျိုးသန့်ကို ကြက်ဥကာကျက် နှစ်လုံးတောင် တိုက်လိုက် သေးတယ်လေကွာ"

"ဟုတ်တယ်လေ... အဲဒါ ဘာဖြစ်...ဖြစ်..."





"ဘာ...ဘာရယ်၊ ဒီကောင်က ကြက်ဥတောင် တိုက်လိုက် သေးတယ်၊ ဟုတ်လား... ဟင်းကွာ...ဟင်း"

စကားမဆုံးခင် ဒေါ်သတကြီး ဖြတ်ပြောလာသော ဖခင်ကို မင်းမျိုး နားမလည်နိုင်စွာ ကြည့်ရင်း...

"အင်းလေ... သူက လက်ဖက်ရည်, ကော်ဖီနဲ့ မတည့်ဘူးဆိုလို့ ကြက်ဥကာကျက်လေး မှာကျွေးလိုက်တာလေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ မင်း ကြက်ဥတိုက်လိုက်တဲ့ မင်းယောက်ဖ မျိုးသန့်က မင်းအစ်မကို ခိုးပြေးသွားလို့ ပြောနေတာကွ"

"ဗျာ...ဘယ်...ဘယ်လို၊ ကိုမျိုးသန့်က မကေသီကို ခိုးပြေး သွားလို့ ဟုတ်လား... ဟား... သေပါတော့ကွာ"

ယခုမှ အဖြစ်မှန်ကို သိလိုက်ရသည့်အတွက် မင်းမျိုးလည်း အံ့သြ တုန်လှုပ်သွားရကာ ကြမ်းပြင်ပေါ် ဖင်ထိုင်ချမိတော့သည်။ ထိုအခါကျမှ မင်းမျိုးကို ဘာစကားတစ်ခွန်းမှ မပြောသေးဘဲ မှုန်ကုတ် ကုတ် ကြည့်ရှုနေသည့် ခက်ခက်ချို က...

"ကိုမင်း... အခုမှ ဘာမှ ဟန်ဆောင်ကောင်းမနေနဲ့၊ ညီအစ်ကို မောင်နှမတွေကြားထဲမှာ ယောက်ျားလေး တစ်ယောက် ရှိပါတယ်၊ အားကိုးရမလား မှတ်တယ်၊ အလကားပဲ... နှမတွေ ရောင်းစား နေတယ်"

ဟူ၍ ရန်တွေ့စကား ဆိုလာသဖြင့် မင်းမျိုး ဒေါသချောင်းချောင်း ထွက်သွားရသည်။ ထို့အတူ နှုတ်ခမ်းတထောင်ထောင်ဖြင့် စန္ဒာ့ထံမှ ရန်တွေ့သံ ထွက်မလာမီ ပိတ်ပြီး ပေါက်ကွဲပစ်လိုက်သည်။

"တော်... တိတ်စမ်း၊ ငါ့ကို လာမစော်ကားနဲ့၊ နင့်အစ်မ လင်နောက်လိုက်သွားတဲ့ကိစ္စ ငါမသိဘူးဆို မသိဘူးဘဲ၊ တောက်... ဘယ်လို ကုသိုလ်လဲလဲကွာ၊ နေရင်း ထိုင်ရင်း အမှုလာပတ်ရတယ်၊ ဟင်း...မျိုးသန့်...မျိုးသန့်၊ တွေ့ကြသေးတာပေါ့ကွာ၊ မင်း ငါ့အစ်မ ကို ခိုးပြေးမယ်မှန်းသိရင် ကြက်ဥ ဘယ်တိုက်ပါ့မလဲကွာ၊ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖ ကြက်ဥတိုက်တယ်ဆိုပြီး ငါ့ရာဇဝင်မှာ လူတွေ လှောင်ရယ်တာ ခံရတော့မယ်၊ ခွေးမသား... လူတောထဲ ငါ့မျက်နှာ မပြရဲရအောင် ငါ့အရှက်ကိုခွဲတဲ့ကောင်၊ တွေ့ကြသေးတာပေါ့ကွာ... ဒီနေ့မှ မင်းကို ငါ အသေမသတ်ရ မကျေနပ်နိုင်ဘူးဟေ့"

မင်းမျိုး ညီမဝမ်းကွဲ ခက်ခက်ချိုကို ပြန်ဆောလိုက်ရင်းမှ မိမိကို အနီးကပ် ဒုက္ခပေး အရှက်ခွဲသွားသော မျိုးသန့်ကို မြားဦးလှည့် ကြိမ်းဝါးရင်း မီးဖိုချောင်ထဲသို့ ပြေးဝင်လေသည်။ ထို့နောက် အလွယ်တကူ တွေ့ရသော အသားခုတ်ဓားမကို ယူငင် ကိုင်ဆောင်ကာ အိမ်ပြင်သို့ တစ်ဟုန်ထိုး ပြေးထွက်သွားလေသဖြင့် မည်သူမျှ တားဆီးချိန် မရလိုက်ကြ။

"ဟဲ့...သား... သား... အရမ်းမလုပ်နဲ့နော်"

"ကိုမင်း... ကိုမင်း... အဲဒီလို သင်ရာမှဆိုင်းနဲ့လေ"

"ဟယ်တော့... ဒုက္ခပါပဲ... ကိုမင်း... ကိုမင်း"

ထိတ်လန့်တကြား ရေရွတ်သံများကို မင်းမျိုး မကြားနိုင်ကော့ပါ။ အစ်မဖြစ်သူကို ခိုးပြေးမည့်သူကိုမှ ကြက်ဥကိုက်ကာ အားပေး အားမြှောက် ပြုမိလေသည့်အတွက် အရှက်သည်းနေရပြီ မဟုတ်လား။ ပြီးတော့ ကြက်ဥက တစ်လုံးတည်းမဟုတ်၊ နှစ်လုံးတောင်။

သည်ကိစ္စ လူတွေသိလေ မိမိဘဝ ရေတိမ်နစ်သထက်နစ်လေ ဖြစ်ရပေတော့မည်။

အရှက်တကွဲ အကျိုးနည်းပြီး အဟားခံ လူ့ဘဝထဲမှာ ဘယ်လို မျက်နှာနှင့် ရှင်သန် နေထိုင်သွားရပါမည်လဲ။

အသားခုတ် ဓားမကြီး တဝင့်ဝင့်ဖြင့် ကြိမ်းဝါးပြေးလွှားနေသော မင်းမျိုးကို ကြည့်ပြီး ရပ်ကွက်သူ ရပ်ကွက်သား တို့မှာ စိုးရွံ့ထိတ်လန့်ရ မည်လား၊ ရယ်ပဲ ရယ်မောကြရမည်လား ဆိုသော မဝေခွဲတတ်သော မျက်နှာကိုယ်စီဖြင့် မင်းမျိုးကို ကြည့်လိုက်၊ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက် ဖြစ်မိကြတော့သည်။





မည်သို့ပင်ဖြစ်စေ မင်းမျိုး၏ ကြိမ်းဝါးသံကား ရဲရဲ တောက်လှ ချေ၏တည်း။

"ဟိတ်... မျိုးသန့်၊ သေချင်းစိမ်း... ငါတိုက်တဲ့ ကြက်ဥ သောက်ပြီး ငါ့နှမကိုမှ ခိုးပြေးတဲ့ကောင်၊ ငါ့ကို ကမ်းကုန်အောင် အရှက်ခွဲသွားတဲ့ကောင်၊ သတင်းမီဒီယာ ခေတ်ကြီးထဲမှာ မင်းကို အရှင်မထားဘူးကွ၊ နုပ်နုပ်စဉ်း ပါးပါးလှီး၊ အပိုင်းပိုင်း ခုတ်ထစ်ပစ်မယ်၊ တွေ့ရာသချိုင်း ဓားမဆိုင်းပဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com



( ၃ )

မင်းမျိုး အလုပ်ဆင်းလို့ အိမ်အပြန် ရပ်ကွက်ထဲသို့ ခြေလှမ်း စကျွံမိသည်နှင့် ချက်ချင်းဆိုသလို ခြေလှမ်းကို ပြန်နုတ်ချင်စိတ် ပေါက်သွားရသည်။ အဘယ့်ကြောင့်ဆိုသော် မြင်သမျှ တွေ့သမျှ လူတိုင်းက မင်းမျိုးကို ပြုံးစိစိဖြင့် ကွက်ကြည့် ကွက်ကြည့် လုပ်နေကြ၍ ဖြစ်သည်။

မင်းမျိုး ကြိတ်ပြီး "တောက်" ခေါက်မိရင်း...

"မျိုးသန့်...မျိုးသန့်... တော်တော်ဒုက္ခပေးတဲ့ သေချင်းစိမ်း၊ ငါ့အစ်မကို နိုးပြေးမယ့် အစီအစဉ် ရှိရင်လည်း ငါ ကြက်ဥကာကျက် မှာပေးတာကို မစားဘူးဆိုပြီး အတင်းငြင်းပါလား၊ ခုတော့ကွာ... ဟင်း... ပိုပြီး ခံစားရတာက အင်မတန် သွက်လက် ထက်မြက်တဲ့ သတင်းသမား တစ်ယောက်လုံးဖြစ်ပြီး ကိုယ့်အစ်မ လင်နောက်လိုက်မယ့် ကိစ္စကို လုံးဝမသိရတဲ့အပြင် ကိုယ့်အစ်မကို နိုးပြေးမယ့် လူကိုမှ နိုးပြေးမယ့်ညမှာ စေတနာ ဗလပွနဲ့ ကြက်ဥ တိုက်မိ ရသေးတယ်လို့ကွာ၊ ငါ့ အဖြစ်ကလည်း ကျော်မကောင်း ကြားမကောင်းနဲ့၊ သေသာ သေလိုက်ချင်တော့တယ်၊ အဟင်း...ဟင်း"





ဟူ၍ တစ်ဦးတည်း မခံချိမခံသာ ရေရွတ်ကာ မည်သူနှင့်မျှ မျက်နှာချင်း မဆိုင်မိစေရန် ခေါင်းငိုက်စိုက် ချလျက် လမ်းသွက်သွက် လျှောက်ရလေသည်။

ဒါတောင်မှပဲ...

"ဘယ်လိုလဲ သတင်းထောက်ကြီး... ပြန်လာပြီလား၊ စောလှ ချည်လား"

ဆိုသည့် နှုတ်ဆက်သံက တစ်ဖုံ။

"ဒီနေ့ ဘာသတင်း ထူးသေးလဲ"

ဆိုသည့် မေးမြန်းသံက တစ်သွယ်။

"ဒီလောက် အစောကြီး ပြန်လာပုံထောက်ရင် ရပ်ကွက်ထဲမှာ သတင်းထူးတစ်ပုဒ် ရှိနေပြီဆိုတာ ကြိုသိလို့ပဲ ဖြစ်ရမယ်"

ဆိုသော မှတ်ချက်များက တစ်နည်း။

"ဩော်... ဒါကတော့ကွာ ရပ်ကွက်ထဲမှာ အပ်ကျတာကအစ သိတဲ့ ရှယ်ထူးရှယ် သတင်းသမားပဲဟာ၊ ပေါ့သေးသေးမှ မဟုတ်တာ၊ ပေါ့ကြီးကြီး"

ဆိုသော နောက်ပြောင် သရော်သံများက တစ်မျိုး။ မရှုံးနိုင်အောင် ထိကပါ၊ ရိကပါး ဆိုကာ အနာဆွကြသည်ကို မသိကျိုးကျွံပြုရင်း အိမ်သို့သာ အရောက်ပြန်ရလေသည်။

အိမ်မှာ ဘယ်သူ့ကိုမှ မတွေ့ရဘဲ တိတ်ဆိတ် ငြိမ်သက်နေသဖြင့် နည်းနည်း ထူးဆန်းသလိုဖြစ်ကာ အသံပြုရင်း အိမ်ထဲ လျှောက်ကြည့် မိသည်။

"အမေရေ... အမေ"

တုံ့ပြန်ထူးသံ မကြားရသဖြင့် အိမ်ရှေ့ ထွက်လာရာ အိမ်ထဲသို့ ဝင်လာသော တင်ကိုကိုနှင့် အောင်စိုးမိုးတို့ကို တွေ့ရသည်။ နှစ်ယောက် စလုံး၏ မျက်နှာတွေက ပြုံးဖြီးဖြီးတွေ ဖြစ်နေကြသည်မို့ မင်းမျိုး မလုံမလဲဖြစ်ရကာ မသိချင်ယောင်ဆောင်ပြီး အိမ်ထဲပဲ ပြန်ဝင်ရမလို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပြောင် တိုက်ပြီးပဲ နှုတ်ဆက်စကား ဆိုရမလိုဖြင့် ကိုးလိုးကန့်လန့် နိုင်သည်မှာတော့ အမှန်ပဲဖြစ်သည်။

တင်ကိုကိုနှင့် အောင်စိုးမိုးတို့ကတော့ မင်းမျိုး၏ ခံစားချက်ကို ဂရုတစိုက်ရှိဟန် မပြဘဲ ခုံလွတ်အသီးသီးတွင် ဝင်ထိုင်ကြ၏။ မင်းမျိုးလည်း ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်ရင်း ကြိုးစား ပြုံးပြကာ...

"မင်းတို့ ဘယ်က လှည့်လာကြတာလဲကွ"

ဟု ဟန်လုပ်ကာ ပဋိသန္ဓာရစကား ဆိုရသည်။

"ဘယ်ကမှ လှည့်လာတာ မဟုတ်ဘူး။ မင်းဆီပဲ သက်သက် လာတာ"

ဟု တင်ကိုကိုက ဆိုလာသည်နှင့် မင်းမျိုးလည်း...

"ဘာလဲ...လက်ဖက်ရည်ဆိုင်ထိုင်ဖို့လား။ ဒါဆိုရင်တော့ ဆောရီးကွာ၊ ငါ အခုလေးပဲ အိမ်ပြန်ရောက်လို့ ခဏ အနားယူလိုက်ဦးမယ်"

ဟု ပညာသားပါပါ ငြင်းနှင်စကား ဆိုလိုက်သည်။ သို့သော် ဝင်ရောက် ပြောဆိုလိုက်သော အောင်စိုးမိုး စကားကြောင့် မင်းမျိုး အသက်ရှူ ကျပ်သွားရသည်။

"ဟာ...မင်းကလည်း ဟိုမှာ ကိုယ့်အစ်မ တစ်ယောက်လုံး ပြန့်အ,အပ်ခံတဲ့ပွဲ လုပ်နေတာကို မင်းက ဘာကြောင့် အဲဒီမသွားဘဲ ဒီမှာ အေးအေးဆေးဆေး အနားယူချင်နေရ တာလဲကွဟ"

"ဘာ... ဘာရယ်"

"ဟင်... ကြည့်ရတာ ဒီကိစ္စလည်း မင်း မသိသေးဘူးဆိုတာ သေချာသွားပြန်ပြီ၊ အခု မင်းအဒေါ်အိမ်မှာ မင်း အစ်မကို ပြန်လာအပ်လို့ မင်းအဖေ, အမေရော, ရပ်ကွက်လူကြီးတွေရော၊ ဟိုဘက်က လူကြီး မိဘတွေရော စုံစုံညီညီ ရောက်နေကြတယ်"

"ဟင်"

"မဟင်နဲ့လေ... အဲဒီကို မင်းသွားမယ်ဆိုရင် ငါတို့ပါ လိုက်မယ် လို့ လာပြောတာ၊ ထမင်းကျွေးတယ်လို့ ကြားလို့ကွ... အဟီး"





"တောက်... ငါ့ကို အရှက်ခွဲတဲ့ကောင်၊ တွေ့ကြသေးတာ ပေါ့ကွာ"

မင်းမျိုး "တက်"ခေါက် ကြိမ်းဝါးပြီး နေရာမှ ထရပ်လေသဖြင့် တင်ကိုကိုနှင့် အောင်စိုးမိုးလည်း ထိတ်လန့်သွား ဟန်တူသည်။

"ဟာ... ဟိတ်ကောင်... ဘာ... ဘာဖြစ်တာလဲ"

ဟူ၍ စိုးရိမ်တကြီး မေးလာသည့် တင်ကိုကိုအား လှည့် မကြည့်ဘဲ...

"သွားသတ်မလို့... မျိုးသန့်ဆိုတဲ့ကောင်ကို သွားသတ်မလို့"

ဟု တုံ့ပြန်ပြောဆိုပြီး နေရာမှ မပြေးရုံတစ်မယ် ထွက်ခွာလေ သည်။ နောက်မှ စိုးရိမ်ပူပန်စွာ လိုက်ပါလာသော အောင်စိုးမိုးက...

"စိတ်လျှော့လိုက်ပါ မင်းမျိုးရာ... ပြီးတာတွေလည်း ပြီးသွားပါ ပြီပဲကွာ၊ မဖြစ်သင့်တာတွေ ဘာလို့အဖြစ်ခံမှာလဲကွာ"

ဟု နှစ်သိမ့် ဖျောင်းဖျပါသော်လည်း မင်းမျိုး နားမဝင်တော့ပါ။ တင်းမာ ခက်ထန်သော မျက်နှာထားဖြင့် ခြေလှမ်းကို သွက်သွက် လှမ်းမြဲ လှမ်းနေသည်။ ထို့ကြောင့် အောင်စိုးမိုးလည်း တင်ကိုကို[illegible] လက်ကုတ်ပြီး...

"ဟိတ်ကောင်... တင်ကိုကို ဝင်ပြောဦးလေကွာ၊ တော်[illegible] စိတ်လိုက် မာန်ပါလုပ်လို့ ကျော်မကောင်း ကြားမကောင်း ဖြစ်[illegible] မကောင်းဘူး"

ဟု အကူအညီ တောင်းသည်ကို တင်ကိုကိုက...

"အခုမှတော့ ဘာမှ မတတ်နိုင်တော့ဘူး၊ လွှတ်ပေးထား[illegible] တော့၊ ဒီကောင် မင်းမျိုးက သတင်းသမားဆိုတာ မင်းလည်းသိ[illegible] ဥစ္စာ၊ တခြားလူတွေက သူ့အတွက် သတင်းဖြစ်ရင်ဖြစ်[illegible] တခြားလူတွေအတွက် သူ ကိုယ်တိုင် သတင်းအဖြစ် ခံတ[illegible]"

ဟု အားပေးသမှုပြုလေသည်။ တင်ကိုကို စကား[illegible] ဘဝင်မကျဖြစ်ကာ အပြစ်ပြောရန် ကြံလိုက်သေးသည်[illegible]



www.burmeseclassic.com

www.burmeseclassic.com



လူက ဒေါ်စန်း၏ အိမ်ရှေ့ ရောက်နေပြီကို သတိထားလိုက်မိသဖြင့် ကိုယ်ရှိန်သတ်ကာ အခြေအနေကို အကဲခတ်ရသည်။ တင်ကိုကိုသည်လည်း ချက်ချင်းဆိုသလို ခြေလှမ်းကို တုန့်ခနဲရပ်လိုက်လေသည်။

မင်းမျိုး တစ်ယောက်သာလျှင် ဒေါ်သ၏ သယ်ဆောင်ရာလမ်းအတိုင်း လျှောက်လှမ်းလျက် လူတွေ စုရုံးစည်ကားနေသော အဒေါ်ဖြစ်သူ၏ နေအိမ်ပေါ်သို့ တရမန်းကြမ်းတက်ကာ မျိုးသန့်ကလို ရှာဖွေလေသည်။

သိပ်မရှာလိုက်ရပါ။ မကေသီ၏အနားက တစ်ဖဝါးမှ မခွာဘဲ သွားအဖြီးသားနှင့် ပြုံးပျော်နေသော သတို့သား လှောင်းလျှာလေးကို အခန့်သား တွေ့လိုက်ရ၏။ မင်းမျိုး သွေးတွေ ဆူဝေလာလျက် အသံကုန် အော်ဟစ်လိုက်သည်။

"ကို...မျိုး...သန့်"

မင်းမျိုး၏ အသံကြောင့် အားလုံး ရယ်ရယ်မောမော ပြောဆိုစားသောက်နေကြရာမှ ချာခနဲ လှည့်ကြည့်ကြလေသည်။

ဘီလူးစီးနေသည့်အလား ထင်မှတ်ရသော မင်းမျိုးကို ကြည့်ပြီး အားလုံး စိုးရိမ်ပူပန်သွားကြ၏။ မျိုးသန့်လည်း အရိပ်အကဲ နားလည်တတ်စွာ မျက်နှာချိုသွေးလေသည်။

"ဟင်... ဩော်... ဘယ်သူများလဲလို့ မင်းမျိုး... ညီလေး... လာလေကွာ"

"အောင်မာ... ဘာအခုမှ လာဖားနေတာလဲ၊ မရဘူး၊ ကျုပ်ဒီနေ့ ဒီကိုလာတာ အလကားလာတယ်များ မှတ်နေသလား၊ ခင်ဗျားနဲ့ စာရင်းရှင်းဖို့လာတာဗျ"

"ဟိတ်ကောင်... မင်းမျိုး... ညီသည်တွေရှေ့မှာ မိဘကို အရှက်ခွဲချင်လို့ ဒီလို လာလုပ်တာလားကွမဟ"

"မဟုတ်ဘူး... ဒီကိစ္စ အဖေဟို့နဲ့ မဆိုင်ဘူး၊ သားအရှက်ကို ခွဲတဲ့ကောင်ကို သား ပြောနေတာ"





"အံမယ်... ရာရာစစ... မင်းအရှက်ကို ခွဲတယ်ပြောရအောင် မင်းမှာ ဘယ်တုန်းကများ အရှက်ရှိဖူးလို့လဲ၊ ပြောစမ်းပါဦး ခွေးကောင်ရဲ့၊ ကယ်လေ... ငါ လုပ်လိုက်ရ... သေတော့မှာပဲ"

"ဗျာ...ဒါ...ဒါကတော့..."

မျိုးသန့်ကို ချဲဖို့လာတာ ခုတော့ မျိုးသန့်နှင့်မဖြစ်ရဘဲ ဖခင်နှင့် ထိပ်တိုက်တိုးလေသဖြင့် မင်းမျိုး ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိတော့။

ထို့ပြင် မျိုးသန့် မကေသီကို နိုးပြေးတုန်းက မိမိကိုပါ အလိုတူ အလိုပါထင်ပြီး အပြစ်ဖို့ခဲ့သော အဒေါ်ဖြစ်သူ ဒေါ်စန်းကလည်း...

"ကိုမင်း... နင်း ဘယ်လို လုပ်လိုက်တာလဲဟင်၊ တစ်ဖက်က မိဘဆွေမျိုးတွေရှေ့မှာ ထိုတစ်တွေရဲ့ ဆွေဂုဏ်မျိုးဂုဏ်ကို ထုတ်ပြနေတာလားဟင်၊ အဒေါ်ကို အရှက်ရပြီး လဲသေချင်လို့လားဟင်၊ ပြောစမ်းပါဦး"

ဟု မှုပြောင်းလာသလို ကက်ကက်လန်အောင် ရန်တွေ့ခဲ့သော ခက်ခက်ချိုကလည်း...

"ဒီမှာ နှစ်ဖက်မိဘတွေ သဘောတူ ကြည်ဖြူကြလို့ ကိုကိုကြီးနဲ့ မမကြီးတို့ရဲ့ လက်ထပ်ထိမ်းမြားပွဲ ကျင်းပဖို့ ရက်ကောင် သတ်မှတ်ပြီးနေတဲ့ဟာကို ကိုမင်းက ဘာဝင်ရှုပ်ချင်ရတာလဲ"

ဟု၍ ဘက်ပြောင်းပြီး မျိုးသန့်ဘက်က နာပြလေသည်။ တစ်ယောက်တစ်ခွန်း မင်းမျိုးကို အပြစ်တင်နေကြရာမှ အမြဲချိုချိုသာသာ ပြောတတ်သော မိခင်ဖြစ်သူ ကိုယ်တိုင်ကပင် မင်းမျိုးကို ဒေါသဖြင့် ကြည့်ကာ....

"သား... မင်းအိမ်ပြန်ပြီး အေးအေးဆေးဆေး သွားနေစမ်း၊ ဒီလို ကလေကချေ ဆန်တာမျိုး အမေ မကြိုက်ဘူးနော်"

ဟု လေသံမာမာ ဆိုလာချေ၏။ ခုတစ်မျိုး တော်ကြာတစ်မျိုး တတ်ပဲ တတ်နိုင်လွန်းသည့် လူတွေကိုကြည့်ပြီး မခံချင်စိတ်ဖြင့် မင်းမျိုး သွေးတွေ ဆူဝေလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမင်း... မင်း ဘယ်လို လုပ်လိုက်တာလဲ၊ မင်း ဒီလို သောင်းကျန်းနေပုံနဲ့ ကိုယ့်အစ်မကို တစ်ဖက်သား အထင်သေး အမြင်သေး ဖြစ်သွားမှာ မင်း စိတ်မပူဘူးလား။ မင်း ခုလို ဒေါသ ဖြစ်နေရလောက်အောင် ကိုမျိုးသန့်က မင်းကို ဘာမဟုတ်တာတွေလုပ်ပြီး အရှက်ခွဲ စော်ကားဘူးလို့လဲ၊ ပြောစမ်းပါဦးဟင်...ဟင်"

ငိုသံနှောပြီး ပြောလာသော မကေသီကို မင်းမျိုး စာနာ သနားရကောင်းမှန်း မသိဘဲ ပေါက်ကွဲမှု ဖွင့်ချလေသည်။

"ဒီလို မကေသီကို နိုးပြေးတာဟာ ကျွန်တော့်ကို အရှက်ခွဲ စော်ကားတာပဲဗျ"

"မဟုတ်...မဟုတ်သေးဘူးလေ ညီလေးရဲ့၊ ကိုယ်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ချစ်လို့ ခုလို ကြံစည်မိတာပါကွာ"

"တော်...တိတ်... ခင်ဗျား ကျွန်တော့်အစ်ကို နိုးပြေးမယ် ဆိုလည်း နိုးပြေးမယ့်အကြောင်း ကြိုအသိပေးပါလားဗျ"

"ဟင်... ဒါ... ဒါမျိုး ကိစ္စဆိုတာ ဘယ်လိုလုပ် ကြိုအသိပေးလို့ ရပါ့မလဲလို့ နော်... နော်၊ ဟုတ်တယ်နော် ကေသီ"

မျိုးသန့် မျက်နှာငယ်လေးနှင့် ပြေလည်ရာ ပြေလည်ကြောင်း ဝင်ပြောပြီး မကေသီကိုပါ လှမ်းတိုင်တည်ရာ မကေသီ ရှက်ကိုး ရှက်ကန်းဖြင့် ခေါင်းညိတ်ပြ၏။ မင်းမျိုးကတော့ ခံစားချက်ကိုအရင်း တိုင်း ဆက်လက်ဖွင့်ချလို့ ကောင်းတုန်းပင်။

"ဒီမယ်... ကျုပ်ပြောတာက ကျုပ်အစ်မကိုနှမြောလို့ ပြောနေ တာ မဟုတ်ဘူး၊ ခင်ဗျားဘာသာ နိုးပဲပြေးပြေး၊ လုပဲပြေးပြေး အရေးမစိုက်ဘူး၊ ကျုပ် တင်းတာက ကျုပ် အစ်မကို နိုးပြေးမယ့်ညမှာမှ ခင်ဗျားက ကျုပ်ဆီက ကြက်ဥကာကျက် နှစ်လုံးတောင် စားသွားတာ ကိုပဲ"

"ဟင်...အဲဒါ... အဲဒါ... ညီလေးပဲ အတင်းကျွေးတာလေ"

"အို...ကျုပ် အတင်းကျွေးလည်း ခင်ဗျား အတင်းငြင်းရမှာပေါ့"





"ကိုယ်လည်း...ကိုယ်လည်း ငြင်းမလို့ပါပဲ၊ ဒါပေမယ့် ငါ့ညီက ကိုယ်ဘာတွေ ကြံစည် လုပ်ကိုင်နေတယ်ဆိုတာ အကုန်သိတယ်နော်လို့ ပြောလာလို့ ကိုယ်လည်း ကြောက်သွားပြီး ငါ့ညီမှာပေးထဲ့ ကြက်ဥ ကာကျက်တွေကို ကြက်ဥ ကာကျက်ရယ်မှန်းတောင် မသိဘဲ စားမိတာပါ။ နောက်ပြီး ကိုယ်နဲ့ကေသီ ချစ်ကြိုက်ပြီး ချိန်းတွေ့ကြတဲ့ကိစ္စကို ငါ့ညီကတစ်ဆင့် လူကြီးတွေ သိသွားပြီး ဖျက်မှာစိုးလို့ ကိုယ်တို့လည်း မတတ်သာဘဲ ခုလို နိုးပြေးဖို့ အရေးပေါ် စီစဉ်လိုက်ရတာပါကွာ"

"ဟင်... အဲ... အဲဒီလိုလား"

မင်းမျိုး ဘာရယ် မဟုတ်။ လူရှိန်ရင်ပြီးရော ပြောမိသည်ကို မျိုးသန့်က တကယ်မှတ်ပြီး ကြောက်အားလန့်အားဖြင့် မကေသီကို နိုးပြေးသွားခြင်း ဖြစ်ကြောင်း သိလိုက်ရသည့်အတွက် ဘာဆက်ပြောလို့ ပြောရမှန်းပင် မသိတော့။

ကိုယ့်ကြွားလုံးနှင့် ကိုယ်ပြန်ပိရသည်ကို စဉ်းစားမိရင်း ဒေါသက ပိုထွက်ချင်လာရသည်။ ကြည့်စမ်းပါဦး... သည်ပုံအတိုင်းသာဆိုလျှင် မိမိအဖြစ်က ထင်ထားသည်ထက် နှစ်ဆသုံးဆပိုပြီး လူဟားစရာ ဖြစ်နေပါရောလား"

မင်းမျိုး ဘာဆက်ပြောရမှန်းမသိ ဖြစ်နေစဉ်...

"ကဲပါ... ကိုမင်းရယ်... စိတ်ကိုလျှော့ချလိုက်ပါတော့၊ သဘော ကောင်း၊ ရုပ်ချောတဲ့သူပီပီ တွက်ကပ် မနေပါနဲ့တော့၊ နောက်ပြီး ကိုမင်းနဲ့ ကိုကိုကြီး ဆိုတာဟာလည်း ဆွေမျိုးအရင်းကြီးတွေ ဖြစ်သွား ကြပြီပဲ၊ သူစိမ်းတွေမှ မဟုတ်တာ"

ဟန်ရှိ အနားလာရပ်ပြီး တရင်းတနှီး ဖျောင်းဖျ ပြောဆိုသူလေးကို ကြည့်ပြီး မင်းမျိုး ကြောင်တောင်တောင် ဖြစ်သွားရသည်။

သည်မိန်းကလေးနှင့် တစ်ခါဖူးမျှ တွေ့ဆုံ သိကျွမ်းခြင်း မရှိဘာ သေချာသလို သည်မိန်းကလေး ရက်ရက်ရောရော လူဘာလည်း သေချာနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရပ်မြင့်မြင့် အသားဖြူဖြူ ဆံပင်ရှည်ရှည်နှင့် မချော လေး၏ နား၀င်ပီယံ ချိုမြိန် စကားသံကြောင့် စိတ်ကြမ်း လူကြမ်း ဖြစ်နေသော မင်းမျိုး တစ်ယောက် ချက်ချင်းကို နူးညံ့သိမ့်မွေ့သည့် သိုးငယ်လေး တစ်ကောင် ဖြစ်သွားသည်။

မင်းမျိုး၏ စိတ်အရောင် ပြောင်းလဲမှုကို ရိပ်မိဟန်တူသည်။ မချောက ပါးနပ်စွာပြုံးရင်း သူ့ကိုယ်သူ မိတ်ဆက်ပေး၏။

"တို့နာမည်က ရွှေစင်ပါ၊ ကိုကိုကြီး... အဲ...တို့ညီငယ် ညီမငယ်တွေက ကိုကိုကြီးလို့ ချစ်စနိုးနဲ့ ခေါ်ကြတဲ့ ကိုမျိုးသန့်ရဲ့ ညီမ တစ်ဝမ်းကွဲပေါ့၊ ပဲခူးမှာ နေတာ၊ အခု ကိုကိုကြီးရဲ့ မင်္ဂလာကိစ္စနဲ့ ရန်ကုန်ကို ရောက်နေတာ"

"ဪ"

အခုမှ တကယ် မင်းမျိုး ရှက်သွားရသည်။ ချောမော လှပ သလောက် ယဉ်ကျေး သိမ်မွေ့ပြီး လူမှုဆက်ဆံရေး ထူးချွန်သူလေးရှေ့မှာမှ ကိုယ့်ကိုယ်ကို ဗီလိန်ဖြစ်အောင် လုပ်မိရတယ်လို့ဟူ၍ နောင်တ ရမိသည်။

"ဟို မင်းခံစားချက်ကို တို့ နားလည်ပေးလို့ရပါတယ်၊ အသက် တစ်ရာမနေရ၊ အခက်တစ်ရာမွေ့ရ ဆိုသလို လူ့ဘဝမှာ ဒီလိုပဲ မကြုံချင်ဘဲ ကြုံရတဲ့ အမှုကိစ္စတွေ ရှိတတ်ပါတယ်၊ နောက်တော့လည်း ပြီးတော့လည်း ပြီးသွားရတာပဲလေ၊ မဟုတ်ဘူးလား"

"ဪ... အင်... အင်း"

မင်းမျိုး ယောင်ပေါင်ပြီး ခေါင်းညိတ်လိုက်ရသည်။ အလှတရား၏ ပြုစားမှုအောက်ကို အမှတ်မဲ့ ရောက်ရှိသွားရသည့် ကိုယ့်အဖြစ် ကိုယ် ဆင်ခြင်မိပြီး ဒေါသထွက်ချင်လာရသည်။ အလုအားကိုးနှင့် ဆရာလုပ်ချင်တိုင်း လုပ်နေတာ ခေါင်းငုံ့ခံနေလို့ ရရိုးလားရယ်၊ မင်းမျိုး အသိတရား ပြန်လည် ပူးကပ်မိခြင်းနှင့်အတူ စိတ်ကူးကောင်း တစ်ခုပါ ရရှိလိုက်သည်။





အခြားမဟုတ်၊ ရွှေစင်ဆိုသော မိန်းမချောသည် ရန်သူတော်ကြီး မျိုးသန့်၏ ညီမဝမ်းကွဲ ဖြစ်သည်။ ထို့ကြောင့် ရွှေစင့်ထံမှအချစ်ကို အချိန်တိုအတွင်း ရယူနိုင်အောင် အားစိုက်ကြိုးစားရမည်။ ထို့နောက် နိုးပြေးမည့် ညမှာတော့ အဟိ... မင်းမျိုး တစ်ယောက် ကိုယ့်အတွေးနှင့်ကိုယ် ပျော်သွားသည်။

မျိုးသန့်ကို လက်ဖက်ရည်ဆိုင် ခေါ်သွားပြီး ကြက်ဥကာကျက် လေးလုံးတိတိ တိုက်ခိုင်းရမည်။ ထို့အပြင် ကြက်ဥအစိမ်း ခြောက်လုံး လောက် အပြန်ဝယ်ထည့်ပေးပါဦး ဆိုပြီး တောင်းဆိုလိုက်ဦးမည်။ ဒါဆိုလျှင် မိမိခံခဲ့ရတာထက် ငါးဆမက လက်စားချေခွင့် ရသွားသလို မိန်းမတစ်ယောက်လည်း အဖတ်တင်ပေဦးမည်။ အဟီး... အိုရချည် သေးရဲ့။

မင်းမျိုး မျက်နှာကြီး ပြုံးဖြီးဖြီးဖြစ်လာသည်ကို မချောက အဓိပ္ပာယ် တစ်မျိုးကောက်ပြီး သူ့ဘက်သူ အပိုင်တွက်ကာ စကားကိုဆက်၏။

"ကိုမင်းကို စတွေ့ကတည်းက ကိုမင်းက နားဝေးတဲ့လူ ပြောရဆိုရ ခက်တဲ့လူ မဟုတ်ဘူး၊ ဉာဏ်ရည် ထက်မြက် အသိပညာ ကြွယ်တဲ့သူဆိုတာ တို့ ရိပ်မိပြီးသားပါ"

"ဪ... အဟီး"

"ကဲပါလေ... ရောက်လာမှတော့ မိတ်ဆွေဖြစ်တဲ့ အထိမ်း အမှတ်၊ အမျိုးတော်ကြတဲ့ အထိမ်းအမှတ်အနေနဲ့ ကွမ်းလက်ဆုံစားပြီး အပြန်အလှန် ရင်းနှီးမှုယူလိုက်ကြရအောင်... ဟုတ်ပြီလား၊ လာ... လာ... ကိုမင်း၊ ဒီမှာပဲ ဝိုင်းဖွဲ့လိုက်ကြရအောင်"

"ဪ... အင်း"

ရွှေစင် ဦးဆောင်မှုအောက်တွင် သံပတ်ပေးထားသော စက်ရုပ် တစ်ရုပ်လို ဖြစ်နေသော မင်းမျိုးကိုကြည့်ပြီး အားလုံး ပြုံးမိကြသလို သက်ပြင်းကိုယ်စီလည်း ချမိကြသည်။ မျိုးသန့်လည်း ယခုမှ စိတ် သက်သာရာ ရသော မျက်နှာနဲ့ရယ်။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်မယ့်သာ စိုးရိမ်နေကြသည်။ မင်းမျိုး သည်လောက်မိုက်တွင်း မနက်ပါ။ အထူးသဖြင့် သည်လိုအချောအလှ ညီမလေးတစ်ယောက် ရှိနေသော မျိုးသန့်ကို မင်းမျိုးက ဘယ်လိုလုပ်ပြီး စိတ်ကွက်အောင် ပြုပါ့မလဲလေ။

တချို့ကတော့ မင်းမျိုး တစ်ယောက် စိတ်ကို အာဠာဝက ဘီလူးလောက်ကြီး တင်ထားပြီးကာမှ ချက်ချင်း ဆိုသလို ပုရွက်ဆိတ် တစ်ကောင်လောက်ပင် မရှိတော့အောင် အောက်ဆုံးထစ် အထိတိုင် စိတ်ကို လျှော့ချလိုက်သဖြင့် အံ့သြနေကြဟန် တူသည်။ မည်သို့ပင်ဖြစ်စေ အားလုံး အေးရာအေးကြောင်း ဖြစ်စေသည့် ရွှေစင်ကို ကျေးဇူးတင်ကြရမည်သာ။

အခြေအနေ အရပ်ရပ် ငြိမ်သက် အေးချမ်းမှုရှိပြီဟု စိတ်ချယုံကြည်ကာမှ စောစောက ဘယ်ချောင်ကပ်နေသည် မသိသော တင်ကိုကိုနှင့် အောင်စိုးမိုးလည်း ပြန်ပေါ်လာကာ ထမင်းဝိုင်းမှာ အခန့်သား ဝင်ထိုင်ကြသည်ကို တွေ့ရသည်။

မင်းမျိုး ပေစောင်းစောင်း ကြည့်သည်ကို ငနဲ့တွေက အရေးမထားဘဲ ရွှေစင်နှင့် အမိအရ မိတ်ဆက်နေကြသည်။

"ဟိုလေ... ဒီက မရွှေစင်နဲ့ ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ပေးရဦးမယ်၊ ကျွန်တော့်နာမည်က တင်ကိုကိုတဲ့၊ အိမ်မှာ ကုန်စုံဆိုင် ဖွင့်ထားတယ်၊ လိုအပ်တာရှိရင် လာခဲ့ပါ၊ အလကားပေးပါ့မယ်...အဟီး"

"ဟုတ်ကဲ့ပါရှင်... ဒါဆိုရင်တော့ မဖြစ်မနေ လာခဲ့ရမှာပေါ့၊ အဟင်းဟင်း"

"ကျွန်တော့်ကိုလည်း မှတ်ထားပါ၊ ကျွန်တော့်နာမည်က အောင်စိုးမိုးတဲ့၊ ဒီရပ်ကွက်အတွက် ရေသန့်ဘူး ဖြန့်ချိရေး ကိုယ်စားလှယ်ယူထားတာ၊ အဲဒါ $PH_2$ စစ်စစ် ရေသန့်သန့်ကို သောက်ချင် ပြောနော်၊ အားမနာနဲ့...ကျွန်တော်ကိုယ်တိုင် လာထမ်းပို့ပေးမယ်...အဟီး"





"အင်း... ဒီလောက် စေတနာတွေ ကောင်းနေတော့ လည်း ငြင်းရမှာ အားနာသွားပြီ၊ အဟင်းဟင်း"

အားလုံးနှင့်အတူ ရောနှောပြီး မင်းမျိုးလည်း ပြုံးနေသည်ကို တွေ့ရသည်။ မင်းမျိုး ဘာကြောင့် ပြုံးနေရသနည်း။

စကားလည်း ရေပက်မဝင်အောင် ပြောသလို ထမင်းလည်း လက်မနေးတမ်း စားရင်း နှာခေါင်းလည်း မီးတောက်လောက်အောင် ဘူးကြော ထ,နေကြသော တင်ကိုကိုနှင့် အောင်စိုးမိုးကို ကြည့်ရင်း ပြုံးတာလား၊ မိမိ ထမင်းပန်းကန်ထဲက ဟင်းတွေ တစ်မျိုးပြီး တစ်မျိုး ခတ်ထည့်ပေးနေသော ရွှေစင် ဆိုသည့် မိန်းမချောလေး၏ အရေးတယူ ပြုမှုကို သာယာ ကျေနပ်ပြီး ပြုံးတာလား။ နှစ်ခုစလုံးကြောင့်ပဲလား ဆိုတာတော့ ကာယကံရှင် မင်းမျိုးသာ အသိဆုံး ဖြစ်မည်။

သေချာသည်ကတော့ မင်းမျိုး မျက်နှာကြီး ပြုံးဖြီးဖြီး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



( ၄ )

"ကျေးဇူးအများကြီးနော် ကိုမင်း။ ဂျာနယ်တွေ လက်ဆောင်ပေးလို့"

"ဩော်...အဟီး၊ ရ...ရပါတယ်၊ သတင်းမီဒီယာ ခေတ်ကြီးထဲမှာ သတင်းကို ထမင်းထက် တန်ဖိုးထားရကောင်းမှန်း သိတဲ့သူ မှန်သမျှကို တို့ကလည်း သတင်း လက်ဆင့်ကမ်းဖို့ ဝန်မလေးပါဘူး"

"ဒါတော့... ဒါပေါ့... ဒါပေမယ့် ဒီကာလမှာ ဂျာနယ် တစ်စောင် တစ်စောင်ရဲ့ တန်ဖိုးက နည်းတာမှ မဟုတ်တာ၊ ခုလို ဂျာနယ်တွေ အများကြီးဆိုတော့ ပိုက်ဆံတွေ အများကြီးကုန်မှာစိုးလို့ ပြောတာပါ"

"ဩော် ဒီအတွက်တော့ အားမနာပါနဲ့၊ ဒီဂျာနယ်တွေက ပိုက်ဆံနဲ့ဝယ်လာတာ မဟုတ်ပါဘူး၊ ရုံးဆင်းရင်းနဲ့ တစ်လက်စတည်း ဂျာနယ်တိုက် ပေါင်းစုံက ဝင်တောင်းလာတာပါ"

"ရှင်"

"ဘာလဲ တို့ပြောတာ မယုံဘူးလား"

"ဩော်... ယုံပါတယ်... ယုံပါတယ်"





"ကဲ... ယုံတယ်ဆိုရင်လည်း နောင်ကို အားနာတဲ့စကား မပြောနဲ့တော့၊ ဖတ်ချင်တဲ့ စာစောင်ရှိရင်သာပြော၊ ရအောင် တောင်းလာပေးမယ်၊ ဟုတ်ပြီလား"

"ဟုတ်... ကျေးဇူး"

ရွှေစင် မျက်ဝန်းထဲတွင် မိမိကို လေးစား အထင်ကြီးမှုတွေ တစ်သီတစ်တန်းကြီး တွေ့လိုက်ရသဖြင့် မင်းမျိုး "မြောက်ချွင်ချွင်" ဖြစ်သွားရသည်။ မိမိကို ယခုလို အထင်ကြီး လေးစားစိတ်တွေ ဝင်နေတုန်း ဂျာနယ်တွေ လက်ဆောင်ပေးရတာနှင့် ကာမိအောင် မင်းမျိုးတစ်ယောက် လူတွေ့တိုင်း ဖွင့်ပြနေကျ ဓာတ်ပြားဟောင်းကြီးကိုဖွင့်ပြကာ ကြွားလုံး ထုတ်တော့သည်။

"ပြောရရင် ဒီခေတ် ဒီကာလကြီးမှာ ဂျာနယ်တစ်စောင် လုပ်ရတယ်ဆိုတာ လွယ်တာ မဟုတ်ဘူး၊ ဖြစ်ပျက်သမျှ ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ ဖော်ပြနိုင်အောင် လုပ်ဆောင်နေရတယ်ဆိုတာ ပြောသလောက် လွယ်တာမဟုတ်ဘူး ရွှေစင်ရဲ့"

"ဟုတ်"

"လက်ထဲ ရောက်လာတဲ့ ဂျာနယ်တစ်စောင်ကို ဖတ်ရတာ လွယ်သလောက် အဲဒီဂျာနယ်တစ်စောင် အချိန်မီ ဖြန့်ချိနိုင်ဖို့ဆိုတာ အဆင့်တွေ အများကြီး ကျော်ဖြတ်ရတယ်"

"ဟုတ်"

"အဲ... အဲဒီအထဲမှာ သတင်းထောက်တွေရဲ့ အခန်းကဏ္ဍက ပိုအရေးကြီးဆုံးပဲ၊ ခေတ်ကိုက သတင်းမီဒီယာ ခေတ်ကိုး၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်"

"ဒီတော့ကာ သတင်းသမားတစ်ယောက်ရဲ့ အရည်အသွေးဟာ ကမ္ဘာကျော် ထိပ်တန်းသူလျှိုတွေဖြစ်တဲ့ စီအိုင်အေတို့၊ မော့ဆက်တို့ အမ်အိုင်ဖိုက်တို့ထက် မသာတောင် လျော့လို့တော့ မရဘူး"

www.burmeseclassic.com



"ဩော်... ဒါဆို ကိုမင်းတို့ သတင်းထောက်တွေနဲ့ ဖီးရိုးဖီးရှိုး ဆဲဗင်း ဂျိန်းစ်ဘွန်း မင်းသားနဲ့က ဘယ်ကွာပါ့မလဲ၊ အတူတူပဲပေါ့နော်"

"ဟင်... ဩော်... ဒါ... ဒါပေါ့... ဒါပေါ့"

မြှောက်လည်း မြှောက်ပေးတတ်သည့် ကလေးမရယ်၊ မင်းမျိုး ပြောသမျှ မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ်လုပ်ပြီး ပါးစပ်က တဟုတ် ဟုတ်ဖြင့် စိတ်ဝင်စားမှုရှပ်တုတို့ ထုဆစ် ထားရုံသာမက မင်းမျိုး အကြိုက် မြှောက်လုံးလေးတွေပင် အပိုဆောင်း ထည့်ပေးလိုက် သေးသည်။ သို့သော် မင်းမျိုး ဆိုသည့် ငတိကလည်း တစ်ဖက်သား မြှောက်ပြောတာထက် ပိုပိုသာသာ မြှောက်တက်လိုက်ရမှ ကျေနပ်တတ် သူပိပိ...

"အဲ... ဒါပေမယ့် အဲသလို စွန့်စားထောက်လှမ်းရတာချင်း အတူတူ ကိုယ်တို့ သတင်းထောက်တွေက ဂျိမ်းစ်ဘွန်း မင်းသားထက် သတ္တိပိုကောင်းတယ်၊ ဂျိမ်းစ်ဘွန်းက သေနတ်ကိုင်ပြီးမှ သူလျှိုအလုပ် လုပ်ရဲတာ၊ ကိုယ်တို့ သတင်းထောက်တွေ အဖို့တော့ သေနတ် မကိုင်ဘူး၊ အသံဖမ်းစက်တို့... ကင်မရာတို့ ပါရင်ရပြီ၊ အဲ... ဒါကို တစ်ဖက်က အထင်သေး လျှော့တွက်လိုက်ရင် မှားပြီသာမှတ်တော့ပဲ"

"အယ်... ဒါတော့ အဟုတ်သားရယ်နော်"

"ဒါပေါ့... ဒါပေါ့... ဟီး"

မင်းမျိုး သတင်းထောက် ငှိုကာချဲ့ကာမှ သတင်း ထောက်တွေ လည်း စီအိုင်အေတို့၊ မော့ဆက်တို့၊ ဂျိမ်းစ်ဘွန်းတို့နှင့် ရောထွေး ရစ်ပတ်ကုန်ရသည်။ ကြာလာလျှင် ဆားပုလင်းနှင်းမောင်တို့၊ အိုင်အို မင်းအောင်တို့၊ ဦးစံရှားတို့ပင် ပါလာတော့မည် ထင်သည်။

"နောက်ပြီး သတင်းထောက် တစ်ယောက်ဟာ သူလျှို တစ်ယောက်ထက်ပိုပြီး ကမ္ဘာကြီး တုန်လှုပ်သွားအောင် လုပ်နိုင်စွမ်း ရှိတယ်ဆိုတာ ယုံမလားပဲ"

"အင်း... ယုံတာပေါ့၊ ကိုမင်းကိုယ်တိုင် ပြောပြနေတဲ့ဟာပဲ"





"ဟုတ်ပြီ... ဒါဆိုရင် ဥပမာတစ်ခုပြောပြမယ်၊ နစ်ဆင် ဆိုတာ ကို ကြားဖူးလား"

"နစ်...ဆင်...ဟင့်အင်း... မကြားဖူးဘူး၊ ဘယ်လို ဆင်မျိုး မို့လဲ၊ အခြား ဆင်တွေတော့ ကြားဖူးတယ်၊ ဟိုင်းဆင်တို့၊ အာဖရိက ဆင်တို့၊ မြန်မာဆင်တို့ ဆိုတာတွေလေ"

"ဟင်"

မင်းမျိုး သတင်းမီဒီယာ ခေတ်ကြီးတွင် မွေးဖွားပြီး ကြီးပြင်းသော ကာလပေါ် မိန်းမပျိုလေး၏ ဗဟုသုတကြွယ်ဝပုံကို ကြည့်ပြီး လဲသေချင် စိတ် ပေါက်သွားရသည်။

သို့သော် ကိုယ်နှင့် စကားတစ်ခွန်း ပြောရမှာကို ကြက်ငှက် တုပ်ကွေးရောဂါ ကူးစက်ခံရမလောက် ကြောက်နေသူတွေနှင့် စာလျှင် ဤရွှေဤမျှ စကားပြောဖော်ရသော သူမကိုသာ ကြံဖန် ကျေးဇူးတင်ရ ဦးမည် မဟုတ်ပါလားဟူ၍ မင်းမျိုး စိတ်ပြောတွေးလေး တွေးရလေ သည်။ ထို့ကြောင့်...

"ဩော်... တို့ပြောတဲ့ နစ်ဆင်ဆိုတာက လူနာမည်ကိုပြောတာ၊ အမေရိကန် ပြည်ထောင်စုရဲ့ သမ္မတဖြစ်ဖူးတဲ့ နစ်ဆင်ကို ပြောတာ"

"ဟင်... ဟုတ်လား၊ တစ်ခါမှလည်း မကြားဖူးဘူး၊ နာမည် ကလည်း မှည့်ပဲမှည့်တတ်ပါ့၊ နစ်ဆင်တဲ့၊ ဘယ်လို နာမည်ကြီးမှန်းလည်း မသိဘူး"

"ဟင်"

"အေးလေ သူ့ဘာသာ ဘာဆင်ပဲဖြစ်ဖြစ်၊ အမေရိကန်နိုင်ငံရဲ့ သမ္မတ ဆိုကတည်းက နည်းတဲ့အကောင်ကြီးလား၊ ပြောစမ်းပါဦး... အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲ ဆိုတော့ သမ္မတနစ်ဆင်ရဲ့ ပါတီက ပြိုင်ဖက်ပါတီ ဌာနချုပ်ရဲ့ရုံးခန်းကို ဖောက်ထွင်းပြီး ပြိုင်ဖက်ပါတီရဲ့ လျှို့ဝှက်စီမံချက်နဲ့ သတင်းတွေကို ဥပဒေမဲ့ ခိုးယူတဲ့အကြောင်းကို စွန့်စွန့်စားစား



www.burmeseclassic.com

www.burmeseclassic.com



ထောက်လှမ်းပြီး သတင်း ရေးသား ဖော်ပြလိုက်လို့ သမ္မတနစ်ဆင်လည်း ပြုတ်၊ အဲဒီအရေးကိုလည်း ဝါးတားဂိတ် အရေးအခင်းကြီးလို့ သမိုင်းတွင်ရလောက်အောင် ကမ္ဘာကျော်သွားစေတာ ဘယ်သူတွေလို့ ထင်သလဲ"

"ဩော် ဘယ်သူတွေ ဖြစ်ရမှာလဲ၊ ကိုမင်းတို့ တစ်ဘွဲ့ပဲ နေမှာပေါ့"

"ဟင်"

"ဩော် တို့ဆိုလိုတာက ကိုမင်းတို့လို သတင်းထောက်တွေပဲ နေမှာပေါ့လို့ ပြောတာပါ"

လိုအပ်တာထက်ပိုပြီး ဖော်လိုလိုက်နေသော ရွှေစင့်ကို မင်းမျိုး သံသယရှိချင်လာသည်။ အကြိုက်လိုက် မြှောက်ပြောနေရာမှ နှိပ်ကွပ်ဖို့ အာသီတရှိလာပြီထင့်။ ဘယ့်နှယ် အမေရိကန်သမ္မတ နစ်ဆင်ကို ပြုတ်ကျသွားစေသည့် ဝါးတားဂိတ် အရေးအခင်းကြီး ဖြစ်တုန်းက မိမိပင် လူဖြစ်သေးသည် မဟုတ်။ မည်သို့ပင်ဖြစ်စေ ပြောလိုရင်းလေး ပျောက်ပျက်မသွားစေရန် စကားကို ဆက်ရသည်။

"ဟုတ်တယ်... ရဲတွေ စုံထောက်တွေ မလိုက်နိုင်တဲ့ အဲဒီ သတင်းကို ရေဆုံးရေဖျားလိုက်ပြီး တစ်ကမ္ဘာလုံးသိအောင် ရေးသား ဖော်ပြ လိုက်သူ နှစ်ယောက်ဟာ ဝါရှင်တန်ပို့စ် သတင်းစာကြီးက ဘော့ဝုဒ်ဝါ့ဒ်နဲ့ ကားလ်ဘန်း စတိန်းဆိုတဲ့ လူငယ်သတင်းထောက် နှစ်ယောက်ပဲ"

"ဟယ်... ကြည့်စမ်းပါဦး တော်လိုက်တာ အရမ်းပဲ၊ တွေ့မှ အော်တို ရေးခိုင်းရဦးမယ်၊ ဒါနဲ့ ကိုမင်းလည်း သူတို့လိုဖြစ်အောင် ကြိုးစား၊ တို့ အပြတ်အားပေးနေမယ် သိလား"

"ဒီအတွက်တော့ စိတ်ချစမ်းပါ၊ ကြိုးစားတဲ့ နေရာမှာ တစ်ရွေးသား မလျှော့စေရဘူး၊ ပြောရရင် တို့လို သတင်းထောက်တွေရဲ့ ကြိုးစား အားထုတ်မှုနဲ့ ရှင်သန် ရပ်တည်နေရတဲ့ စာနယ်ဇင်း လောကကြီး





ဆိုတာဟာလည်း တိုင်းပြည် တစ်ပြည်ရဲ့ စတုတ္ထမဏ္ဍိုင်ပဲ မဟုတ်လား။ ဒီတော့ကာ တို့လည်းပဲ...ပဲ..."

"ဟိတ်... မင်းမရိုးမဏ္ဍပ်က ဘယ်မှာ ထိုးမှာမို့လို့လဲကွ...ဟေ"

မင်းမျိုး စကားဆုံးအောင် မပြောလိုက်ရ။ ရွှေစင့်ကို ပိုးပန်းရန် ရည်ရွယ်ချက်ဖြင့် ရောက်လာဟန်တူသော တင်ကိုကိုနှင့် အောင်စိုးမိုးတို့ မင်းမျိုး ပြောတာကို နားစွန်နားဖျားကြားပြီး ထင်ရာမြင်ရာ စွပ်စပ်စု လေသဖြင့် မင်းမျိုး စိတ်ပိန်သွားရသည်။

သို့သော် လေကြောရှည်နေလျှင် မယောင်မလည်နှင့် ရွှေစင့်ကို ကြောင်ခွင့် ရမည်ဖြစ်သဖြင့် သည်ကောင်တွေ အကြိုက်တွေ့သွားနိုင်သည်။ ထို့ကြောင့်...

"ကဲ... ရွှေစင်... ဒါဆိုရင် တို့ ပြန်လိုက်ဦးမယ်၊ နောက်မှ ထပ်လာခဲ့မယ်"

ဟု စကားကို ဖြတ်ပြီး တင်ကိုကိုနှင့် အောင်စိုးမိုး အနား မရောက်ခင်...

"မင်းတို့လာတာနဲ့ အတော်ပဲ၊ ငါ့အစ်မ မင်္ဂလာဆောင်မယ့် ခန်းမထဲမှာ မဏ္ဍပ်ထိုးဖို့ လို, မလို သွားကြည့်ကြရအောင်"

ဟူ၍ ပြောပြောဆိုဆို သူတို့ကို ပခုံးလှမ်းဖက်ပြီး နောက်ကြောင်း ပြန်လှည့်လေရာ နှစ်ကောင်စလုံး မခံချိမခံသာ ဖြစ်သွားကြရှာသမက...

"ဘယ့်နှယ် သူ့ဘာသာ သူရှိပြီးသား မင်္ဂလာခန်းမထဲမှာ မဏ္ဍပ်ထပ်ထိုးဦးမယ်ဆိုတာ ဘယ်လိုကြီးလဲဟ၊ တစ်မျိုးကြီးပါလား"

ဟု ရေရွတ်ပြောဆိုရင်း မင်းမျိုးကို ကြောင်စိစိကြည့်ကြလေသည်။ ထို့နောက် နှောင်ငင်ရစ်ပတ်လိုသော သံယောဇဉ် အစ,အန,တို့ဖြင့်...

"နေဦးကွ... မနက်ဖြန် မင်္ဂလာဆောင်အတွက် ဘာကူညီ ပေးစရာ ရှိသေးလဲလို့ ကိုမျိုးသန့်ကို မေးကြည့်ရဦးမယ်"

ဟု တင်ကိုကို အကြောင်းမရှိ အကြောင်းရှာသလို အောင်စိုးမိုး ကလည်း...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ကွ... မင်္ဂလာဦးညမှာ ရပ်ကွက် ကာလသားတွေအတွက် ဘာစီစဉ်ပေးရင် ကောင်းမလဲလို့ ကိုမျိုးသန့်က တိုင်ပင်ချင်လို့ဆိုလားပဲ"

ဟူ၍ ဇာတ်ညွှန်းရေးလေသည်။ မင်းမျိုး ထက်မြက် ပါးနပ်သော သတင်းထောက် တစ်ယောက်၏ အပြုံးကို ကြိတ်ပြုံးလိုက်ပြီး...

"ဪ... ဒါဆိုရင် ကိုမျိုးသန့်က ဒီမှာမရှိဘူး၊ ငါ့အစ်မအိမ် ရောက်နေပြီ၊ အဲဒီကိုပဲ လိုက်သွားကြပေါ့ကွာ"

ဟု မိန့်မိန့်ကြီး ဆိုလိုက်လေရာ သကောင့်သား နှစ်ပွေလည်း ဘာမျှ မတတ်နိုင်တော့ဘဲ စဉ်းစားတီးပေါ်တင် အထုခံလိုက်ရသော ငါးခူလို ဆတ်ခနဲ လွန့်လူးပြီးနောက် စင်းစင်းကြီး ငြိမ်သက်သွားကြလေသည်။

"ဟေ... ဟုတ်လား။ အင်းလေ ဒါဆိုလည်း နေပါစေတော့၊ နောက်မှပဲ သွားတွေ့လိုက်တော့မယ်... အဟင်း"

ဟူ၍ ဟန်လုပ်ပြောရုံသာ တတ်နိုင်ကြတော့သည်။





( ၅ )

ညစာ စားပြီးကတည်းက မင်းမျိုး တစ်ယောက် ဖင်တကြွကြွဖြင့် ဂနာမငြိမ် ဖြစ်နေရသည်။ ထိုင်လိုက် ထ,လိုက်ဖြင့် အကြံထုတ်နေရင်းမှ တတိယမျက်လုံး သတင်း ဂျာနယ် အဟောင်းများဆီသို့ မျက်လုံးက ရောက်သွားသည်။

"ဟား... ဟုတ်ပြီ၊ ဒီဂျာနယ်အဟောင်းတွေ ရွှေစင့်ကို လက်ဆောင်သွားပေးပြီး သတင်းထူးမှန်သမျှ ငါ ကြိုးစား ပမ်းစား လိုက်ထားတဲ့အကြောင်း တော်ကီ ခွေ့ရမယ်၊ ဒါမှ သူလေး ငါ့ကို အရမ်းတွေ အထင်ကြီးလေးစားမယ်၊ ပြီးတော့...ပြီးတော့... အဟီး"

"ဟိတ် မင်းမျိုး၊ တစ်ယောက်တည်း ပွစိပွစိ ပြောလိုက် ရယ်လိုက် ပြုံးလိုက် ထိုင်လိုက် ထလိုက်နဲ့ ဘာဖြစ်နေတာလဲ"

နောက်ကျောမှ ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် မင်းမျိုး လန့်ဖျပ်သွားရပြီး...

"ဗျာ... ဘာ... ဘာမှမဖြစ်ပါဘူး အဖေရဲ့"

ဟု ကပျာကသီ ပြန်ဖြေရင်း ရှာလို့ ရ,ထားသမျှ ဂျာနယ်တွေကို လက်မှာပွေ့ပိုက်ပြီး နေရာမှ ထ,လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖခင် ဦးကျော်အေးက အကဲခတ်သလို ကြည့်ရင်း…

"ဟွန်း… ဘာမှမဖြစ်ဘူးသာ ဆိုတယ်၊ မင်းကြည့်ရတာ မှုမမှန်ဘူး"

"ဗျာ"

"မဗျာနဲ့… ငါ ကြည့်နေတာကြာပြီ၊ တစ်ယောက်တည်းကို ရှုပ်ယှက်ခတ်ပြီး ဘာတွေလုပ်လို့ ဘာတွေကြံစည် နေမှန်းကိုမသိဘူး။ ဒါနဲ့ ဒီအချိန်ကြီးကျမှ ဂျာနယ်တွေ လက်မှာပွေ့ပြီး ဘာလုပ်မလို့လဲ၊ သွားရောင်းမလို့လား"

"ဗျာ"

"မဗျာနဲ့… ညကိုးနာရီထောင်ကျော်နေပြီ၊ ဒီအချိန်ကြီးကျမှ မင်းဂျာနယ်တွေလည်း ဝယ်မယ့်သူ မရှိလောက်တော့ပါဘူးကွာ"

"ဟာ…အဖေကလည်း လုပ်တော့မယ်၊ ကျွန်တော်က ဂျာနယ် သတင်းထောက်ပဲ၊ ဂျာနယ် လက်ပွေ့ရောင်းသမားမှ မဟုတ်တာ"

"ဒါတော့ ငါလည်း သိတာပေါ့ကွ၊ ဒါပေမယ့် မင်းပုံလည်း မင်းပြန်ကြည့်ဦး၊ ဂျာနယ်သတင်းထောက်ပုံ မပေါက်ဘဲ ဂျာနယ် လက်ပွေ့ရောင်းသမားပုံ ပေါက်နေပြီ"

"အန်"

မင်းမျိုး ကျောတွန့်သွားရပြီး ကိုယ့်ကိုယ်ကို ပြန်ငုံ့ကြည့်မိသည်။ သန့်ပြန့်ချောမောသော ရုပ်ရည်နှင့် လိုက်ဖက်ညီစွာ ဝတ်ဆင်ထားသည့် ဂျင်းအင်္ကျီ၊ ဂျင်းဘောင်းဘီတို့ကို အားမနာ။ အဖေမို့ ပြောရက်သည်ဆိုပြီး တွေးမိရုံရှိသေးသည်။ ဆက်ပြောလာသော ဖခင်စကားကြောင့် မင်းမျိုး နင်သွားရပြန်သည်။

"ဒီမယ် ကိုယ့်ကိုယ်ကို ဘာမှ ပြန်ငုံ့ကြည့်မနေနဲ့၊ ဂျာနယ်သတင်းထောက်နဲ့ ဂျာနယ်လက်ပွေ့ရောင်းသမား ဆိုတာ သိပ်တော့လည်း မထူးပါဘူး။ အတူတူပါပဲကွာ"

"ဟင်"





သားအဖအချင်းချင်း သည်လောက်ကြီး မြှောက်ပင့် ပြောနေသဖြင့် မင်းမျိုး မနေတတ်အောင် ဖြစ်လာရသည်။ ထို့ကြောင့်…

"အဖေ အဲဒီစကားတွေကို ဒီမှာပဲပြောနော်၊ ကျွန်တော့်ကို အထင်ကြီးလေးစားတဲ့ ကျွန်တော့်ရဲ့ သတင်းပရိသတ်ရှေ့မှာ သွားမပြောမိစေနဲ့၊ မလိုအပ်ဘဲ ပြဿနာတက်မှာစိုးလို့ ကြိုသတိပေးထားရတာ"

ဟူ၍ မိမိကိုယ်မိမိ ကာကွယ် မြှင့်တင်ရေးလုပ်ရသည်။ သို့သော် ဦးကျော်အေးက ယုံကြည်ပုံ သိပ်မရ။

"ဘာရယ်… မင်းကို အထင်ကြီးလေးစားတဲ့ မင်းရဲ့ သတင်း ပရိသတ်ဆိုတာ ရှိသေးတယ်၊ ဟုတ်လား"

"ရှိတာပေါ့ အဖေရဲ့၊ ရှိတာမှ အများကြီးရယ်၊ အခုတောင် အဲဒီပရိသတ် အများကြီးထဲကမှ ရုယ်ထူးရုယ် ပရိသတ်ကို ဒီဂျာနယ်တွေ လက်ဆောင် သွားပေးမလို့၊ အဟဲ…"

မင်းမျိုး ဖခင်ဖြစ်သူကို ရှိသမျှသွားလုံးတွေ အကုန်ထုတ်ဖြီး လိုက်ပြီးနောက် ဖခင်ရှေ့မှ မြောက်ကြွ မြောက်ကြွဖြင့် ထွက်ခွာတော့သည်။ ဦးကျော်အေး မျက်နှာကြီး မဲ့ရွဲ့သွားလျက်…

"ဟွန်း… သူ့လို ကောင်မျိုးကိုများ အထင်ကြီးတဲ့ လေးစားတဲ့ သူတွေ ရှိသေးတယ်တဲ့၊ အံ့ပါရဲ့… ကြည့်ရတာ သူ့ပရိသတ်ဆိုတာ လည်း သူ့လိုပဲနေမှာပေါ့"

ဟူ၍ ချိုးမွမ်း ရေရွတ်လေရာ မင်းမျိုးလည်း ခြေလှမ်း တုံ့ခနဲ ဖြစ်သွားရသည်။ မိမိ၏ကြုံရှေ့ကြုံမှုသော အောင်မြင်မှုအတွက် မင်းမျိုး ခံစားချိန် မရခင်မှာပင် ဖခင်က…

"ဟာ…ဟိတ်… မင်းမျိုး၊ မင်းအစ်မက မနက်ဖြန်ပဲ မင်္ဂလာ ဆောင်တော့မယ်၊ ဘာလိုသလဲ… ဘာလုပ်ပေးရမလဲဆိုတာ သွားမေး ချေဦး၊ မင်းအမေလည်း အဲဒီအိမ်မှာရှိတယ်၊ လိုအပ်တာ သွားကူညီ ပေးလိုက်၊ ပေါ့တွေနားသွားပြီး စကားတွေပြောပြီး အချိန်ဖြုန်းမနေနဲ့… ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု၍ ထိထိမိမိ လှမ်းသတိပေးသဖြင့် မင်းမျိုးလည်း လှည့်ကြည့်မနေတော့ဘဲ "ဟုတ်" ဟုသာ ခေါင်းညိတ်ပြကာ ခြေလှမ်းကို အောင့်သည်းအောင့်သက် ဆက်လှမ်းရလေသည်။ တစ်ဆက်တည်းမှာပင်...

"ဩော်... ဟုတ်သားပဲ၊ ရွှေစင်လည်း ဒီအချိန်ဆိုရင် မကေသီတို့အိမ်မှာပဲ ရှိမှာပဲ၊ ကိုမျိုးသန့်တို့ အိမ်မှာ ဘယ်ရှိမလဲ၊ တော်သေးတာပေါ့... အဖေ သတိပေးလို့"

ဟု ဖခင်ကို ကြံဖန် ကျေးဇူးတင်လိုက်ကာ ခြေလှမ်းများကို လားရာဘက် ပြောင်းလေတော့သည်။





( ၆ )

မင်းမျိုး မကေသီအိမ် မရောက်ခင် လမ်းခုလတ်မှာပင် စန္ဒာနှင့်အတူ ရွှေစင့်ကိုပါ တွေ့လိုက်ရသဖြင့် ပျော်ရွှင်သွား၏။ ယခုတစ်ပတ်တတိယမျက်လုံး သတင်းဂျာနယ်ပါ ဗေဒင်ဟောစာတမ်းအရ သည်နှစ်အတွင်း စုတ်ရော လာဘ်ရော ဝင်ကိန်းရှိသည်ဆိုတာ မှန်နေပြီလားမသိ။ မင်းမျိုး ကိုယ့်အတွေးနှင့်ကိုယ် ပီတိတွေ ဖြာသွားသည်။

သို့သော် ပညာရှိပီသစွာ အတွင်းစိတ်ကို အခြားသူတို့ မမြင်သာရလေအောင် ဣန္ဒြေဆောင် ဖုံးကွယ်ပြီး...

"ဟော... စန္ဒာနဲ့ ရွှေစင်တို့ပါလား။ ဘယ်သွားကြမလို့လဲ"

ဟု ပုံမှန်လေသံဖြင့် တည်တည်ငြိမ်ငြိမ် ဆိုလိုက်နိုင်ပါသော်လည်း–

"ဩော်... ဒီမှာ မရွှေစင့်ကို ပြန်လိုက်ပို့ပေးတာလေ၊ ခေါင်းနည်းနည်းကိုက်ချင်သလို ဖြစ်နေတယ်ဆိုလို့"

ဆိုသော စန္ဒာ တုံ့ပြန်သံကြောင့် မင်းမျိုး လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။ တစ်ဆက်တည်းမှာပင်...

"ဟင်... ဟုတ်လား။ ကဲ... စန္ဒာ... ဒါဆိုရင်လည်း ငါပဲ လိုက်ပို့ ပေးလိုက်တော့မယ်၊ နင်ပြန်တော့... မနက်ဖြန် မကေသီ



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်ကိစ္စအတွက် လိုအပ်တာလေး အကြံပေး ဆွေးနွေးပြီး ကူညီစရာရှိတာ ကူညီပေးလိုက်ဦး"

ဟူ၍ အခွင့်အရေးကို အပိုင် အသုံးချရတော့သည်။ အရေးထဲ စန္ဒာက မောင်နှမချင်း မယုံသင်္ကာ မျက်လုံးများဖြင့် ကြည့်ရင်း အင်းမလှုပ် အဲမလှုပ်ဖြစ်နေ၍ မျက်နှာရိပ် မျက်နှာကဲ ခတ်ဆတ်ဆတ် လေးပြုပြီး နောက်ကြောင်း ပြန်နိုင်းရသည်။ ထိုအခါမှ စန္ဒာလည်း ဝမ်းကွဲအစ်ကို ဆိုသည့် ဝါစဉ်ကို လေးစား ကြောက်ရွံ့သောအားဖြင့်...

"ဩော်... အင်း... အဲ... ဒါဆိုရင် အဆင်ပြေသွားပဲနော်။ ကဲ... မရွှေစင် ဒါဆို စန္ဒာအိမ်ပြန်ပြီး လုပ်စရာရှိတာတွေ သွားပိုင်း လုပ်ပေးလိုက်ဦးမယ်၊ တာ့တာ"

ဟု မာန်လျှော့စကားဆိုရင်း နှုတ်ဆက် ထွက်ခွာတော့သည်။ စန္ဒာကိုလက်ပြန်ပြီး တာ့တာလုပ်နေသော ရွှေစင့်ကို မင်းမျိုး အောင်နိုင်သူ တစ်ယောက်လို တစ်ချက်မိုးကြည့်ပြီး...

"ဒီမှာလေ... ရွှေစင် ဖတ်ဖို့ဆိုပြီး ယူလာတာ"

ဟူ၍ သဘောတွေ လွတ်ကောင်းပြသည်ကို ရွှေစင်က...

"ဩော်...ဒါတွေဖတ်ဖို့ ယူလာတာလား၊ သိပါဘူး... ဂျာနယ် တွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ဆိုတော့ သွားများရောင်းဖို့ လားဆိုပြီး ထင်နေတာ"

ဟူ၍ လူမှုရေး ခေါင်းပါးစကားကို တုံ့ပြန်လာသဖြင့် မင်းမျိုး ကျောတွန့်သွားရသည်။

ကိစ္စမရှိ။ သည်လောက်လေးမှ စေတနာကိုနားမလည်။ အပြောအဆို မတတ်သော သူမကို စိတ်ထဲမှာ ေ ာမှတ်ထားပြီး ညားကာမှ အတိုးရော အရင်းပါပေါင်းလို့ သမိုင်းကြေ ပြန်ဆပ်ရပေ လိမ့်မည်။ အခု လောလောဆယ်တော့ ရှိစေတော့။ ၄်စေတော့ရယ်။

"ဟောဗျ... ရွှေစင်ကမတော့ ပြောရောမယ်၊ သတင်း မီဒီယာ ခေတ်ကြီးထဲမှာ သတင်းကို အမြင့်တော်မှတ် တောင့်တပြီး တန်ဖိုးထား





တတ်တဲ့ သတင်းပရိသတ် တစ်ယောက်အတွက် ဒီက သတင်းသမားက စေတနာ ဗလပွနဲ့ သတင်းတွေ တစ်ပွေ့တစ်ပိုက်ကြီးကို တကူးတက သယ်လာပေးတဲ့ဟာကို"

"သိပါတယ် ကိုမင်းရယ်... တို့က ခင်လို့ သက်သက် နောက် တာပါ၊ ဒါပဲနော်... စိတ်ဆိုးရဘူးနော်"

"အဟီး...ရတယ်.. ဆိုးဘူး... ဆိုးဘူး။ ရွှေစင်လေး ခင်လို့ မင်လို့ နောက်တာမျိုးကတော့ ကြိုက်သလောက်နောက်၊ စိတ်ရှိ သလောက် နောက်၊ ရဒယ်... အဟီး"

"ကြည့်... ကိုမင်းက သိပ်ရယ်ရတာပဲ... ခစ်...ခစ်"

ခြေလှမ်း ဆယ်လှမ်း မပြည့်ခင်မှာပင် ရွှေစင်နှင့် လေပေးဖြောင့် သွားအောင် စွမ်းဆောင်နိုင်သဖြင့် မင်းမျိုး ကိုယ့်ကိုယ်ကို အထင်ကြီး သွားသည်။

စကားတပြောပြောနှင့် လျှောက်လာရင်း ရွှေစင် တည်းခိုနေရာ ကိုမျိုးသန့်တို့အိမ်သို့ ရောက်လာသည်။

"ကဲ... ကိုမင်း... ရောက်လာမှတော့ ခဏထိုင်ဦး၊ လက်ဖက် သုပ်ကျွေးမယ်"

"စိတ်ချ... ထိုင်မှာ... ပြီးတော့ ရွှေစင် ကိုယ်တိုင် သုပ်ကျွေးတဲ့ လက်ဖက်သုပ်ကိုလည်း စားမှာ၊ အဲ... နောက်ပြီးရင် ဟောဒီ ဂျာနယ်တွေထဲက တို့လိုက်ထားတဲ့ သတင်းဦး သတင်းထူးတွေ အကြောင်း အားပါးတရ ပြောပြဦးမှာ"

"ဟင်... ဩော်... အင်း...အင်း... ကောင်းတာပေါ့၊ သိပ်ကောင်းတာပေါ့၊ တို့က ဗဟုသုတတကာ့ ဗဟုသုတထဲမှာ သတင်းဗဟုသုတကို ခရေဇီအဖြစ်ဆုံးပဲ၊ အဲ... ဘယ်လို ပြောရမလဲ ပေါ့နော်၊ တို့ အဲသလို ခရေဇီဖြစ်တဲ့ သတင်းကိုမှပေါ့နော်၊ တို့ ခင်မင် လေးစား အထင်ကြီးရတဲ့ ကိုမင်းလိုပေါ့နော်၊ ထူးချွန်တဲ့ ဝါရင့် သမ္မာရင့် သတင်းထောက်ကြီး ကိုယ်တိုင်က ပြောပြပြီး ဗဟုသုတတွေ

www.burmeseclassic.com



မြင့်ခဲ့တယ် ဆိုတော့ ပေါ့နော်၊ ကျေးဖူး... ကျေးဇူး အရမ်းတင်တယ် ပေါ့နော်"

ရွှေစင်တစ်ယောက် စကားကောင်း၊ ပြောနေ ဆိုနေရင်းက ဘာဖြစ်သွားရသည်မသိ။ သူ့ကိုယ်သူ အင်တာဗျူးခံနေသော ယနေ့ ခေတ်ပေါ် မင်းသမီးလို့များ မှတ်သွားလေရော့သလား။ စကားတစ်ခွန်း တိုင်းမှာ "ပေါ့နော်" တွေ လိုင်လိုင်ကြီး သုံးသွားသည်ကို နားထောင်ရင်း မင်းမျိုး ကြောင်တောင်တောင် ဖြစ်သွားရသည်၊ သူ့ကိုယ်သူ အင်တာဗျူး ခံနေသော ခေတ်ပေါ် မော်ဒယ်လ် မင်းသမီးများ မှတ်နေသလားမသိဟု တွေးမိရင်း တစ်ဆက်တည်းမှာပင် ပဲခူးသူတွေများ တစ်ဖက် သားကို မြှောက်ပြောရမှာတောင် ရိုးရိုးမပြော။ ကိုယ့်အတွက် စတိုင်လ်ချန်ပြီးမှ ပြောတတ်သကိုးဟုလည်း မင်းမျိုး ကြိတ် မှတ်ချက်ချလိုက်မိသည်။

မည်သို့ပင်ဖြစ်စေ မင်းမျိုးကလည်း အမြှောက်ကြိုက်သူ ပီပီ မျက်နှာ ပြုံးဖြီးဖြီးကြီးဖြစ်လျက် အမြှောက်ကောင်းသော ပဲခူးသူကို ရွှန်းရွှန်းစားစား ကြည့်နေလေသည်ကော။

မင်းမျိုး၏ ရဲတင်းသော အကြည့်ကို ရင်ဆိုင်ရန် မဝံ့ရဲဟန်ဖြင့် ရွှေစင်လည်း...

"ကိုမင်း...ခဏလေးနော်၊ လက်ဖက် သွားသုပ်လိုက်ဦးမယ်"

ဟု စကားအလှ ဆိုကာ မူရာမာယာ များပြသည်ကို မင်းမျိုး အထာနပ်စွာ ခေါင်းညိတ်ပြလိုက်သည်။

ရွှေစင် မီးဖိုချောင်ထဲဝင်ပြီး လက်ဖက်သုပ်နေချိန်တွင် မင်းမျိုး လည်း ဂျာနယ်စာမျက်နှာတွေ တရွှမ်းရွှမ်းလှန်ပြီး အာကောင်းကောင်းနှင့် ကြားလုံး ထုတ်သင့်သည့် သတင်းခေါင်းစီးများကို ခပ်သွက်သွက် ရှာဖွေ ကြည့်ရှုနေလေသည်။

ခဏအကြာမှာ...

"ကိုမင်း... လက်ဖက်သုပ်ရပြီ စားကြည့်ပါဦး... တို့လက်ရာ ကောင်းရဲ့လားလို့"





ဟူသော အသံနှင့်အတူ ရွှေစင် အနားသို့ ပြန်ရောက်လာပြီး ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လေသည်။ မင်းမျိုးလည်း ပြုံးပြုံးပြီးနေ လက်ဖက်ကို တစ်ဇွန်း ယူစားလိုက်ကာ...

"အွန်း...တော်တော်ကောင်းတာပဲ၊ ရွှေစင်က လက်ဖက်သုပ် တာ ဘယ်ဆိုးလို့လဲ၊ ကြည့်ရတာ ဒီပုံအတိုင်းသာဆိုရင် ဟင်းချက်ရင်လည်း တော်တော်ကောင်းမယ့် သဘောရှိမယ်"

"အဟင်း... ကိုမင်းက ဘယ်ဆိုးလို့လဲ၊ ခနဲ့မှန်းတာ တော်သားပဲ၊ နောက်မှ ပဲခူးကို အိမ်လည်ခေါ်ပြီး ထမင်းဖိတ်ကျွေးဦးမယ်၊ တို့လက်ရာ ကို ကြွားချင်လို့... အဟင်း"

"စိတ်ချ၊ ရွှေစင်ကသာတို့ကို ထမင်းစားဖိတ်လို့ကတော့ ပဲခူး မကလို့ ပုတာအို မချမ်းဘောပဲ ဖြစ်ပါစေလုံးဝကို လာအားပေးပြီးသားပဲ သိတယ်မဟုတ်လား၊ သတင်းခေတ်ကြီးထဲမှာ ဝေးကွာတဲ့ခရီးဆိုတာ မရှိတော့ဘူး၊ နယ်နိမိတ် ကျုံ့သွားပြီ"

"အဲဒါကြောင့် ပြောတာ၊ ကိုမင်းနဲ့ စကားပြောရတာ အရမ်း အကျိုးရှိတယ်လို့၊ အခုပဲကြည့်လေ... တို့ထမင်းစာဖိတ်တဲ့ ကိစ္စကို အကြောင်းပြုပြီး နယ်နိမိတ် ကျုံ့သွားပြီ ဘာညာဆိုပြီး ဗဟုသုတ ရရာ ရကြောင်းတွေ ထည့်ပြောသွားတာများ ချီးကျူးပါရဲ့၊ တကယ်ပါပဲ"

"ဩော်... ဒါလား၊ အဟိ... ဒီလောက်လည်း မဟုတ်သေး ပါဘူး၊ ဒါ ရွှေစင် တို့ကို သက်သက်အထင်ကြီးနေတာပါ"

"ဩော် အထင်ကြီးစရာရှိလို့ ကြီးတာပဲ၊ ဘာဖြစ်တာ မှတ်လို့၊ နယ်နိမိတ် ကျုံ့သွားပြီတို့၊ နယ်နိမိတ် မဲ့သွားပြီတို့ ဆိုတာ အခုတလော ကြားကြားနေရတဲ့ ဂလိုဘယ်လိုက်ဇေးရှင်း ဆိုတဲ့ ကမ္ဘာလုံး ဆက်စပ် လွှမ်းခြုံမှု ဆိုတာကြီးကြောင့်လား"

"အမှန်ပေါ့ ရွှေစင်ရဲ့၊ ခုလို ဂလိုဘယ်လိုက်ဇေးရှင်းရယ်လို့ ကြွေးကြော်နိုင်တာကလည်း မိုင် ဘယ်လောက်ဝေးဝေး တစ်ဦးနဲ့တစ်ဦး အလွယ်တကူ ဆက်သွယ် ချိတ်ဆက်နိုင်တဲ့ သတင်းကွန်ရက် ကျေးဇူး ကြောင့်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်ပါရဲ့၊ ကိုမင်း ပြောပြမှပဲ အရမ်းကို ရှင်းလင်း သွားတာပဲ"

"ပြောရရင် ခုလို သတင်းကွန်ရက်ကြီးကို အကောင်းဆုံးနဲ့ အထိရောက်ဆုံး ပံ့ပိုးနေတာက ကိုယ်တို့ သတင်းစာတွေပဲဆိုတာ ဘယ်သူမှ ငြင်းလို့မရဘူး"

"သိပ်ဟုတ်တာပေါ့ ကိုမင်းရယ်"

"သတင်းဆိုတာ ရေးပြ ပြောပြတာကို ဖတ်ရ နားထောင် ရတာ လွယ်ကူသလောက် လိုက်ရဟဲ့သူအဖို့ လွယ်ကူတာ မဟုတ်ဘူး"

"ဟင်...ဟုတ်လား။ သတင်းလိုက်ရတာ အရမ်းခက်တာပဲလား"

"ခက်ပါရောလား ရွှေစင်ရယ်၊ သိပ်ကို ခက်တာပေါ့၊ ပြောရရင် သတင်းဆိုတာကလည်း လိုက်ရခက်လေ တစ်ဖက်ကလည်း တန်ဖိုး ရှိလေပဲကိုး"

မင်းမျိုး တစ်ယောက် ကြွားခွင့်ကြုံလာပြီမို့ ပြောရင်း ပြောရင်း တက်ကြွလာသည်။ ထို့ကြောင့် လက်ဖက်သုပ်ကိုပင် မစားနိုင်တော့ဘဲ ကြွားလုံးတွေ တရစပ် ဆက်ရလေတော့သည်။

"နောက်ပြီး ခုလို သတင်း အပြိုင်အဆိုင်ခေတ်ကြီးမှာ ကိုယ့် သတင်း ပိုထူးနိုင်ဖို့ရမယ်၊ အဲ... ထူးရုံနဲ့မလုံလောက်သေးဘူး။ ဦးဖို့လည်း လိုသေးတယ်"

"ဪ...သတင်းဦး သတင်းထူး ဆိုတာ အဲဒါကိုပြောတာကိုး"

"သေချာတာ ပေါ့ရွှေစင်ရဲ့၊ ဒီမှာကြည့်... လှိုင်သာယာမှာ မိန်းကလေးဘဝကနေ ယောကျ်ားလေးဘဝကို ညတွင်းချင်း ပြီးပြောင်း သွားတဲ့ သတင်းထူးကို ဦးဦးဖျားဖျား ဖော်ပြနိုင်တာ ဘယ်သူမှတ်လို့လဲ၊ တို့ပဲလေ... သိတယ် မဟုတ်လား"

"ဟင်"

"ဘာလဲ...အံ့သြသွားလား၊ မအံ့သြနဲ့ဦး... ဟောဒီ စာစောင်မှာ လည်း ဖတ်ကြည့်လိုက်ဦး၊ ကြောင်မကြီးနို့ ကြွက်ကလေး စို့တဲ့သတင်း





တွေ့လား။ ဒါ တို့ကိုယ်တိုင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး ဖော်ပြလိုက်တဲ့ သတင်းပေါ့၊ နောက်ပြီး ငှက်ပျောပင်ကို ခုတ်ထွင် ရှင်းလင်းရာက ထူးထူး ဆန်းဆန်း နဂါးပုံစံဖြစ်နေတဲ့ ငှက်ပျောအူတိုင်ကို တွေ့လိုက် ရတဲ့သတင်း၊ နောက်ပြီး စပါးကြီးမြွေကိုမျိုပြီး အစားကြီးတဲ့ အကြောင်း ပြလိုက်တဲ့ ဖားပြုတ်ကလေးရဲ့သတင်း၊ နောက်ပြီး ဘိလပ်မြေ အိတ်ငါးရာကို တစ်ရက်တည်းနဲ့ ကုန်အောင် စားပြတဲ့ လူထွားကြီး၊ နောက်ပြီး မင်းသမီးတွေ နာမည်ကို ရွတ်ပြတတ်တဲ့ ကြောင်ထီးကြီး၊ နောက်ပြီး..."

မင်းမျိုးတစ်ယောက် ရွှေစင် အထင်ကြီးလာစေရန် ထူးသည် ထင်သမျှသော သတင်းတွေကို တစ်ပုဒ်ပြီးတစ်ပုဒ် လက်ညှိုးထိုးပြလေရာ ရွှေစင်လည်း မင်းသမီး ရှုံးလောက်သော အမူအရာ အမျိုးမျိုးဖြင့် အံ့အားသင့်ပြလိုက်၊ အထင်ကြီး လေးစားပြလိုက်၊ ချီးကျူးစကား ဆိုလိုက်ဖြင့် အကယ်ဒမီ ယူနေလေ၏။

မင်းမျိုး စကားတွေ ဖောင်နေအောင် ပြောနေရင်းမှ ရွှေစင်ကို အကဲခတ်ကြည့်ရာ မိမိကို လွှတ်တွေရော အရမ်းတွေရော အထင်ကြီး လေးစားနေပြီကို ပါးနပ် ထက်မြက်သော သတင်းထောက်၏ ပါရမီအရ ရိပ်မိလိုက်သည်။

ယခု အနေအထားသည် အကောင်းဆုံး အနေအထားဖြစ်သည်၊ ရွှေစင့်စိတ်တွေ မိမိအပေါ် ညွတ်ကျနေတုန်း ရည်းစားစကား ပြောလိုက် လို့ကတော့ သူမ ရှက်စနိုးလေးပြုံးပြီး မျက်နှာကို ရင်ခွင်ထဲ လာဝှက် ထားမှာ မြေကြီးလက်ခတ် မလွဲပင်။

မင်းမျိုး ကိုယ့်အတွေးနှင့် ကိုယ် ပျော်မြူးသွားလျက် အိမ်အရိပ် အခြည်ကို တစ်ချက် အကဲခတ်ကာ စုံစမ်းကြည့်ရ သည်။

"ဪ... ကြည့်ပါဦး၊ ရွှေစင်နဲ့ စကားပြောကောင်း နေတာနဲ့ ကိုမျိုးသန့်တို့၊ ဦးလေးတို့၊ အန်တီတို့ ရှိလားတောင် မမေးမိဘူး။ အားနာစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သြော်... ကိစ္စမရှိပါဘူး ကိုမင်းရဲ့ ဆွေမျိုးတွေ ဖြစ်ကုန်ပြီပဲဟာ၊ ဟိုလေ... ကိုကိုကြီးနဲ့ ကြီးကြီးမေက မကေသီတို့အိမ်မှာ၊ ဘဘကြီးကတော့ စောစော အိပ်ရာဝင်တတ်တော့ ခုလောက်ဆို အိပ်ပျော်နေရောပေါ့"

"သြော်... ဟုတ်လား၊ ဒါဆို သိပ်ကောင်းတာပေါ့၊ အဟီး"

"ရှင်... ဘာကိုကောင်းတာလဲ"

"သြော်... ဒီလိုပါ၊ ခုလို မထင်မှတ်ဘဲ တို့တစ်တွေ ဆွေမျိုးတော်ရတာ သိပ်ကောင်းတာပဲလို့ ပြောတာ"

"အင်း...ဟုတ်တယ်နော်၊ တို့လည်း အဲဒီလိုတွေးမိရင် အရမ်းပျော်တာ၊ ဘာကြောင့်လဲဆိုတော့ ကိုမင်းလို နာမည်ကြီး သတင်းဂျာနယ်က ထူးချွန် ထက်မြက်သွက်လက်တဲ့ သတင်းထောက်နဲ့ပါ အမျိုးတော်ရလို့ အဟင်း... ပဲခူးပြန်ရောက်မှ ဘော်ဒါတွေကို ကိုမင်းအကြောင်း ပြောပြီး အပြတ်ကြွားပစ်လိုက်ဦးမယ်၊ ဒီတတိယမျက်လုံး သတင်းဂျာနယ်က ထူးပေ့ဆန်းပေ့ဆိုတဲ့ သတင်းမှန်သမျှ ရေးသား ဖော်ပြနေတာ ဘယ်သူမှတ်သလဲ၊ နာမည်ကြီး သတင်းထောက် မင်းမျိုးတဲ့၊ အခုငါနဲ့ အမျိုးတော်သွားပြီ ဆိုပြီးတော့လေ.... ဟင်း"

"အင်း...ဟုတ်တယ်နော်၊ ရွှေစင့်လို ချောချောလှလှ ကောင်မလေးနဲ့ အမျိုးတော်ရတာကို တွေးမိရင် တကယ်ကို ပျော်စရာကြီးပဲ၊ အဲ...ဒါပေမယ့် အမျိုးတော်ပုံကြီးက ဟိုဘက် ဒီဘက် ဖြစ်နေလို့ နည်းနည်း ဝေးနေသလိုပဲ"

"ရှင်... ဘယ်... ဘယ်လို"

"သြော်... ဒီလိုလေ၊ ရွှေစင်က ကိုမျိုးသန့်ဘက်က၊ တို့က မကေသီဘက်က၊ အဲသလို အဆင့်တွေခံပြီး အမျိုးစပ်မှ တော်ရတာဆိုတော့ တို့တစ်တွေ အမျိုးတော်ရတာ ကွေ့ကွေ့ပိုက်ပိုက်ကြီး ဖြစ်နေသလားလို့ပါ၊ ဒါကြောင့် ပိုနီးသွားအောင် ဘာအဆင့်မှမခံဘဲ တိုက်ရိုက်ကြီး အမျိုးတော်လိုက်ရင် ကောင်းမလားလို့... အဟဲ"





"ရော်... ဘာတွေ ပြောနေတာလဲ၊ ရှုပ်ယှက်ခတ်နေ တာပဲ အမျိုးတော်ဖို့အရေး ကွေ့ပိုက်တာတွေရော၊ တိုက်ရိုက် ကြီးတွေရော ဘာတွေမှန်းလဲ မသိဘူး"

"သြော်... တို့ဆိုလိုတာက ဒီလိုလေ၊ ဒီလို ဘယ်လိုလဲဆိုတော့ အဟင်း... ဒီလိုလေ၊ သတင်းမီဒီယာခေတ်ကြီးထဲမှာ သတင်းစကားနဲ့ တိုတိုထိထိ ပြောရရင်... ရင်..."

"ကျွီ... ဖွတ်... ဖွတ်... ဖွတ်ချက်"

မင်းမျိုး လိုရင်းကို မပြောလိုက်ရ။ ပြောမည်ကြံတုန်း ရှိသေးသည်။ အိမ်ရှေ့မှာ ကားတစ်စီးက အသံမျိုးစုံ ကျယ်လောင်စွာမြည်ပြီး ထိုးရပ်သွားသဖြင့် ရွှေစင် လည်ကလေးဆန့်ပြီး လှမ်းကြည့်သလို မင်းမျိုး စကားကို ရောက်သည့်နေရာမှာ ဘရိတ်အုပ်ထားပြီး လှည့်ကြည့်ရသည်။

မီးခိုးငွေ့တွေအူပြီး စက်သေသွားသောကားကို ကြည့်လျက် ကောင်းဘွိုင် မင်းသားလိုလို၊ ဆားပုလင်းနှင်းမောင်လိုလို ဝတ်စားဆင်ယင်ထားသည့် ကားပိုင်ရှင်လည်း အတော် ဒေါသထွက်သွားဟန်တူသည်။

သူ့ထက် ဒေါသထွက်ရသည်က မင်းမျိုး။ ဘယ့်နှယ့် သည်မှာ ရည်းစားစကား ပြောမည့်အချိန်ကျမှ တိုက်တိုက်ဆိုင်ဆိုင် အိမ်ရှေ့တည့်တည့် ကားလာပျက်ရကယ်လို့၊ ထို့ထက် ပိုပြီး ဒေါသထွက်စရာကို မင်းမျိုး တစ်ယောက် ထပ်ဆင့်ကြုံရပြန်သည်။

အခြားမဟုတ်။ ကောင်းဘွိုင်လိုလို၊ ဆားပုလင်းလိုလို ငနဲက ရွှေစင်ကို မြင်သည်နှင့် ကိုယ့်ကားပျက်တာကို ပြင်ဆင်ဖို့ ကြိုးစားအားထုတ်ရမည့်အစား မျက်လုံးအပြူးသားဖြင့် ရွှေစင့်ကိုသာ အားမနာတမ်း ဘူးကြည့် ကြည့်နေလေသည်။

သည်အတိုင်းဆိုလျှင် သည်ကားကို သည်အိမ်ရှေ့မှာ ကြာကြာ ပေးပျက်လို့မရ။ မြန်မြန်ပြင်ပေးပြီး မြန်မြန် မောင်းထွက်နိုင်းရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်... ညကြီး မင်းကြီး ဘယ်ကကားက ဒီမှာ လာပျက်ရတယ်လို့ မသိပါဘူး။ ရွှေစင်တို့ကို အားနာဖို့ သိပ်ကောင်းတာပဲ။ ကဲ... ရွှေစင် ခဏနေဦး၊ တို့ တစ်ချက် သွားကြည့်ပေးလိုက်ဦးမယ်"

ကားက သူ့ဘာသာသူ လာပျက်တာကိုပဲ မင်းမျိုးက ရွှေစင့်ကို မဆီမဆိုင် အားနာစကား ဆိုပြီး ထိုကားအား မျက်စိရှေ့မှ မြန်နိုင်သမျှ မြန်မြန်မောင်းထုတ်ဖို့ ပြင်ရသည်။ ကားထက် ကားပိုင်ရှင်ကို မောင်းထုတ်နိုင်ဖို့ အဓိကဖြစ်သည်။

အခြေအနေ အချိန်အခါ နေရာဒေသမရွေးဘဲ ဘူးနိုင်အားသည့် ထိုငနဲ၏ မျက်လုံးတွေကို မင်းမျိုး လုံးဝမကြိုက်။ ကားပျက်တာကို အကြောင်းပြုပြီး ဟိုဟာ အကူအညီတောင်းသလိုလို၊ ဒီဟာ အကူအညီတောင်းသလိုလို စကားရော ဖောရောလုပ်ပြီး ရွှေစင့်ကို ချဉ်းကပ်လာနိုင်တာကို မင်းမျိုး မြွေမြွေချင်း ခြေမြင်နေသည်။ အခုပဲကြည့်...။ ကိုယ့်ကားတစ်စီးလုံး ပျက်နေတာကိုတောင် မေ့လျော့ပြီး ရွှေစင့်ကိုသာ မျက်တောင်မခတ်တမ်း ငေးကြည့်နေသည် မဟုတ်ပါလား။ ထို့ကြောင့် ကြိုမြင်ထားသော အန္တရာယ်ကို ကြိုပြီး အပြတ်ရှင်းထားတာသာ ကိုယ့်အတွက် အကောင်းဆုံး ကာကွယ်ဆေးဖြစ်သည်ဟု ခံယူလျက် မင်းမျိုး ကားအနီးသွားရပ်ကာ...

"ဘာဖြစ်တာလဲဗျ ခင်ဗျားကားက"

ဟု အသံကျယ်ကျယ်ဖြင့် သတိပေးရသည်။ ထိုအခါမှ ငနဲလည်း သတိပြန်ဝင်လာလျက်...

"ဗျာ... ခင်ဗျာ... ဘာမှမဖြစ်ပါဘူး... အဟဲ"

"ဟင်...ဘာမှမဖြစ်ဘဲနဲ့ ခင်ဗျားက ဒီမှာ ဘာကြောင့်လာရပ်ထားရတာလဲ"

"ခင်ဗျာ... ဪ... ဟုတ်တယ်၊ ဖြစ်တယ်... ဖြစ်တယ်"

"ဆို... ဒါဆို ဘာဖြစ်တာလဲ"

"ဟင့်အင်း ဘာဖြစ်တာလဲတော့ ကျွန်တော်မသိဘူး"





"ရော်"

မင်းမျိုး ခေါင်းတစ်ချက် ကုတ်လိုက်မိသည်။

"ကဲ... ဒါဆိုလည်း နေ၊ ကျွန်တော်ပဲ ကြည့်ပေးလိုက်မယ်၊ စက်ဖုံးသာဖွင့်ပေး"

"ဟုတ်... ဟုတ်ကဲ့... ကျေးဇူးပါပဲ"

မင်းမျိုး ကားစက်ခန်းအတွင်း ဟိုသည် လျှောက်စမ်း ကြည့်နေရာမှ ကားပိုင်ရှင်ကို တစ်ချက် လှမ်းကြည့်ရာ တင်းသွားရသည်။ သည်မျှ ကားပြင်နေတာကို မကြည့်ဘဲ ရွှေစင့်ကိုသာ ကွက်ကြည့် ကွက်ကြည့် လုပ်နေသည်။ ထို့ကြောင့်...

"ကဲ... ဘော်ဒါ... ကားကို ဟိုဓာတ်မီးတိုင်အောက် ရွှေ့ရအောင်၊ နည်းနည်းတွန်းလိုက်ပါဦး"

ဟု မျက်ကွယ်အရပ်ကို ရွှေ့နိုင်းရသည်။ ဒါတောင် ငတိက...

"ဟင် ဒီအိမ်ရှေ့က ဓာတ်မီးတိုင်လည်းလင်းနေသားပဲ၊ ဘာဖြစ်လို့ ဟိုကိုရွှေ့ရတာလဲ"

ဟု ပေကပ်ကပ် လုပ်ချင်နေသေးသဖြင့်...

"ဒါ... ကျုပ်ရပ်ကွက်၊ ဘယ်နေရာမှာ ဘာလုပ်ရင် သင့်တယ်ဆိုတာ ကျုပ်အသိဆုံးပဲ၊ အရေးကြီးတာက ခင်ဗျားကား ပြန်ကောင်းသွားရင် ပြီးတာပဲမဟုတ်လား။ ကဲ... တွန်း... ကြာတယ်"

ဟူ၍ အမောက် ထောင်ပြလိုက်ကာမှ ငနဲလည်း နဂါးမှန်းသိပြီး ရိုကျိုးသွားတော့သည်။

အလိုရှိရာ ဓာတ်မီးတိုင်အောက် ရောက်သည်နှင့် မင်းမျိုးလည်း ငတိကို အနားမပေးဘဲ ဟိုဟာယူခိုင်း၊ ဒီဟာ ယူခိုင်း၊ ကားကို စမ်းသပ် ပြင်ဆင်ပေးလေသည်။ အတန်ငယ် အကြာမှာတော့...

"ကဲ... ရပြီ၊ စက်နှိုးကြည့်ပါဦး"

"ဟုတ်ကဲ့"

"ဂူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ... ရပြီ၊ ဒီအတိုင်းသာ မောင်းသွားပေတော့"

"ဟုတ်...ဟုတ်ကဲ့၊ ကျေးဇူး အရမ်းကိုတင်တယ်ဗျာ၊ ဘယ်လို ကျေးဇူးဆပ်ရမယ်မှန်းတောင် မသိတော့ဘူး"

"ရတယ်... အထွေအထူး ဘာမှမလိုဘူး၊ ခင်ဗျား ကားကို မြန်နိုင်သမျှ မြန်မြန်မောင်းထွက်တာဟာ ကျုပ်ကို ကျေးဇူးဆပ်တာပဲ လို့သာ မှတ်လိုက်"

"ဟင်... ဘာ... ဘာဖြစ်လို့"

"ဒီမှာ ဘာဖြစ်လို့တွေ ညာဖြစ်လို့တွေ လုပ်မနေနဲ့၊ သွားတော့၊ တော်ကြာ ညွှန်စာရင်း လာစစ်တော့မယ်"

"ဟင် ဟုတ်လား၊ ဒါ... ဒါဆို သွားတော့မယ်နော် တာ့တာ"

"အိုကေ... တာ့တာ"

မဆီမဆိုင် ညွှန်စာရင်း စစ်မယ်ဆိုပြီး ခြောက်လိုက်တာကိုပဲ အဟုတ်မှတ်ပြီး ကြောက်ပြေး ပြေးသွားလေသည့် ငနဲကို ကြည့်ပြီး မင်းမျိုး ရယ်မိလေသည်။

"အတော်ရယ်ရတဲ့ကောင်ပဲ ဟားဟားဟား"

မင်းမျိုး ရယ်ကောင်းကောင်းနှင့် ရယ်မောနေတုန်း ရွှေစင် အနားသို့ ရောက်လာပြီး စပ်စုလေ၏။

"ကိုမင်း ဘာတွေ သဘောကျပြီး ရယ်နေတာလဲဟင်"

"ဪ... စောစောက ကားပျက်သွားတဲ့ အူကြောင်ကျားကို သဘောကျပြီး ရယ်တာပါ"

"ဟင်... ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ... ညကြီးအချိန်မတော် ကိုယ့်ကား ပျက်နေတာတောင် စိတ်ပူရကောင်းမှန်းမသိဘဲ ဖွန်က ကြောင်ချင်သေးတယ်"

"အင်းလေ... ဟုတ်ပါရဲ့၊ တို့ကို ကြည့်နေတာများ မျက်လုံးတွေက ခေါ်တောတစ်ထောင် အားလောက်များ ရှိမလားပဲ၊ အမြင်ကတ်စရာ ကောင်းလိုက်တာ"





"ဒါကြောင့် တို့လည်း အဲဒီကောင် မြန်မြန်ပြန်ထွက်သွား အောင်ဆိုပြီး သူ့ကားကို အမြန်ပြင်ပေးလိုက်တာပေါ့၊ အမယ် ကောင်က ကားပြန်ကောင်း သွားတာတောင် မခွာချင်သေးဘဲ ရစ်တစ်တစ်လုပ်ချင်နေလို့ ညွှန်စာရင်း နဲ့ ခြောက်လိုက်ကာမှ ကြောက်အားပိုပြီး ကားဘီး လေးဘီးလုံး လည်သွားတဲ့အထိ မောင်းပြေးတော့တာများ ဟား...ဟား...ဟား"

"ခစ်...ခစ်...ခစ်"

မင်းမျိုး စကားကို သဘောကျပြီး ရွှေစင်လည်း မင်းမျိုးနဲ့အတူ လိုက်လံ ရယ်မောလေသည်၊ ပြီးမှ တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့်...

"ဒါနဲ့ ခုမှပဲ မေးဖို့ သတိရတော့တယ်၊ ကိုမင်းက ကားလည်း ပြင်တတ်တယ်နော်၊ အံ့ပါရဲ့"

"ဪ ကမ္ဘာနဲ့ယှဉ်ပြီး ရင်ပေါင်တန်းနိုင်ဖို့ ရည်မှန်းချက်ရှိတဲ့ သတင်းသမားပီပီ စက်ဘီးတွေ၊ ကားတွေ ပြင်တာလောက်က အေးဆေးပါ၊ သဘော်တို့၊ လေယာဉ်ပျံတို့တောင် ပြင် တတ်သေး တယ်၊ ဒါမှလည်း ဘယ်ယာဉ်ကိုပဲ သုံးပြီး သတင်းလိုက်လိုက် ခရီး ကြန့်ကြာစရာ အကြောင်းမရှိမှာလေ"

"ဟယ်... ကြည့်ပါဦး၊ ကိုမင်းက ထင်တာထက်တောင် ပိုတော်နေသေးတယ်"

"အဟီး"

မြှောက်ပြောတာသာ သေချာလို့ကတော့ မင်းမျိုးတို့က အချိန် အခါ နေရာမရွေးဘဲ သဘောကျတတ်ပြီးသား။ တစ်နည်းအားဖြင့် ကိုယ့်ကို မြှောက်ပင့် ပြောဆိုရသူမှန်သမျှ အားမငယ်စေရဘဲ မြှောက်ပြော ရကျိုး နပ်သည်ဟု အထင်ရှိစေရန် လူမှုရေး သိတတ်သည်လည်း မည်၏။ သို့သော် ချက်ချင်းဆိုသလို မျက်နှာပိုး သတ်လိုက်ပြီး...

"တကယ်တော့ ဒါဟာ သတင်းထောက်ကောင်းတိုင်း တတ်အပ်တဲ့ အဌာရသ ပညာရပ်တွေထဲက တစ်ခုပါပဲ၊ သတင်းထောက်ကောင်း ဆိုတာ ရုပ်ဝတ္ထုတွေကို နားလည် တတ်ကျွမ်းရုံမကဘူး၊ လူ့စိတ်ကိုပါ



www.burmeseclassic.com

www.burmeseclassic.com



ဖတ်နိုင်ရတယ် ရွှေစင်ရဲ့၊ လူတစ်ယောက်ရဲ့ အပြောအဆို အမူအရာကို ကြည့်တာနဲ့ အဲဒီလူ ဘာတွေလုပ်ပြီး ဘာတွေ ကြံစည်နေတယ် ဆိုတာကိုပါ တပ်အပ်သေချာ ပြောနိုင်ပြီးသားပဲ"

ဟူ၍ မိန့်မိန့်ကြီး ဆိုလိုက်လေရာ ရွှေစင် ယခင်ကထက်ပိုပြီး အထင်ကြီး လေးစားသော အကြည့်တွေဖြင့် ကြည့်ကာ...

"ဟယ်... အဟုတ်"

ဟု တအံ့တသြ ဆို၏။ မင်းမျိုး ငွေ့ငွေ့လေးပြုံးရင်း ခေါင်း တစ်ချက် ညိတ်ပြကာ...

"ဒါပေါ့... အနီးကပ်ဆုံး ဥပမာပေးရရင် စောစောက ဒီရှေ့မှာ ကားလာပျက်တဲ့ ငနဲ့ကိုပဲ ကြည့်၊ ဥပဓိ မရှင်းဘူး၊ ဘယ်ကိစ္စကိုမဆို အရှက်မရှိ မျက်နှာပြောင်တိုက် လုပ်ရဲမယ့်လူမျိုး၊ ပြီးတော့ သူ့ပုံစံဟာ ရာဇဝတ်မှုမကင်းတဲ့ အလုပ်တွေကို လုပ်ကိုင်နေတယ်ဆိုတာ အထင် အရှားပဲ"

"ဟယ်... ကြောက်စရာကြီးပါလား"

"ဒါတောင်... တို့ပြောတာ အကင်းပဲ ရှိသေးတယ်၊ လူပေါင်းစုံနဲ့ တွေ့ဆုံ ဆက်ဆံနေရတဲ့ သတင်းထောက် အတွေ့အကြုံအရ ပြောရရင် ဒီလူဟာ ဒီလို ညကြီးမင်းကြီး ကောင်းဘွိုင်လို ဆားပုလင်းလိုလို ဝတ်စားထားခြင်းအားဖြင့် ရာဇဝတ်မှုတစ်ခုခု ကျူးလွန်ဖို့၊ လူတွေကို ရိုက်စားလုပ်ဖို့ ကြံစည်နေတယ်ဆိုတာ အထင်အရှားပဲ"

"အလို... ဘုရားရေ"

"ဒါတင် ဘယ်ကဦးမလဲ...၊ သူဟာ စိတ္တဇသမားတစ်ယောက် ဆိုတာကိုလည်း သူ့မျက်လုံးတွေက ဖော်ပြနေတယ်"

"ဟယ်တော့... ဒုက္ခပါပဲ"

"အဲဒါကြောင့် ပြောတာပေါ့ ရွှေစင်ရဲ့၊ ကားတွေ... ဖုန်းတွေ၊ ဝတ်ကောင်းစားလှတွေကို ကြည့်ပြီး အရမ်းအထင်ကြီးလို့ မရဘူး ဆိုတာ၊ ကိုယ်ပိုင်မရှိဘဲနဲ့ လူအထင်ကြီးပြီး ရိုက်စားလုပ်လို့ရအောင်





ငှားရမ်း ကိုင်ဆောင်ပြီး ဟိတ်ကြီး ဟန်ကြီး ထုတ်နေတာ ရန်ကုန်မှာ အများကြီးပဲ"

"ဟယ်... ဒီလိုကိစ္စမျိုးတွေ ရှိတယ် ဟုတ်လား"

"ရှိတာပေါ့... ရှိတာမှ အများကြီးရယ်၊ အခု တို့ ပြောသလို မကောင်းတဲ့ လက္ခဏာတွေအားလုံး စောစောက အူကြောင်ကျားဆီမှာ အကုန်ရှိတယ် သိလား"

"အင်းနော်... ကိုမင်းပြောတာ ဟုတ်မယ်"

"ဟုတ်ကို ဟုတ်တာပေါ့ ရွှေစင်ရယ်၊ တို့ပြောရင် ဘယ်တော့မှ မမှားဘူး၊ စိတ်ချ"

"ဪ"

မင်းမျိုး တစ်ယောက် ရွှေစင့်ကို ရည်းစားစကား ပြောကာနီး လေးမှ အချိန်ကိုက် အနှောင့်အယှက်ပေးလေသော ထိုငနဲကို တစ်စက် ကလေးမှ ရစရာမရှိအောင် ဖိပြောပစ်လိုက်ရသဖြင့် နေသာထိုင်သာ ရှိသွားရသည်။

ဟုတ်ပါရဲ့၊ ရည်းစားစကား ပြောမှာကို ဖျက်လို ဖျက်ဆီးလည်း ပြုသော၊ ကားပြင်နေတဲ့ မင်းမျိုးရဲ့ မျက်နှာကိုမှ မထောက်။ မင်းမျိုး ရည်စူးထားသူကိုလည်း ခေါ်တော် တစ်ထောင်အားနှင့် ကြံရွယ်ပါ ရှိတ်လိုက်သေးသည် ဆိုတော့ မင်းမျိုး တင်းမယ်ဆိုလည်း တင်းစရာ ရယ်။

ဘာပဲပြောပြော ယခုတော့ တင်းစရာတွေလည်း ပြန်လျော့ပါး သွားပြီဖြစ်သဖြင့် ရည်မှန်းချက် ဆက်လက် အကောင်အထည်ဖော်ရ ပေဦးမည်။ ထို့ကြောင့် အတူယှဉ်တွဲ လျှောက်လာရင်းမှ အိမ်ရှေ့ ရောက်သည်နှင့် ခြေလှမ်းကို တုံ့ခနဲရပ်ကာ စကားကို အစ ပြန်ဖော် ရသည်။

"ဪ... ဒါနဲ့ စောစောက အိမ်ပေါ်မှာ ပြောခဲ့တဲ့ အရေးတော် မယ့်ကိစ္စကို ပြန်ကောက်ရ... ရ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်... မင်းမျိုး၊ ဘာသတင်း ထူးလို့လဲကွ၊ တို့ကိုလည်း ပြောလေဦးကွာ၊ ရွှေစင် ထစ်ယောက်တည်းကိုပဲ တိုးတိုး တိတ်တိတ် ပြောပြလို့ ဘယ်တရားမလဲကွ"

"အေးလေ... တို့လည်း သိချင်တာပေါ့လို့"

သို့သော် မင်းမျိုး စကားဆုံးအောင် မပြောလိုက်ရပါ။ အလိုက် ကန်းဆိုးမသိတတ်သော တင်ကိုကိုနှင့် အောင်စိုးမိုး ဆိုသည့် အဖျက် အမှောင့် နှစ်ယောက်က ထင်မှတ်မထားဘဲ ပေါ်ထွက်လာပြန်သဖြင့်...

"ဟာ... သွားပါပြီကွာ"

ဟူ၍သာ အသံတိတ် ရေရွတ်ပြီး ကိုယ့်ကံကြမ္မာ အတွက်သာ ကြေကွဲရတော့သည်။

သို့သော် သည်နှစ်ကောင်သည်လည်း ယုံရသည် မဟုတ်။ လမ်းကြို့ ဝင်ဆည်ချင်ယောင်ဆောင်ပြီး ရွှေစင့်ကို ပိုးပန်းဖို့ ရည်ရွယ်ရင်း ရှိမှန်း သိသာသည်။ ထို့ကြောင့် သူတို့ကိုလည်း ရွှေစင်နှင့် စကား လက်ဆုံ ပြောခွင့်မသာစေရန် ပယုတ်ရမည်သာ။

"သြော်...အေး...မင်းတို့လာတာနဲ့အတော်ပဲ၊ ငါလည်း အဲဒီ သတင်းကို ပြောပြချင်နေတာ၊ ကိုလုအေး လက်ဖက်ရည်ဆိုင်သွား ထိုင်ပြီး ပြောကြတာပေါ့ကွာ၊ ကဲ...ရွှေစင်.... ဂွတ်နိုက်...သွားပြီ"

"ဟုတ်... ဂွတ်နိုက်... ကိုမင်း"

မင်းမျိုး ရွှေစင့်ကို နှုတ်ဆက်စကားဆိုလိုက်ခြင်းအားဖြင့် တင်ကိုကို တို့ နှစ်ယောက်ကို ပညာသားပါပါ နှိပ်ကွပ်လိုက်လေရာ သကောင့်သား နှစ်ပွေလည်း မိန်းမချောလေးနှင့် နှုတ်ဆက်စကားပင် ဆိုခွင့်မရနိုင်ရှာ သော ညချမ်းမှာ ကြေကွဲမှုတွေ ယီးလေး ခိုသွားကြတော့သည်။

သည်ကနေ့ ညရဲ့ အရာရာကို အောင်နိုင်လေသူ မင်းမျိုး ကတော့ မိန့်မိန့်ကြီး ပြုံးလျက်သာတည်း။





မောင်ချစ်သူ
ရေ

( ၇ )

"ဒုန်း...ဒုန်း...ဒုန်း"

"ဟိတ်...မင်းမျိုး၊ ထစမ်း... အိပ်ရာက မြန်မြန်ထစမ်း"

"ကိုမင်း... ကိုမင်းရေ... ကိုမင်း"

မင်းမျိုး လှပသော အိပ်မက်ကမ္ဘာလေးထဲ ရောက်ရှိရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာက ဆူဆူညံညံ အသံတွေကြောင့် လန့်နိုးသွားရသည်။

"ကိုမင်း...ကိုမင်း... တံခါးဖွင့်ပါဦး"

"သား... ကိုမင်း... ထ,တော့လေ"

"ဒီလောက် နိုးနေတာတောင် မနိုးသေးဘူး၊ အအိပ်ကြီးလှ ချည်လား"

"ထစမ်း... ဟိတ်ကောင်...၊ အခုမှ အိပ်ချင်ယောင် ဆောင် မနေနဲ့၊ ဒီမှာ မင်းကိစ္စ မင်းလာရှင်း"

မင်းမျိုး အိပ်ရာမှ လူးလဲထ,ရင်း စားပွဲတင်နာရီကို လှမ်းကြည့်သည်။

"ဟင်း... ငါးနာရီပဲ ရှိသေးတယ်၊ စောစောစီးစီးကွာ၊ ဘာတွေ ဖြစ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းမျိုး မကြည့်မလင် ရေရွတ်မိရင်း တံခါးကိုဖွင့်လိုက်သည်နှင့် မျက်လုံးအစုံ ပြူးကျယ်သွားရသည်။

မိမိတို့ဘက်က မိဘဆွေမျိုးတွေအပြင် ကိုမျိုးသန့်ဘက် မိဘဆွေမျိုးတွေကိုပါ စုံလင်စွာ တွေ့ရသည်။ ထို့အပြင် သူတို့အားလုံး၏ မျက်နှာတွေက သုန်မှုန် ခက်ထန်နေသည်။

မင်းမျိုး ကြောင်တောင်တောင်ဖြင့် တစ်ယောက်ချင်း၏ မျက်နှာတွေကို လိုက်ကြည့်မိစဉ်...

"ဟိတ်ကောင်... ဘာကြောင်တောင်တောင်လိုက် ကြည့်နေတာလဲ၊ မိဘမျက်နှာ အိုးမည်း သုတ်တဲ့ကောင်၊ ဒီမှာ မင်းပြဿနာ မင်းရှင်းစမ်း"

ဆိုသည့် ဖခင် ဦးကျော်အေး၏ ဆိုင်းမဆင့် ဗုံမဆင့် ပြောချလိုက်သော ပြဿနာ စကားကြောင့် မင်းမျိုး 'ဗျာ' မတ,မိခင်မှာပင် ကိုမျိုးသန့်၏မိခင် ကြီးကြီးမေက...

"ဆွေမျိုးချင်း မျက်နှာမှမထောက် လုပ်ရက်လိုက်တာကွယ်"

ဆိုပြီး ရင်နင့်သံကြီးနှင့် ဆိုလာပြန်၏။ မင်းမျိုး စိတ်ရှုပ်သွားသော မျက်နှာဖြင့်...

"ဟာ... ဒုက္ခပါပဲဗျာ၊ ကျွန်တော်က ဘာတွေလုပ်လို့ ဘာတွေလာပြောပြီး ပြဿနာ ဗိုင်းရှာနေကြရတာလဲ"

ဟု ဘုတောလိုက်ရာ ကိုမျိုးသန့်က...

"ညီလေးရာ... မင်း ငါ့ကို မကျေနပ်လို့ ကလဲ့စား ချေချင်တယ် ဆိုရင်လည်း ပြောပါ၊ ငါ လည်စင်းခံပေးပါ့မယ်၊ ဒါပေမယ့် ဒီနည်းနဲ့တော့ မရက်စက်သင့်ပါဘူး"

ဟု ထိခိုက် ကြေကွဲစွာ ဆိုလာပြန်သည်။ မကေသီကလည်း သည်အရေးမှာ နောက်ချန် မနေနိုင်အားဘဲ...

"ကိုမင်း... နင်...နင်... ဒါ ငါတို့ မင်္ဂလာဆောင်မယ့်နေ့ကိုမှ သက်သက်ရွေးလုပ်တာမဟုတ်လား၊ ဘာလဲ ကိုယ့်အစ်မတစ်ယောက်လုံး





သူစိမ်းတွေကြားမှာ မျက်နှာ မဖော်ရဲလောက်အောင် မျက်စိသူငယ် နားသူငယ်နဲ့ နေရတာကို နင်က အရသာခံပြီး ကြည့်ချင်လို့ ဒီလို လုပ်ရတာလားဟင်၊ တကယ်ပါပဲ ငါ သေချင်တယ်... သေချင်တယ်"

ဟူ၍ ခင်ပွန်းဖြစ်သူနှင့် သွေးစည်းကြောင်း ပြလေသည်။ မနက်စောစောစီးစီး ဘုမသိ ဘမသိ ပြဿနာ အရှာခံနေရသဖြင့် မင်းမျိုး တင်းသွားရသည်။

ထို့ကြောင့်...

"ဟာ... ဘယ်လို ဖြစ်နေကြတာလဲ၊ ဒီမှာ ဘာကိစ္စ ဆိုတာကိုလည်း အရင်ပြောကြပါဦး၊ ဗိုင်းကောနေကြတာကို ဘုမသိ ဘမသိနဲ့ ခံနေရတာ တင်းလာပြီနော်၊ တင်းလာပြီ"

ဟူ၍ ပေါက်ကွဲ ပြလိုက်ရသည်။ သည်ကြားထဲမှာမှ စန္ဒာက...

"အောင်မယ်... ကိုမင်းနော်၊ အခုမှ မသိချင်ယောင်ဆောင် မနေနဲ့"

ဟု ဝင်ပြီး ရန်ထောင်လာသဖြင့် မင်းမျိုး ခပ်စူးစူး ပြန်ကြည့်ပြီး...

"ဘာလဲ ပြော၊ ငါက ဘာကို မသိချင်ယောင်ဆောင်နေတာလဲ"

"ကိုမင်း မနေ့ညက မရွှေစင်ကို စန္ဒာ လိုက်ပို့နေတဲ့ ကြားက နင်ပြန်တော့ ငါပဲ လိုက်ပို့ပေးလိုက်မယ် ဆိုပြီး မရွှေစင်ကို ခေါ်သွားတယ်လေ"

"အေးလေ... ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒါကြောင့်ပဲ မရွှေစင် ခိုးရာလိုက်သွားနိုင်တာပေါ့"

"ဘာ...ဘာ... ဘာပြောတယ်၊ ရွှေစင် ခိုးရာလိုက်သွားပြီ... ဟုတ်လား"

မင်းမျိုး ထင်မှတ်မထားဘဲ ကြားလိုက်ရသော စကားကြောင့် လမ်းဘေးပုံးတွေ ဆက်တိုက်ကွဲသော ဘဂ္ဂဒက်သို့ ရောက်ရှိသွားသလို ခံစားလိုက်ရသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ကဲ... မင်း ဘာငြင်းဦးမလဲ၊ ဒီကိစ္စမှာ ငါလည်း ထက်သေ ခံနိုင်တယ်၊ မင်း မနေ့ညက ငါ့အိမ်မှာ ငါ့တူမ ရွှေစင်နဲ့ လက်ဖက်သုပ် အတူစားပြီး စကားတွေ ထိုင်ပြောနေတာကို ငါ အိပ်ခန်းကနေ အတိုင်းသား ကြားနေရတယ်၊ ငါပြောတာဟုတ်သလား မဟုတ်ဘူးလား"

မင်းမျိုး ခံစားချက်မဲ့ ပေါင်မုန့်ခြင်မှာပင် ကိုမျိုးသန့် ဖခင် ကလည်း အတိအလင်း စွပ်စွဲလာပြန်သဖြင့်...

"အင်းလေ... အဲဒါနဲ့ ရွှေစင် နိုးရာလိုက်ပဲ့ကိစ္စမှာ ကျွန်တော့် ကို ဝိုင်းလက်ညှိုးထိုးကြတာ ဘာဆိုင်လို့လဲ"

"ဟုတ်ပြီ ဒါဆိုရင် မင်းနဲ့ရွှေစင် စကားပြောနေတုန်း အိမ်ရှေ့မှာ ကားတစ်စီး လာမပျက်ဘူးလား"

"အင်း... ပျက်တယ်"

"အဲဒီကားကို ချက်ချင်း ပြန်ကောင်းသွားအောင် မင်း သွားမပြင် ပေးဘူးလား"

"ဟုတ်တယ်... ပြင်ပေးတယ်"

"အေး... အဲဒါ အဖြေပဲပေါ့ကွ"

"ဟင်... ဘာမှလည်း မဆိုင်ဘူး"

"ဘာလို့ မဆိုင်ရမှာလဲကွ၊ အဲဒါ ရွှေစင့်ကိုလာခိုးတဲ့ သူ့ချစ်သူရဲ့ ကားကွ"

"ဗျာ"

မင်းမျိုး တစ်ယောက် ယောက်က ဆောင့်တွန်းလိုက်တာကို ရုတ်တရက် ခံလိုက်ရသလို ဖင်ထိုင် လဲကျသွားရတော့သည်။

"ဒါ မောင်ရင်တို့ အချင်းချင်း အချိတ်အဆက်ရှိလို့၊ မောင်ရင့် အကူအညီရလို့သာ ရွှေစင် သူ့ချစ်သူနောက်ကို ခုလို အလွယ်တကူ နိုးရာလိုက်နိုင်တာပေါ့၊ တောက် အသိ နောက်ကျတာနာသကွာ။ လူယုံသတ်တာ လူယုံသတ်တာ ဟွန်း"

ဆိုသော စွဲချက်တင်သံများ။





"ရက်စက်လိုက်တာ ကိုမင်းရယ်...! ကြီးမေရဲ့မောင်နဲ့ ညီမအာ သူတို့သမီးလေးကို ကြီးမေတို့လက်ထဲ စိတ်ချလက်ချ ထည့်ပေးလိုက် ကာမှ ခုလို ဖြစ်ရတယ်ဆိုတော့ ကြီးမေတို့ ညီအစ်ကို မောင်နှမချင်းလည်း စိတ်ဝမ်းကွဲရပြီပေါ့၊ အခု ကြည့်... သူတို့သမီးကို သူတို့ သဘော မတူတဲ့ ကောင်လေးနောက် ပါသွားရလေအောင် မစောင့်ရှောက်နိုင်ရ ကောင်းလားလို့ စိတ်ဆိုးပြီး ဒီနေ့မနက် သူကိုတူလေး မင်္ဂလာပွဲအမီ လာမယ့်ကိစ္စတောင် မလာတော့ဘူး၊ စိတ်နာသွားကြပြီတဲ့ အဟင့် ဟင့်..."

ဆိုသည့် ရင်ကွဲပက်လက် ငိုချင်းများကို မင်းမျိုး မကြားနိုင်တော့ပါ။ လူကို ခပ်တည်တည်နှင့် တစ်ပတ်ရိုက် အရှုးလုပ်သွားသော လူလည် မလေး ရွှေစင်ကိုမြင်ယောင်မိရင်း ရှက်စိတ်၊ ခံပြင်းစိတ်တို့ ဖောင်းကား လာရကာ...

"တောက်... ဒီသေချင်းစိမ်းမလေး ကတော့ကွာ"

ဟု၍ နာနာကြည်းကြည်း ရေရွတ်လျက် နေရာမှ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၈ )

"ဝါး...ဟား...ဟား...ဟား"

"ဟား...ဟား...ဟား"

"ဟား...ဟား... မင်းမျိုး ဆိုတဲ့ကောင် တော်တော် ရယ်ရတယ်ကွာ"

"အေးလေ... ဟုတ်ပါရဲ့၊ ဟား...ဟား...ဟား"

တင်ကိုကို၊ အောင်စိုးမိုး၊ ဌေးသိန်း၊ ကိုလှအေးနှင့် ကာလသားတစ်သိုက် မင်းမျိုး၏ ဖြစ်ကြောင်းရယ်တွဲမှ ကုန်စင်ကို စကားဝိုင်းဖွဲ့ပြီး အတောမသတ် ရယ်မော နေကြလေသည်။

"အံ့ပါရဲ့ကွာ... ဘယ်နှယ့် ကိုကြောင်နေတဲ့ ကောင်မလေးကို ခိုးပြေးဖို့လာတဲ့ ကားမှန်းမသိ ဘာမှန်းမသိ သဘောတွေ လွှတ်ကောင်းပြီး ကားပျက်တာကို သွားပြင်ပေးရသေးသတဲ့၊ အဲဒီတော့ ဟိုက ဘာဖြစ်လို့လဲ၊ ကားလည်း ကောင်းသွားရော ကောင်မလေးကိုလည်း တစ်ခါတည်း ခိုးပြေးပါလေရောပေါ့ ဟား...ဟား...ဟား"

"အဲ... တစ်လက်စတည်း ရယ်စရာ ပြောရဦးမယ်၊ ဒီကောင်က ရွှေစင် ခိုးရာလိုက်ဖို့ ချိန်းချက်ထားလို့ ရောက်လာတဲ့ ရွှေစင့်ဘဲကို





ရွှေစင့်ဘဲမှန်းမသိဘဲ အဲဒီကောင်က စိတ္တဇသမား၊ ရိုက်စား၊ ဘာညာဆိုပြီး ရွှေစင် ကြောက်အောင် ခြောက်လှန့်သေးသတဲ့၊ အဲဒါ ဟိုကလည်း ရှူးချင်ယောင်ဆောင်ပြီး ဟင်... ဟုတ်လား၊ ကြောက်စရာကြီး၊ ဘာညာဆိုပြီး ဖော်လို လိုက်ပေးတာကို ဒီကောင်က အဟုတ်ကြီး မှတ်နေတယ်၊ ဟော... ဒီကောင်လည်း ကျောပေးလိုက်ရုံ ရှိသေး၊ ရွှေစင်လည်း သူ့ဘဲကားဆီ ပြေးပါလေရော"

"ဝါး... ဟား...ဟား...ဟား"

မင်းမျိုး လက်ဖက်ရည်ဆိုင်ထဲ ဝင်မည်ပြုပြီးမှ ပြောဆို ရယ်မောနေသော ကိုလှအေးတို့ အုပ်စု၏ အသံဝါဝါကြီးကြောင့် ရှေ့ဆက်မလှမ်းရဲတော့ဘဲ တုံ့ခနဲ ရပ်လိုက်ရသည်။

"ဟုတ်ပါရဲ့... ပြောလိုက်ရင် သူ့လောက် ထက်မြက် ပါးနပ်ပြီး လူကဲ ခတ်တတ်တာဆိုလို့ သူပဲရှိတယ်၊ ဘယ်သူတွေ ဘာကြံစည်နေသလဲဆိုတာ သူပဲအကုန်သိတယ်နဲ့၊ နောက်ဆုံးတော့ သူချည်းခံရတာပဲ"

"ဝါး... ဟား...ဟား...ဟား"

တင်ကိုကို ပြောလို့ဆုံးမည် ကြံရုံရှိသေးသည်။ အောင်စိုးမိုးကလည်း ချေးခြောက် ရေနွေးပြီး ရယ်သံတွေကို ကဲ့ယူပြန်သည်။

"ဟား... အဲဒီဘက်မှာ မင်းမျိုး ပါရမီ ထူးပုံများတော့ ဩချလောက်တယ်၊ သူ သဘောကျနေတဲ့ ကောင်မလေးကို ခိုးပြေးဖို့ကို ခိုးပြေးဖို့ လာမှန်းမသိဘဲ ကားပျက်တာ ပြင်ပေးတာလောက်တော့ မပြောနဲ့၊ သူ့အစ်မကိုခိုးပြေးမယ့် သူကိုတောင် ခိုးပြေးမယ်မှန်းမသိဘဲ ကြက်ဥတွေ တိုက်တာသာ ကြည့်ပေတော့"

"ဝါး... ဟား...ဟား...ဟား"

မင်းမျိုး မျက်နှာကြီး ရှုံ့မဲ့သွားလျက် နောက်ကြောင်း ပြန်လှည့်မည် ပြင်လိုက်စဉ်မှာ သိန်းဌေးထံမှ စကားသံ ထွက်ပေါ်လာပြန်သည်။

"ကြည့်ရတာ မင်းမျိုးက ကြက်ဥတိုက်မိတဲ့ကိစ္စ လူပြောစရာဖြစ်သွားတာကို မခံနိုင်လို့ မျိုးသန့်ရဲ့ညီမ ရွှေစင့်ကို ပြန်ကြံစည်တာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်မယ်ကွ၊ ဒီကောင် ရှေ့စင့်ကို တကယ်ကြိုက်တာတော့ မဖြစ်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကောင်က ဘယ်မိန်းမကိုမှ သူ ပြော,ပြောနေတဲ့ သတင်းတွေလောက် စိတ်ဝင်စားတာ မဟုတ်ဘူးကွ"

"အေးကွ... ဒါတော့ဟုတ်တယ်၊ ဟုတ်တယ် ဆိုပေမယ့်လည်း ဖွတ်မရ ဓားမလည်းဆုံးဆိုသလို နောက်ဆုံးတော့ ခံရတာက ခံရတာပါပဲကွာ"

"ဝါး... ဟား...ဟား...ဟား"

အောင်စိုးမိုး၏ မှတ်ချက်က မင်းမျိုးကို လူရယ်စရာ ဖြစ်စေပြန်သည်။ ထိုသို့သော အခြေအနေကြားထဲတွင်မှ ကျော်ကျော်လတ်က...

"မင်းမျိုး ဒီလိုကြောင်ချက်တွေ ရှိပေမယ့် တော်တဲ့အခါလည်း တော်ပါတယ်ကွာ၊ လှိုင်မြို့နယ် အမှတ်(၁၂) ရပ်ကွက် မီးလောင်တဲ့ သတင်းဆိုရင် ကြည့်ပါလား၊ မီးစ,လောင်ပြီဆိုတာနဲ့ ချက်ချင်းရောက်သွားပြီး မီးလောင်နေတဲ့ နေရာတွေအထိ အနီးကပ်ဆုံး သွားပြီး ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ပြီး သတင်းယူနိုင်တာကိုပဲ ကြည့်လေကွာ"

ဟူ၍ အကောင်းမြင် စိတ်ဖြင့် ဝင်ရောက် ဖာထေး ပြောဆိုပေးသဖြင့် မင်းမျိုး စိတ်သက်သာရာ ရသွားရသည်။ သို့သော် ကြာကြာမခံပါ။

"ဩော်... မင်းကလည်း ကြံဖန် အထင်ကြီးနေပြန်ပါပြီ၊ ဒီကောင်က ဘယ်တုန်းကများ အတည်ဖြစ်ဖူးလို့လဲ၊ အမြဲတမ်းလွဲနေတဲ့ဟာကို၊ ငါ့အထင် အဲဒီ သတင်းကိစ္စမှာလည်း အယ်ဒီတာက သူ့ကို ငမိုးရိပ်မိကျောင်း မွေးမြူရေးစခန်းသွားပြီး သတင်းယူခိုင်းတာကို ကားမှားစီးသွားပြီး လှိုင်မြို့နယ်ကို ရောက်သွားမယ်၊ အဲဒီမှာ ငမိုးရိပ်မိကျောင်း မွေးမြူရေးစခန်း ဘယ်မှာလဲဆိုတာ လိုက်ရှာရင်း မီးလောင်တဲ့နေရာဆီ ရောက်သွားတာပဲ ဖြစ်ရမယ်"

"ဝါး... ဟား...ဟား...ဟား"

တင်ကိုကို၏ အရွှန်း ဖောက်လိုက်သောစကားကို သဘောကျပြီး အားလုံး ဝိုင်းရယ်ကြပြန်သည်။ ဘာရယ်မဟုတ်။ ပြောလက်စ,နှင့်





ရယ်စရာဖြစ်အောင် ဖာတ်လမ်းဆင် ပြောလိုက်သောစကား ဖြစ်သော်လည်း သိက္ခာတရားနှင့် ဆိုင်သည်မို့ မင်းမျိုး ပေါက်ကွဲသွားရသည်။ မိမိ၏ ကြိုးစား အားထုတ်မှုဖြင့် ရရှိသော သတင်းတန်ဖိုးကို မိမိသာ အသိဆုံးဖြစ်သည်။ ဒါကို လွယ်လွယ် နောက်ပြောင် ပြောဆိုနေခြင်းသည် အသိမဲ့ စော်ကား နှိမ့်ချခြင်းသာ ဖြစ်သည်။ နောက်နောင် ကွယ်ရာမှာရော ရှေ့မှာပါ သည်လို ငါ့စကား နွားရ မပြောကြစေရန် မျက်နှာချင်းဆိုင် ရှင်းရမည် ဟူသောအတွေးဖြင့် မင်းမျိုး ခြေလှမ်းလှမ်းရန် ပြင်လိုက်သည်။ သို့သော်လည်း...

"တော်ပါတော့ကွာ... အဲလောက်ကြီးလည်း မပြောပါနဲ့၊ ကြားရင် စိတ်မကောင်း ဖြစ်နေဦးမယ်၊ တို့က အချင်းချင်းတွေမို့ အထင်မကြီးလို့ ရပေမယ့် သူ့အလုပ်ကို သူ တကယ် တန်ဖိုးထားပြီး ကြိုးစား လုပ်ကိုင်တာကိုတော့ အသိအမှတ်မပြုလို့ မရဘူးကွ"

ဆိုသော အောင်စိုးမိုး၏ မျှတသော အမြင်ကြောင့် မင်းမျိုး ခြေလှမ်း ဆက်မလှမ်းဖြစ်တော့။

အားလုံးကလည်း အောင်စိုးမိုး ပြောတာကို ခေါင်းညိတ်ထောက်ခံကြလေသည်မို့ မင်းမျိုးလည်း ဇွဲမယူနိုင်အားတော့ဘဲ ခြေဖျားထောက်ကာ နောက်ကြောင်း ပြန်လှည့်လေသည်။

"ဟင်း... ခွေးကောင်တွေ၊ မလိုတစ်မျိုး လိုတစ်မျိုးနဲ့ ဒီလောက်အပြောင်းအလဲ မြန်တာ၊ ဂျာနယ် တစ်စောင်လောက် လုပ်ခိုင်းလိုက်ရ... ဟွန်း... မြင်းကို ဘီးတပ်ပေးသလို ဖြစ်သွားဦးမယ်"

ဟူ၍ ရယ်ကျဲကျဲဖြင့် ရေရွတ် ပြောဆို မိသေးတော့တည်း။



www.burmeseclassic.com

www.burmeseclassic.com



သကာတစ်ပြက် တွေ့မိရန့် မေ့မရတဲ့ မျက်နှာလေးကို
စက္ကန့်ရွေ့တမျှ မြင်ယောင်တမ်းတရင်း...
ပြန်ဆုံမယ် မဆုံမယ် မသေချာတဲ့ ပစ္စုပ္ပန်ဒိုင်ယာရီထဲ
ငါ့ရင်ခုန်သံတွေ ရေးဖွဲ့လို့ ကောင်းတုန်း...
ငါ့နတ်သမီးရှိရာဆီ ငါ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့
ငါတို့ ရေစက်မကုန်သေးလို့ ယုံကြည်မိတဲ့ ထိုတစ်နေ့မှာ
ရှင်သန်ခြင်း ကောင်းကင်မှ ဆင်းသက်လာတဲ့
မြူသောနှင်းတို့ဖြင့် ထိုက်တန်စွာ ထုဆစ်ထားရာ
ငါ့နတ်သမီးရဲ့ အမည် နာမတော်ဟာ
ငါ့စကြဝဠာထဲ အကြိမ်ကြိမ် ထောင်သောင်းမက
ပွဲတင်ထပ် ရိုက်ခတ်နေလေရဲ့...။





## ( ၉ )

"ကိုမင်းမျိုး အဃ်ချုပ် ခေါ်နေတယ်"

မင်းမျိုး အိတ်ဆောင်ရိကော်ဒါ ကက်ဆက်လေးဖွင့်ပြီး ထီလုပ်ငန်းရှင် တစ်ဦးနှင့် အမေး အဖြေ လုပ်ထားသမျှကို ပြန်လည်ရေးသားနေစဉ် ရုံးအဖွဲ့ဝင် ကေကေ၏ အသံကြောင့် ခေါင်းမော့ကြည့်ပြီး...

"အေး...အေး... လာပြီ"

ဟု တုံ့ပြန်သံပေးရင်း ကက်ဆက်ကို ပိတ်လိုက်ကာနေရာမှ ထ,ရသည်။

တစ်ဆက်တည်းမှာ ရေးမှတ်စရာရှိလျှင် ရေးမှတ်ရန်အတွက် စာအုပ်နှင့် ဘောလ်ပင်ကို တစ်ပါတည်း ယူဆောင်ပြီး အယ်ဒီတာချုပ်ရုံးခန်းထဲ ဝင်ရသည်။

မင်းမျိုး ဝင်လာတာ မြင်သည်နှင့် အယ်ဒီတာချုပ် ဦးမိုးက...

"လာ... မင်းမျိုး... ထိုင်"

ဟု ဆိုကာ သူ့စားပွဲရှေ့ရှိ ထိုင်ခုံမှာ ဝင်ထိုင်စေသဖြင့် မင်းမျိုးလည်း...

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု တရိုတသေ ခေါင်းညိတ်ပြရင်း ဝင်ထိုင်ရသည်။ မင်းမျိုး နေရာမှာ ထိုင်မိသည်နှင့် အယ်ဒီတာချုပ် ဦးမိုးက ပြုံးလျက်...

"ဒါနဲ့ ဒီလမှာ မောင်ရင် စာမူခနဲ့ ဆုကြေးရတာ အများဆုံးလို့ပဲ ပြောတယ်၊ ဟုတ်လား"

"ခင်ဗျာ... အမ်း... ဟုတ်မယ်ထင်တယ် ခင်ဗျ"

"ဒါဆိုရင်တော့ မောင်ရင် ကိုယ့်ကို ဒီညနေစာ လိုက်ကျွေး သင့်တယ် ထင်ရဲ့နော်"

"ခင်ဗျာ... ဩော်...ဟုတ်ကဲ့...ရပါတယ် ဆရာရဲ့"

"ဟား...ဟား...ဟား၊ အလကား စတာပါကွာ၊ ဒီလအတွက် မောင်ရင်ရဲ့ ကြိုးစားမှုက အားလုံးထက်သာလို့ ခုလိုစာမူခနဲ့ ဆုကြေး အများဆုံးရတာပေါ့၊ မဟုတ်ဘူးလား၊ ဒါကြောင့် ဒီစံချိန်ကို ဆက်ထိန်း နိုင်အောင် ကြိုးစားပါလို့ ပြောချင်တယ်"

"ဟုတ်ကဲ့... စိတ်ချပါဆရာ၊ ကျွန်တော် အစွမ်းကုန် ကြိုးစား ပါ့မယ်"

"အိမ်း... ကောင်းတယ်၊ အခု မောင်ရင့်ကို ခေါ်ရတာက မောင်ရင့်ရဲ့ ရိုးသား ကြိုးစားမှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ဒီနေ့ကစပြီး အကြီးတန်း သတင်းထောက်အဖြစ် တိုးမြှင့် ခန့်ထားတဲ့အကြောင်း သတင်းကောင်း ပေးချင်လို့ပါ"

"ဗျာ"

မျှော်လင့်မထားဘဲ ကြားလိုက်ရသော စကားကြောင့် မင်းမျိုး အံ့လည်း အံ့သြကာ ဝမ်းသာသွားရသည်။ သို့သော် ဆင်ခြင်သတိ အမြဲရှိသူပီပီ...

"ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော့် အလုပ်ကို ကျွန်တော် တာဝန် ကျေပွန်ရပါစေမယ်လို့ ကတိပေးပါတယ် ဆရာ"

"ကိုယ် ယုံကြည်ပါတယ်ကွာ၊ ဒါကြောင့်လည်း ခုလိုတာဝန်ကို တိုးမြှင့် ထမ်းဆောင်စေတာပေါ့၊ ကဲ... ကဲ... လုပ်စရာရှိတာ ဆက်လုပ်ပါ"





"ဟုတ်ကဲ့ပါဆရာ... ခွင့်ပြုပါဦး"

"အေး...အေး... ဩော်... ဒါနဲ့..."

"ဟုတ်ကဲ့ ဆရာ"

"ဒီမှာ ဒီတစ်ပတ်ထုတ် ဂျာနယ်မှာဖော်ပြမယ့် မောင်ရင့်သတင်းနဲ့ ပတ်သက်ပြီး တစ်ဖက်က ကွန်ပလိန်းတက်လာ နိုင်တယ်နော်"

"ဩော်... အကြီးအကျယ် ကြော်ငြာထားသလို အရည်အသွေး မမီဘဲနဲ့ ဈေးကွက်ထဲဖြန့်လို့ စားသုံးသူတွေအတွက် အန္တရာယ်ရှိတယ် ဆိုတဲ့ ကုန်ပစ္စည်းကိစ္စလား ဆရာ"

"အင်း... ဟုတ်တယ်၊ အဲဒီအတွက် မောင်ရင့်ဘက်ကလည်း ကြိုတင် ပြင်ဆင်ထားဦး၊ ကိုယ်လည်း တစ်ဖက်က ပြင်ဆင်ထားပြီးသားပါ၊ ဒိုးရိမ်စရာတော့မရှိပါဘူး၊ မောင်ရင့် သတင်းအခြေအမြစ်က ခိုင်ပြီးသားပဲ၊ ဒါကြောင့် ကိုယ်လည်း မျက်နှာဖုံးသတင်းအဖြစ်သုံးရဲတာပေါ့၊ ကဲ... ကဲ...ရပြီ သွားတော့"

"ဟုတ်ကဲ့ ဆရာ"

မင်းမျိုး အယ်ဒီတာချုပ်ရုံးခန်းထဲမှ သွက်လက် ပေါ့ပါးသော ခြေလှမ်း၊ ရွှင်မြူး ကြည်နူးသော မျက်နှာဖြင့် ထွက်လာသည်ကို ကြည့်ပြီး အားလုံးလည်း ပြုံးမိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ( ၁၀ )

သည်နေ့ သည်ရက်မှာ မင်းမျိုးတစ်ယောက် အပျော်ကြီး ပျော်နေသည်ကို လူချင်း မသိသော သူစိမ်းတစ်ရံဆံများပင် မြင်ရုံနှင့် ရိပ်မိနိုင်လောက်သည်။

သည်နေ့ အယ်ဒီတာချုပ်၏ ချီးကျူး ဂုဏ်ပြုစကားကိုလည်း ရရှိသည်။ တစ်ဖန် တိုးမြှင့် ထမ်းဆောင်နိုင်မည့် အခွင့်အရေးကိုလည်း ရရှိသည်။ လစာ တိုးမြှင့်ခံစားရမည့် အခွင့်အလမ်းကိုလည်း ရရှိသည်။

အပင်ပန်းခံ လိုက်ထားသော သတင်းကိုလည်း မျက်နှာဖုံးသတင်း အဖြစ် ဖော်ပြပေးမည့် အရေးပါမှုကိုလည်း ရရှိသည်။

ဘာလိုသေးသနည်း။ ဘာမျှ မလိုတော့ပါ။

သည်နေ့ သည်ရက်ကစပြီး မင်းမျိုး တစ်ယောက် ကောင်းကျိုး ကိုယ်၌ တည်စေရန် ကောင်းသော အလုပ်တွေကိုသာ အာရုံစိုက် တော့မည်။

သတင်းသမား တစ်ယောက်၏ အာရုံကို အနှောင့်အယှက် ပေးတတ်သော ရန်လိုမုန်းတီးမှုနှင့် အကဲဆတ်တို့ကို စွန့်ခွာလိုက်ပေ တော့သည်။





မင်းမျိုး ကိုယ့်စိတ်ကူးနှင့် တစ်ကိုယ်လုံး လန်းဆန်း တက်ကြွလျက် အိမ်ပြန်ဖို့ ဘတ်စ်ကားဂိတ်သို့ ခပ်သွက်သွက် လျှောက်လှမ်းမိလေသည်။

ထိုခဏမှာပင် ညာဘက်ခြေထောက် တင်းခနဲ ဖြစ်သွားပြီး ချက်ချင်းဆိုသလို ဟာတာတာ ဖြစ်သွား၏။ စိုးရိမ်တကြီး ငုံ့ကြည့်မိရာ ကတ္တီပါဖိနပ် သဲကြိုး ပြတ်သွားသည်ကို သိလိုက်ရသည်။

မင်းမျိုး ရှက်စိတ်ဖြင့် ဘေးဘီကို တစ်ချက်ဝေ့ကြည့်ရသည်။ မည်သူမှ သတိထားမိပုံ မပေါ်။ ထို့ကြောင့် စိတ်နည်းနည်း သက်သာရာ ရသွားလျက် မသိမသာ ဆက်လျှောက်သွားရသည်။ သိပ်မလျှောက် လိုက်ရ၊ ဖိနပ်ဆိုင် တစ်ဆိုင်တွေ့သဖြင့် ဝမ်းသာသွားရသည်။

သို့သော် ဖြစ်ချင်တော့ ထိုဆိုင်က မင်းမျိုးစီးနေကျ ပြည်တွင်းဖြစ် ကတ္တီပါ ဖိနပ်တွေကို မတင်ဘဲ နိုင်ငံခြားဖြစ် ကွင်းထိုးဖိနပ်တွေကိုသာ သီးသန့် ရောင်းသောဆိုင် ဖြစ်နေသည်။ ဖိနပ်တစ်ရံ ဈေးနှုန်းကလည်း မနည်းမို့ မင်းမျိုး ရင်တွေခုန်ရပြန်သည်။

ခက်သည်က အခုမှတော့လည်းပဲ ဟိုယောင်ယောင် သည် ယောင် ယောင်လုပ်ပြီး တပ်ပြန်ခေါက်ဖို့ကလည်း မသင့်။ ဖိနပ်တစ်ဖက် ပြတ်နှင့် ဆိုင်ထဲဝင်လာသည့် မိမိကို ဆိုင်ဝန်ထမ်းတွေကလည်း တွေ့နှင့်ပြီးဖြစ်သည်။

ထို့ကြောင့် အိတ်ကပ်ထဲပါသည့် ပိုက်ဆံနှင့် ဝယ်နိုင်လောက် သည့် ဖိနပ်အမျိုးအစားကို မေးမြန်း စုံစမ်းကြည့်ရသည်။

ကံကောင်းထောက်မစွာ မင်းမျိုး ဝယ်ရန်တတ်နိုင်သည့် ဖိနပ် အမျိုးအစားက ရှိနေသည်။ သို့သော် များများစားစားတော့ မဟုတ်။ ကတ်သီးကတ်သတ် တစ်ရံတည်းရယ်၊ နောက်ပြီး ဖိနပ်က ခြေထောက် ထက် ပိုကြီးနေပြန်သေးသည်။

စီးနေကျလည်း မဟုတ်သလို ကြီးလည်းကြီးနေသဖြင့် မင်းမျိုး စိတ်ထဲ ချိတုံချတုံ ဖြစ်နေသော်လည်း ဆိုင်ဝန်ထမ်းမလေးတွေ ကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဪ... အစ်ကိုကလည်း နခေတ်မှာ ဒီလိုပဲ ဖိနပ်ကို အကြိုးကြိုးတွေစီးမှ စတိုင်လ်ကျတယ် ထင်ကြတာ၊ ဒီဖိနပ်ပဲယူလိုက်ပါ၊ အစ်ကိုနဲ့ လိုက်ပါတယ်"

ဟု ပိုင်းဝန်း တိုက်တွန်းရင်း ရောင်းထွက်ဖို့ အားထုတ်ကြလေသည်။ မင်းမျိုး ဖိနပ်ကို စွပ်ကြည့်လိုက် ချွတ်ကြည့်လိုက်ဖြင့်...

"အင်း... တုတ်တယ်၊ နည်းနည်း ကြီးနေသလိုပဲ"

ဟူ၍ စိတ်တိုင်း မကျသလို့ဘဲ ရေရွတ်ပါများ၍ထင့် အရောင်းဝန်ထမ်းမလေးတွေလည်း စိတ်မရှည်ချင်ကြတော့။

"အစ်ကို ဒီဖိနပ်ကို မကြိုက်ဘူးဆိုရင်လည်း အခြားဖိနပ်တွေ ပြောင်းစီးကြည့်လေ၊ ဒါပေမယ့် အခြားဖိနပ်ကျတော့ အစ်ကိုသုံးချင်တဲ့ ငွေနဲ့ကျတော့ ကိုက်မှာ မဟုတ်ဘူး။ ဈေးနည်းနည်း ပိုများလိမ့်မယ်"

ဟုပညာပြလာ၍ မင်းမျိုး ဘာလုပ်ရမှန်းမသိ ဝေခွဲရခက်နေစဉ်...

"ဪ... ဘာတွေ ချိတုံချတုံဖြစ်နေတာလဲ၊ ဒီဖိနပ်ပဲ ယူလိုက်တာ မဟုတ်ဘူး"

ဟူ၍ အနီးကပ် ထွက်ပေါ်လာသော အသံကြောင့် မင်းမျိုး စိတ်တိုသွားရကာ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

မချိုးမခန့် မျက်နှာထားဖြင့် ပြုံးစ,စ, လုပ်ထားသော မိန်းမချောလေးတစ်ဦးကို တွေ့ရသည်။ ရင် ဒိန်းခနဲခုန်သွားလျက် မင်းမျိုး ဘာပြောရမှန်းမသိ ဖြစ်နေစဉ် သူမကပင်...

"ဪ... ဒီဖိနပ်ပဲ ဝယ်လိုက်ပါဆို ဘာလှည့်ကြည့်ရတာလဲ၊ ဖိနပ်ကကြီးနေလည်း ဘာဖြစ်လဲ၊ နောက် လူက ထွားလာဦးမယ့်ဟာ၊ အဲဒီကျရင် ဖိနပ်လည်း ခြေထောက်နဲ့ အလိုလို တော်သွားမှာပေါ့ကွယ့် ကလေးရဲ့"

ဟူ၍ လူကြီးသူမ တစ်ယောက်က ကလေးငယ် တစ်ယောက်ကို ပြောသလို ပြောဆိုလေသဖြင့် အနီးရှိလူများ သဘောကျကာ ရယ်ကြလေသည်။





"ဟား...ဟား...ဟား"

"ခစ်...ခစ်...ခစ်"

သူမ၏ စီးပိုး နိမ့်ချသောစကားက ဘေးလူတွေအဖို့ ရယ်စရာကောင်းသော်လည်း ကာယကံရှင် မင်းမျိုးအဖို့ အောင့်သီးအောင့်သက်ဖြစ်ရသည်။

ဘယ့်နှယ်... ဒီမှာက အသက်ပဲ နှစ်ဆယ်ကျော်လို့ လူကြီးဖြစ်နေပြီ၊ မရှိတော့... ထွားလာဦးမယ်လို့ ပြောရအောင် ကလေးလေးမှ မဟုတ်တာ။

တစ်ခါဆို တစ်ခါဖူးမှလည်း၊ တွေ့ဖူး ဆုံဖူးခြင်းမရှိသော လူစိမ်းတွေ ဖြစ်ပါလည်း ယခုလို အသားလွတ်ကြီး နှိပ်ကွပ် နောက်ပြောင်မှုကို မင်းမျိုး ခံပြင်းသွားရသည်။

သို့သော် မင်းမျိုး ပြန်မပက်နိုင်ခင်မှာပင် ငတိမက ဆတ်ကော့ဆတ်ကော့နှင့် ဆိုင်ထဲမှ ထွက်ခွာသွားလေပြီ ဖြစ်သည်။

"တောက်"

မင်းမျိုး 'တက်' တစ်ချက် မတိုးမကျယ် ခေါက်လိုက်မိသည်။ ဆိုင်ဝန်ထမ်းမလေးက...

"အစ်ကို ဒါဆို ဒီဖိနပ်ကို မယူဘူးမဟုတ်လား"

ဟူ၍ ဖိနပ်ကို ပြန်သိမ်းဆည်းရန် ပြင်လေသဖြင့် မင်းမျိုး ဆိုင်ဝန်ထမ်းမလေးကို ခပ်စူးစူး တစ်ချက်ကြည့်ကာ...

"အေး... ဒါပဲယူမယ်"

ဟု တစ်ခွန်းတည်း ခတ်ပြတ်ပြတ် ပြောလိုက်သည်။ ဒါကိုပင် ဆိုင်ဝန်ထမ်းမလေးက ဘယ်လို သဘောပေါက်သွားသည်မသိ။

"အင်းလေ... ဟုတ်ပါတယ်၊ ဒီဖိနပ်ပဲ ယူလိုက်ပါ၊ စောစောက တစ်ယောက် ပြောသွားသလိုပါပဲ၊ လူက ထွားလာဦးမယ့် ဥစ္စာ"

တဲ့လေ။

ကဲ...။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့်...။

ထူးဆန်းနေတာက သူမရဲ့ အကြည့်လေးတွေ ချိုမြလှချည့်ရဲ့ကွယ်။

သူမ့မျက်နှာကို မြင်တွေ့လိုက်ကတည်းက တဒုန်းဒုန်း ခုန်နေတဲ့ ရင်ခုန်သံတွေက အခုထိကိုပဲ မရပ်နိုင်သေး။

ခက်...ခက်ရ ချည်သေးရဲ့။

နေရင်း ထိုင်ရင်း...။





( ၁၁ )

မင်းမျိုး ထမင်းစားပြီးသည်နှင့် ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ထွက်ရန် ပြင်ရသည်။ အိမ်အပြင်ထွက်ဖို့ ဖိနပ်စီးမည် ကြံတော့ ဖိနပ်က ရှာမရ။

"ဟင်... နေရင်းထိုင်ရင်း ဖိနပ်က ဘယ်ရောက်သွားရတာလဲဟ"

မင်းမျိုး တစ်ယောက် ပွစိပွစိ ရေရွတ်ရင်း ကြောင်တောင်မရ ဖြစ်နေသည်ကို မျက်စိနောက်လာဟန်ဖြင့် ဖခင်ဖြစ်သူက...

"ဟိတ်ကောင်... တစ်ယောက်တည်း ဘာတွေဖြစ်နေတာလဲ ဟိုရှာ ဒီရှာနဲ့"

"ကျွန်တော့်ဖိနပ် ပျောက်လို့ လိုက်ရှာနေတာ"

"ဟေ...ဒီအိမ်မှာ မင်းအမေရယ်၊ ငါရယ်၊ မင်းရယ် သုံးယောက်ပဲ ရှိတဲ့ဥစ္စာ မင်းဖိနပ်က ဘယ်လိုပျောက်ရတာလဲ၊ စည်းကမ်းမှမရှိတာ"

ဖခင် ဦးကျော်အေး ထိုင်ရာက မထ,ဘဲ မင်းမျိုးကို အပြစ်တင်စကား ဆိုသည်။ မှီခင် ခေါ်ညွှန်ခမျာတော့ မနေသာဘဲ ဖိနပ်ချွတ်သည့်ဆီ လျှောက်လာရင်း ဟိုဒီ လိုက်ကြည့်ပေးကာ...

www.burmeseclassic.com



"ဟင်း… ဒီနေရာ ကျဉ်းကျဉ်းလေးမှာ သားဖိနပ် တစ်ရံပဲ ကွက်ပျောက်နေတာတော့ မဟုတ်သေးပါဘူး။ မှန်း…ဟင်… ဟိုကွင်းထိုး ဖိနပ်ကြီးက ဘယ်သူ့ဖိနပ်ကြီးလဲ"

ဟု လက်ညှိုးညွှန်ပြသဖြင့် မင်းမျိုးလည်း ခေါင်းခါပြလျက်…

"မသိဘူး အမေရဲ့၊ ကျွန်တော်လည်း အဲဒါ ကြည့်နေတာ၊ အိမ်ကို ဧည့်သည်တွေ ဘာတွေများလာသေး…"

ဟု တုံ့ပြန်ဖြေကြားပြီးမှ ရုတ်တရက် သတိရကာ…

"ဟင်… မဟုတ်ပါဘူး၊ အဲဒါ ကျွန်တော့်ဖိနပ်ပဲ"

ဟု ပျာပျာသလဲ ပြန်ပြောရသည်။ မိခင်က…

"ဟွန်း… ဖြစ်ရမယ်၊ တကတည်း မပြောလိုက်ချင်ဘူး"

ဟု ရယ်သံနှော၍ဆိုသော်လည်း မျက်နှာသာ မပေးတတ်သော ဖခင်ကမူ…

"ဟင်း… ကိုယ့်ဖိနပ် ကိုယ့်မျက်စိရှေ့ထားပြီးပဲ ပျောက်နေရတယ်လို့ကွာ၊ ရှုးပါ့"

ဟူ၍ ဆန်ရင်း နာနာဖွပ်လေသည်။ မင်းမျိုးလည်း မလုံမလဲ ပြုံးရင်း…

"ဪ ဒီဖိနပ်က ဒီနေ့ညနေရုံးဆင်းမှ ဝယ်လာတာလေ… စီးနေကျ မဟုတ်တော့ မျက်စိရော ခြေထောက်ရော ကျင့်သားမရသေးလို့ပါ၊ အဲဒါကြောင့်… ဟီး…"

ဟု မိမိကိုယ်မိမိ ကာကွယ်ရေးစကားဆိုရင်း အိမ်မှခပ်သွက်သွက် လစ်ထွက်ရလေသည်။ ဒါတောင်မှပဲ…

"ဟင်… ဖိနပ်ကလည်း အကြီးကြီးပါလား၊ ဘယ်လို စိတ်ကူးနဲ့ ဒီလိုဖိနပ်ကို ဝယ်စီးရတာလဲ"

ဆိုသော မိခင်၏ တအံ့တသြ ရေရွတ် ပြောဆိုမှုကို…

"အို… မင်းသားက အရှုးပဲဉစ္စာ၊ ဒီလောက်တော့ ရှိမှာပေ့ါ"

ဆိုပြီး ဖခင်က သိကွာ တင်ပေးလိုက်လေရာ မင်းမျိုး ကျော တွန့်ခနဲ ဖြစ်သွားလျက် ဖိနပ်ကို ယောင်ပေါင်ပြီး ငုံ့ကြည့်မိသည်။





တစ်ဆက်တည်းမှာပင် သည်ဖိနပ်ကိုဝယ်ဖို့ တိုက်တွန်း အားပေး သွားသော မချောလေးကိုလည်း မြင်ယောင်မိ၏။

ဆံပင် မတိုမရှည်၊ အရပ် မနိမ့်မမြင့်၊ အသားအရည် ခပ်လတ် လတ် မျက်နှာဝိုင်းလေးနှင့် သွက်လက်ပေါ့ပါးစွာ နေထိုင် ရှင်သန်တတ် ဟန် တူသည်။

အစ,ပထမတော့ ထိုမချောလေးကို အသားလွတ်ကြီး လာနောက် ပြောင်ရကောင်းလား ဆိုပြီး မင်းမျိုး ပေါက်ကွဲမိသေးသည်။ သို့သော် ချက်ချင်းဆိုသလို မင်းမျိုး၏စိတ် အမှောင်ဖုံးမှုကို ချစ်ခင် မြတ်နိုးဖွယ် ကောင်းသော သူမ၏ လင်းပ ရှင်းသန့်သည့် အလှက ဖယ်ခွာချ လိုက်သည်။

အလင်းရောင်…။

အလင်းရောင်ကို ရှာဖွေ တွေ့လိုက်ပြီလား…။

ကြိုတင် စီစဉ်ထားခြင်းမရှိပါဘဲ မင်းမျိုးတစ်ယောက် ရင်ခုန်သံ ပြော မြန်လာသည်။

ရော်…။

ခက်ပါပေ့လား…။

ဘယ်သူမှန်းလည်း မသိ၊ ဘယ်မှာနေမှန်းလည်းမသိ၊ ဘာလုပ်မှန်း လည်း မသိ။ နောင်ပြန်တွေ့စရာ အကြောင်းလည်း မရှိ။ ဈေးဝယ် လမ်းကြုံ ခဏတစ်ဖြုတ် ဆုံမိရုံလေးရှိတဲ့ မိန်းကလေးတစ်ယောက် အတွက်နဲ့များ…။



www.burmeseclassic.com

## ( ၁၂ )

သည်နေ့ မင်းမျိုးတစ်ယောက် အကြီအစည် ကြီးမားစွာဖြင့် ဆက်သွယ်ရေးရုံးချုပ်သို့ ရောက်ရှိနေလေသည်။

အခြားတော့မဟုတ်။ အများသူငါလိုပဲ ဂျီအက်စ်အမ်ဖုန်း လာလျှောက်ခြင်း ဖြစ်သည်။ လျှောက်တာတောင်မှ တစ်ယောက်တည်း အတွက် မဟုတ်။ မိဘ ဆွေမျိုးတွေ အားလုံးအတွက်ပါ လျှောက်ပေး နေခြင်း ဖြစ်သည်။

ဂျီအက်စ်အမ်ဖုန်း ငှားရမ်းခွင့် လျှောက်လွှာမှာ လိုအပ်တာတွေ ရေးသား ဖြည့်သွင်းလိုက်၊ စာအိတ်ပေါ် တံဆိပ်ခေါင်း ကပ်လိုက်ဖြင့် တစ်ယောက်တည်း ရှုပ်ယှက်ကို ခတ်နေသည်။ ရှုပ်ယှက်ခတ်ဆို တင်မည့်လျှောက်လွှာက အစောင် လေးဆယ်ကျော်ရှိသည်။ ထိုသို့ တစ်ယောက်တည်း ခေါင်းမဖော်နိုင်အောင် အလုပ်များ နေတုန်း...

"ဟိတ်...ဒီမှာ ဖုန်းလျှောက်လွှာတင်ချင်လို့၊ ဘယ်လို လုပ်ရ မလဲဟင်"

ဟူ၍ နံဘေးမှ ထွက်ပေါ်လာသည့် အသံကြောင့် မင်းမျိုး စိတ်ရှုပ်သွားရသည်။





နောက်ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ဆိုလျှင် သည်နေ့အတွက် ဖုန်းလျှောက်လွှာ လက်ခံချိန် စေ့တော့မည်။

ထို့ကြောင့် သတ်မှတ်ချိန်အမီ ဖုန်းလျှောက်လွှာတွေ တင်နိုင်ဖို့ အတွက် လုံးပန်းနေရသည့်ကြားထဲ ဒင်းက တစ်မျှောင့်။

မင်းမျိုး မကြားချင်ယောင် ဆောင်ပြီး လုပ်စရာရှိတာ ဆက်လုပ် နေပါသော်လည်း...

"ဟွန်း...ဖုန်းလျှောက်တာ လောဘကြီးလိုက်တာ၊ ကိုယ့်အတွက် တင် မကဘူး၊ ရှိသမျှ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းအတွက်ပါ ပါတယ်၊ လေးစားပါတယ်၊ တကယ် အံ့မခန်း ရောမ မျိုးချစ်ပုဂ္ဂိုလ် ကြီးရယ်"

ဆိုပြီး ဆက်လက် ထွက်ပေါ်လာသော သရော်သံကြောင့် မင်းမျိုး တင်းပြီး ချာခနဲ လှည့်လိုက်သည်။

"ဟင်... မင်း...မင်း"

မင်းမျိုး အံ့ဩသွားရသည်။

ဟုတ်သည်။ သူမ,မှ သူမ အစစ်။ မနေ့စာုန်းက ဖိနပ်ဆိုင်မှာ မိမိကို ကျီစယ် နောက်ပြောင်သွားသော သူမ။ မနေ့ညက အိပ်မက်ထဲကို အလည်လာသော သူမ။

မင်းမျိုး တားဆီးချိန် မရလိုက်ခင်မှာပင် ရင်က ဒိန်းခနဲခုန်သွား သည်။ မင်းမျိုး ဘာစ,ပြောလို့ ပြောရမှန်းမသိဘဲ သူမကို ကြောင်ကြည့် နေမိသည်။ ဒါကိုပဲ သူမက...

"ဘာလို့ အဲလောက် စိုက်ကြည့်နေတာလဲ၊ အခုအချိန်မှာ ရုပ်ရှင်မင်းသမီးထက်သာတဲ့ တို့အလှထက် ဖုန်းလျှောက်လွှာကို အချိန်မီ တင်နိုင်ဖို့က ပိုအရေးကြီးတယ်ဆိုတာ သတိလည်းထားပါဦး"

ဟူ၍ အမှတ်ယူ ပြောဆိုနေပြန်သည်။ သူမအပြောကို မင်းမျိုး သဘောကျပြီး ပြုံးမိကာ...

www.burmeseclassic.com



"ဟုတ်ပါပြီ… မင်းလည်း တို့လိုပဲ ဖုန်းလျှောက်လွှာ ထင်မလို့တဲ့ မဟုတ်လား၊ ဒါဆိုရင် လျှောက်လွှာမှာ လိုအပ်တာ ဖြည့်သွင်း… ပြီးရင် စာအိတ်ထဲထည့်၊ စာအိတ်ပေါ်မှာ တံဆိပ်ခေါင်းကပ်လိုက်၊ ပြီးရင် စာအိတ်ပေါ်မှာပဲ လျှောက်လွှာ တင်ပေးတဲ့ မင်းနာမည်နဲ့ လိပ်စာကိုရေး၊ ဟုတ်ပြီလား"

ဟူ၍ စိတ်လိုလက်ရ ပြောပြီးနောက် နောက်ဆုံးကျန်ရှိသည့် လျှောက်လွှာကို လက်စသတ်ရသည်။ ပြီးစီးသည်နှင့် လျှောက်လွှာ အားလုံးကို လက်မှာစုကိုင်ပြီး သူမကို ကြည့်လိုက်သည်။

သူမလည်း မင်းမျိုး ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ပြီးသည်နှင့်…

"ဒီမှာ တစ်ချက်စစ်ပေးပါဦး၊ တို့လုပ်ထားတ ၁ မှန်ရဲ့လားလို့"

ဟူ၍ ဖုန်းလျှောက်လွှာ ထည့်သွင်းထားသည့် စာအိတ်ကို မင်းမျိုး မျက်နှာရှေ့သို့ ထိုးပြ၏။ မင်းမျိုး ကြည့်လိုက်ရာ 'ချစ်နှင်းဖြူ' ဆိုသော နာမည်လေးနှင့်တကွ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်လမ်း ဆိုသည့် သူမနေထိုင်ရာ လိပ်စာကိုပါ သိရှိလိုက်ရသည်၊ ပီတိစိတ်ကလေး ရိပ်ခနဲ လှုပ်ရှားသွားလျက်…

"အင်း… မှန်ပါတယ်"

"မှန်တယ်ဆိုရင် ဘာဆက်လုပ်ရဦးမလဲ"

"တို့လုပ်သလိုသာ လိုက်လုပ်၊ ဒါဆို ရပြီ"

"အင်း… ဒါလည်း ဟုတ်တာပဲ"

"ဟုတ်တယ် ဆိုရင်လည်း မြန်မြန်သွားရအောင်၊ တော်ကြာ လျှောက်လွှာလက်ခံတဲ့ဌာန ပိတ်သွားလို့ သက်သက် နောက်တစ်နေ့ ထပ်လာနေရဦးမယ်"

မင်းမျိုး ပြောလည်းပြော လောလည်း လောလေရာ သူမကလည်း ခေါင်းတစ်ချက် ညိတ်ပြပြီး မင်းမျိုး နောက်မှ ထက်ကြပ်မကွာလိုက် လေသည်။





ဖုန်းလျှောက်လွှာ တင်သည်ကို လက်ခံရရှိကြောင်း ချလန် စာရွက်လေးများကို ကြည့်ရင်း…

"ဟူး… တော်ပါသေးရဲ့၊ အချိန်မီရုံလေးရှိလို့"

ဟု မင်းမျိုး စိတ်သက်သာရာ ရသလို ရေရွတ်မိသည်ကို သူမက နောက်ပြောင်ချင်ဟန်ဖြင့် ပြုံးကြည့်၏။ သို့သော် ဘာမှ မပြောတော့ဘဲ နောက်လှည့်ကာ ထွက်ခွာလေသဖြင့် မင်းမျိုးလည်း သူမဘေးမှ ယှဉ်လျှောက်ရင်း အပြန်လမ်းတစ်လျှောက် ရောဖို့ ကြိုးစားတော့သည်။

"ပြန်တော့မလို့လား"

"မပြန်လို့ ဒီရုံးမှာ ဆက်နေရမှာလား"

"ဟင်း… ခင်ဗျားလေးကတော့လေ၊ နာမည်ကိုတော့ လှအောင် ပေးတတ်ပြီး စကားကိုတော့ လှအောင် မပြောတတ်ဘူး၊ အံ့ပါရဲ့"

"စကားကို လှအောင် ပြောတတ်တာက တို့လို ရိုးသားတဲ့ လူတွေရဲ့ အလုပ်မဟုတ်ဘူး၊ ယူတို့လို ပွဲစားတွေရဲ့အလုပ်"

"ဟင်… ဘာ… ဘာပြောတယ်၊ အဲလိုပြောရအောင် တို့က ပွဲစားမှမဟုတ်တာ၊ သတင်းထောက်ဗျ… တတိယမျက်လုံး သတင်း ဂျာနယ်ရဲ့ အကြီးတန်း သတင်းထောက်၊ သဘောပေါက်"

"ဩော်…သတင်းထောက်လား၊ သိပါဘူး… ဖုန်းလျှောက်လွှာ တွေ အများကြီး တင်နေတာတွေ့လို့ ပွဲစားထင်ပြီး ပြောမိတာ"

"အင်"

"အေးလေ… မနေ့က ဖိနပ်ဝယ်တဲ့ပုံကို ကြည့်ကတည်းက ပွဲစားမဟုတ်မှန်း သိသာပါတယ်၊ ဒါပေမယ့် သတင်းထောက် ဆိုတာကိုလည်း ယုံရခက်ခက်ပဲ…၊ ဒီလောက် အူကြောင်ကြောင် နိုင်ပုံမျိုးနဲ့တော့လား… ဟင်း"

မင်းမျိုး စီးထားသော ဖိနပ်ကို ယောင်ပေါင် ငုံ့ကြည့်မိရုံ ရှိသေး ဆက်ပြောလာသော စကားတို့ကြောင့် ခံရခက်သွားသည်။

www.burmeseclassic.com



ထို့ကြောင့် အကျီအိတ်ကပ်ထဲမှ ဘီဇစ်တင်းကတ်ကို ထုတ်ယူလိုက်ကာ...

"ယုံရခက်တယ် ဆိုရင်လည်း ဟောဒီမှာ တို့ရဲ့ ဘီဇစ်တင်းကတ်... ရော့"

ဟူ၍ သူမ ရှေ့သို့ ထိုးပေးလိုက်သည်။ သူမ လှည့်ကြည့်ဖော်မှုပင် မရဘဲ...

"ဝမ်းနည်းပါတယ်...၊ အခုမှ တွေ့ဖူးတဲ့ သူစိမ်းယောကျ်ား တစ်ယောက်ကပေးတဲ့ ဘီဇစ်တင်းကတ်ကို ယုံကြည် စိတ်ချစွာနဲ့ လက်ခံလေ့မရှိလို့ပါ၊ ပြီးတော့ ဘီဇစ်တင်းကတ်တိုင်းလည်း ယုံရတာ မဟုတ်ဘူး။ တကယ်မဟုတ်ဘဲနဲ့ လူအထင်ကြီးအောင်၊ ရိုက်စားလုပ်လို့ ရအောင် ဆိုပြီး လူတစ်ယောက်တည်းကိုပဲ ဘီဇစ်တင်းကတ်တွေ အမျိုးမျိုး လျှောက်လုပ်ထားတဲ့ ဖိုးတွမ်တီးတွေမှ အများကြီးရယ်"

"ဟင်"

သူမ အပြောကြောင့် မင်းမျိုးလက်တဲမှ ဘီဇစ်တင်းကတ်လေးကို မလုံမလဲ ပြန်ကြည့်ရှုသည်။ ကိုယ့်အမည်မှန်၊ ကိုယ့် အလုပ်အကိုင်အမှန်၊ ကိုယ့်နေရပ်လိပ်စာ အမှန်ကိုသာဖော်ပြထားသည်ကို တွေ့ရ၍ စိတ်သက်သာရာရ သက်ပြင်းချမိသည်။ တစ်ဆက်တည်းမှာ ကိုယ့်အဖြစ် ကိုယ်သဘောကျပြီး ရယ်မိကာ...

"ကဲပါလေ... မင်းမယုံဘူး ဆိုရင်လည်း ဟိုမှာ တွေ့လား၊ ဂျာနယ်ဆိုင်... အဲဒီဆိုင်က တတိယမျက်လုံးသတင်းဂျာနယ် ယူကြည့်လိုက်၊ ဒီကတ်ထဲကအတိုင်း တို့နာမည်နဲ့ တို့တာဝန်ကို တွေ့ရမယ်၊ ပြီးတော့ ဂျာနယ်တိုက် လိပ်စာနဲ့ ဖုန်းနံပါတ်ကိုပါ တွေ့ရမယ်"

"တွေ့တော့ ဘာဖြစ်လဲ"

"ဩော် ဖုန်းဆက်ကြည့်ပေါ့၊ ဟောဒီမှာ သူ့ကိုယ်သူ တတိယမျက်လုံး သတင်းဂျာနယ်ရဲ့ အကြီးတန်း သတင်းထောက် မင်းမျိုး ဆိုတဲ့ လူတစ်ယောက်နဲ့ တွေ့နေပါတယ်၊ သူ့ပုံပန်းသဏ္ဌာန် ဘယ်လို





ဘာညာပါ၊ အဲဒါ ဟုတ် မဟုတ် သိချင်လို့ လှမ်းမေးရတာပါ ဆိုပြီး မှန်,မမှန် စစ်ဆေးလို့ ရတာပေါ့"

"အံမယ် ရှုပ်ရှုပ်ယှက်ယှက်၊ ဘာမဟုတ်တဲ့ကိစ္စကိုများ အပိုတွေ လုပ်ပြီး အချိန်ကုန် မခံနိုင်ပါဘူး"

"အချိန်ကုန် မခံနိုင်ရင်လည်း ထားပါတော့လေ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်"

"ဘာတစ်ခုလဲ"

"ခုလို သတင်း ခေတ်ကြီးထဲမှာ တို့လို အားလုံးကိုသိနေတဲ့ ရှယ်ထူးရှယ် သတင်းထောက်တစ်ယောက်နဲ့ သိကျွမ်း မိတ်ဆွေဖြစ်ခွင့်ရတာ မင်း သိပ်ကို ကုသိုလ်ထူးတယ်မှတ်ပါ၊ ကမ္ဘာ့မြေပုံ၊ မြန်မာ့မြေပုံပေါ်က မင်းသိချင်နေတဲ့ သတင်းတွေရှိရင် လက်ညှိုးသာ ထောက်ပြလိုက်၊ ဒိုးဒိုး ဒေါက်ဒေါက်နဲ့ တို့ အကုန်ပြောပြလိုက်မယ်"

"ဟွန်း၊ အဲဒီသတင်းတွေ သိရလို့ကော ဘာလုပ်လို့ရမှာလဲ၊ စိတ်မဝင်စားပါဘူး။ လုံးဝပဲ၊ ယူပြောတဲ့ သတင်းတွေ နားထောင်မယ့် အတူတူ အတင်းပြောတာတွေကို လိုက်နားထောင်ရတာကမှ ဟုတ်တုတ်တုတ် ရှိဦးမယ်"

"အင်"

အပွဲပွဲ နွှဲလာလေသမျှ သည်တစ်ပွဲမှာတော့ မင်းမျိုး နာလန်မထူနိုင်အောင် ခံနေရသည်။ ဒါကိုပဲ ပျော်သလိုလို၊ ကျေနပ်သလိုလို ခံစားရသည်ကို မင်းမျိုး ကိုယ်တိုင်ပင် နားမလည်နိုင်တော့။

ကြုံတွေ့ ဆက်ဆံရလေသမျှသော ဖော်လိုသမားများနှင့် တစ်မူကွဲကာ ဘုဂလန့် တိုက်နေတာကို တစ်မျိုးလေး ချစ်စရာ ကောင်းနေသလားလို့ရယ်။

မင်းမျိုး သူမနှင့် စကားပြော သက်ရှည်ချင်သေးသော ဆန္ဒဖြင့်...

"ဩော်... ဒါဆိုရင် မပူနဲ့၊ အဲဒီအကန့်ကိုလည်း တို့က ပိုင်ပြီးသားပဲ၊ ကလင်တန်တို့၊ ဂျော့ဘုရှ်တို့ကစလို့ ရပ်ကွက်ထဲ ပလတ်စတစ်



www.burmeseclassic.com

www.burmeseclassic.com



လာကြောက်တဲ့ ကောင်လေးတွေအထိ သူတို့ရဲ့ အတင်းတွေကို အကုန်ပြောတတ်တယ်"

"ဟင်း... ယောက်ျားကြီးတန်မဲ့ အတင်း ပြောတတ်တာလောက် အမြင်ကတ်စရာ ကောင်းတာမရှိဘူး၊ တကယ်"

"အမ်... ဖြစ်ရပြန်ပြီ ကဲပါလေ... ဟုတ်ပါပြီ၊ ဒါဆိုရင်လည်း ကိုယ့်ကို ကူညီပေးခဲ့တဲ့ လူတစ်ယောက်ကို ကျေးဇူးတင်ကြောင်း ပြသတဲ့အနေနဲ့ အနည်းဆုံး လက်ဖက်ရည် တစ်ခွက်လောက်တော့ တိုက်သင့်တယ် ထင်ရဲ့နော်"

"ဒီမယ် ဇာတ်လမ်းတွေ လာမထွင်နဲ့...၊ ဒါမျိုးတွေက ရိုးနေပြီ၊ ဇာတ်လမ်း ထွင်ချင်တယ်ဆိုလည်း ကိုယ်စီးထားတဲ့ ဖိနပ်နဲ့ ကိုယ့်ခြေထောက်နဲ့ တော်ပြီဆိုတဲ့ အရွယ်ရောက်တဲ့အခါမှ ထွင်ပါလို့ စေတနာနဲ့ သတိပေးလိုက်မယ်၊ ဟုတ်ပြီလား"

"ဗိုက်... သေဟ"

မင်းမျိုး ကိုယ့်နဖူး ကိုယ် ရိုက်လှမတတ်ဖြစ်သွားပြီး ခြေထောက်ကို ငုံ့ကြည့်မိသည်။

စီးရင်း စီးရင်း ကျင့်သားလည်း ရလာသလို အမြင်လည်း တင့်လာသည့်အတွက် သိပ်ပြဿနာမရှိတော့ ဟူသော အတွေးဖြင့် သူမကို တစ်ခုခုပြန်ပြောရန် ပြင်လိုက်သော်လည်း သူမက လမ်းတစ်ဖက်သို့ ကူးသွားပြီကို တွေ့လိုက်ရသည်။

မင်းမျိုးလည်း တော်ကီတွေ၊ အချိန်နာရီတွေ ဒီလောက်ကြိုးရင်းထားပြီးမှ အခွင့်အရေးကို လွယ်လွယ် ဘယ်လက်လွှတ် ခံပါ့မလဲ။

ထို့ကြောင့် သူမနောက်သို့ သုတ်ခြေတင်ကာ လိုက်ရသည်။ ဘေးချင်း ယှဉ်မိသည်နှင့်...

"ဘယ့်နှယ် မပြောမဆိုနဲ့ လူမှုရေးအရ နှုတ်ဆက်စကားလေး တောင် မပြောသွားဘူး"

ဟူ၍ အပြစ်တင်စကား ဆိုလိုက်သည်ကို သူမက...





"ကိုင်း... ပုဂ္ဂိုလ်၊ ဒီအချိန်ဟာ ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အလုပ် ကိုယ်ဆက်လုပ်ကြဖို့ အကောင်းဆုံးအချိန်ပဲ၊ သတင်းခေတ်ကြီးထဲမှာ ဟိုမရောက် ဒီမရောက် စကားတွေပြော ပြီး အချိန်ကို အလဟဿ မဖြစ်ပါစေနဲ့"

"ဟင်... ဖြစ်ရပြန်ပြီ"

မင်းမျိုး ရှုံ့တောင် ရှုံ့ချင်လာသည်။ ချစ်နှင်းဖြူ ဆိုသော သူမသည် ယခု အခိုက်အတန့် ကာလလေးအတွင်းမှာပင် သတင်းကို စိတ်မဝင်စားဘူး၊ အတင်းကိုပဲ စိတ်ဝင်စားတယ် ပြောလိုက်၊ တစ်ဖန် သတင်းခေတ်ကြီး ရောက်နေပြီဖြစ်ကြောင်း အရေးတယူ ပြောလိုက်ဖြင့် မင်းမျိုးကို ကောင်းကောင်းကြီး မောင်းနေလေသည်။

သူမ စကားဆုံးသည်နှင့် ထွက်ခွာ သွားလေသဖြင့် မင်းမျိုးလည်း မပြတ်နိုင်သော သံယောဇဉ် အငွေ့အသက်တို့ ရစ်ပတ် နှောင်ဖွဲ့လျက်...

"အင်း... ဒါဆိုလည်း အိုကေလေ၊ ဒါနဲ့ နေတာက ဗုန်းလျှောက်လွှာ တင်တုန်းကရေးထားတဲ့ အိမ်လိပ်စာ မဟုတ်လား"

ဟု ရှေ့ဆက်လိုသေးသော ဆန္ဒကို အတိအလင်း လှစ်ဟာပြလိုက်သည်။ သို့သော်...

"ဟင့်အင်း... အဲဒီအိမ်မှာက အဖေ အမေ နေတာလေ"

"ဪ... ဒါဆို မင်းက..."

"တို့က တို့ယောက်ျားအိမ်မှာ နေတာပေါ့"

"ဟင်"

ထင်မှတ် မထားသော အဖြေကြောင့် မင်းမျိုး ပါးစပ်အဟောင်းသား ဖြစ်သွားကာ ကိုယ့်ခြေထောက်ပင် ကိုယ် မသယ်နိုင်တော့ဘဲ ထိုနေရာတွင်ပဲ ကျောက်ရုပ်ဖြစ် ကျန်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၃ )

"ဝါး...ဟား...ဟား...ဟား"

"ဟား...ဟား...ဟား...ဟား"

"မင်းမျိုး... မင်းမျိုး မင်းမှာကတော့လေ ဖြစ်လိုက်မှဖြင့် ပြောစမှတ်ကို တွင်ပဲ... ဟား...ဟား"

"ဟုတ်ပါ့ကွာ... မင်းမျိုး ဆိုတဲ့ကောင် ဒီလိုချည်းပဲ အစ,ကတော့ ကောင်းပါရဲ့၊ အဲ... အဲဒီအတွက်ကြောင့် ပျော်ပြီး တက်ကြွလိုက်မယ် မကြံနဲ့၊ အနှောင်းမှာတော့ သေပြီသာမှတ်ပေတော့"

"ဟား...ဟား...ဟား"

ချစ်နှင်းဖြူနှင့် ပတ်သက်ပြီး ကြုံခဲ့ရသမျှ မင်းမျိုး ဖောက်သည်ချတာကို နားထောင်ပြီး အားလုံး ရယ်လို့ပဲမဝ,နိုင်ကြ။ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ကိုလှအေးပင် ကောင်တာ မထိုင်နိုင်ဘဲ မင်းမျိုးတို့ဝိုင်းမှာ လာထိုင်ကာ မထ,နိုင်အောင်ဘဲ ဖြစ်နေရသည်။

ကြော်... ရယ်ရသည်ကိုး။

ရယ်စရာ ကောင်းသောကိစ္စ တော်တော်များများမှာ ရင်ဆိုင်ကြုံတွေ့ရသူအဖို့ မသက်သာတာ မင်းမျိုး ကိုယ်တွေ့ပဲဖြစ်သည်။





အများနှင့် ရောနှောကာ လိုက်လံ ရယ်မောနေသော်လည်း မချိရယ်သာဖြစ်ကြောင်း ကိုယ်သာအသိဆုံး ဖြစ်သည်။

"ဘယ့်နှယ်ကွာ... ဖုန်းလျှောက်လွှာ ကိစ္စလေးကို အကြောင်းပြပြီး ကောင်မလေးနဲ့ လေပေး နည်းနည်းဖြောင့်လာတာနဲ့ပဲ ပိုင်ပြီဆိုပြီး တွက်လိုက်တာ၊ ဟော... ဟိုက ယောက်ျား ရှိပါတယ်လည်းဆိုရော ဒီကောင်လည်း သေရောပေါ့ကွာ"

"ဟား...ဟား...ဟား...ဟား"

"အေးလေ... ရှက်ဖို့ ကောင်းလိုက်တာ၊ မင်းမျိုး... မင်း မရှက်ပေမယ့် ငါရှက်တယ်ကွ၊ ငါရှက်တယ် ဟားဟား"

တင်ကိုကို၊ အောင်မိုးမိုး၊ ဌေးသိန်းနှင့် ကိုလှအေးတို့ကို ကြည့်ပြီး မင်းမျိုးလည်း ပြောမိတာမှားပြီတု နောင်တ ရလိုက်သည်။

သို့သော် မတတ်နိုင်တော့ပါ။ ကိုယ်တိုင်ကလည်း သည်ကောင်တွေကို ပြန်မပြောဘဲလည်း နေမှ မနေနိုင်တာ။ ရင်ထဲ တအုံ့နွေးနွေး ဖြစ်နေသည့်အတူတူ ဘော်ဒါကို ဖွင့်ပြောလိုက်တာကမှ ရင်ထဲပေါ့ပါး သွားမည်ထင်သည်။

သို့ပေမယ့် ဟုတ်တိ ဟုတ်ရက် နားထောင်ပြီးမှ ထွက်ပေါ်လာသော သည်ကောင်တွေ၏ လှောင်ပြောင် ရယ်မောသံတွေက ခံစားနေရတာကို ပိုလို့ပင် ဆိုးရွားစေလေသည်။ ရယ်သံတွေ စဲသည်နှင့် တင်ကိုကိုက...

"ဒီမယ်... မင်းကို ငါ စေတနာနဲ့ အကြံပေးမယ်၊ အကောင်းဆုံးကတော့ အမျိုးသမီးတွေနဲ့ ကင်းကင်းနေကွာ၊ ဘာကြောင့်လဲဆိုတော့ မင်းကံက အမျိုးသမီးတွေနဲ့ ပတ်သက်လာရင် ခံရတာချည်းပဲ၊ အကျိုးမပေးဘူးကွ"

ဟု စဉ်းစား ဆင်ခြင်မိဟန်ဖြင့် သတိပေးစကား ဆိုသည်ကို ကျန်ငဟိတွေက ကန့်ကွက်မဲမရှိ တစ်ခဲနက် ထောက်ခံကြလေသည်။

"အေး... တင်ကိုကို ပြောတာ ဟုတ်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဟုတ်တယ် မင်းမျိုး ငါတို့လည်း အဲသလိုပဲ တွေးမိတယ်"

"အေးကွနော်... ဒီကောင် ရွှေစင် တုန်းကလည်း ခံလိုက်ရတာပဲ ခုလည်းကြည့်... သူပြောတဲ့ ဘယ်သူ ချစ်နှင်းမြူဟုတ်လား၊ သူနဲ့လည်းပဲ ဘာထူးလို့လဲ၊ နောက်... အင်း... ဒါတောင် ငါတို့မသိတဲ့ ခုလိုကိစ္စတွေ အများကြီး ရှိနိုင်သေးတယ်ကွနော်"

"အေးကွ... ဖြစ်နိုင်တယ်"

သူတို့ပြောတာ နားထောင်ပြီး မင်းမျိုး ကိုယ်တိုင်ကပင် ထိုအချက်ကို ဖြစ်နိုင်ခြေ ရှိသလိုလို ခံစားမိသည်။

လူဆိုတာ သူ့ကံနဲ့သူ လာတယ်ဆိုတာ ဖြစ်နိုင်သည်။ ပြဋ္ဌာန်းပြီးသား ကံတရားကို မင်းမျိုး လွန်ဆန်ရန် မဝံ့တော့ပြီ။

ရှိစေတော့... သည်အတိုင်းပဲ ရှိစေတော့။

သည်ကံကြမ္မာ ကြိုးဟ်ဆိုးက လွတ်မြောက်နိုင်သည့် တစ်ခုတည်းသော ယတြာကတော့ မိန်းမတွေနှင့် ကင်းကင်းနေခြင်းပင် ဖြစ်သည်။

ဟုတ်သည်။

သည်နေ့ သည်အချိန်ကစလို့ ကျွတ္တို ခေါ် မိန်းမတွေနှင့် ဝေးရာမှာသာ နေပါလေတော့မည်။ သို့ပေမယ့်...

သည်လို နိုင်မာ ပြတ်သားသော ဆုံးဖြတ်ချက်တွေ ချနေသည့်အချိန်မှာတောင် သူ့မ မျက်နှာလေးကို တစ်ရစ်ဝဲဝဲ မြင်ယောင်မိနေတာဆိုးသည်။

အဝေးဆုံးမှာ နေရမယ်ဆိုကာမှ ဘာကြောင့် အနီးဆုံးမှာ ရောက်နေရတာလဲ။ ဒီမှာ ဟောဒီကောင်ရဲ့ နှလုံးသားကို လာ လာမဆွနဲ့။

ဒီလောက် သတိပေး ပြောဆိုနေတဲ့ကြားကမှ...။

ရော်...။

မင်းလေး... တစ်ဆိတ် လွန်လွန်းပြီ ထင်ပါလေရဲ့ ချစ်နှင်းမြူ...။





ဒီလိုပဲ ပြီးသွားတော့မှာလားလို...
နွေးနွေးမြည့်မြည့် နိုင်နေတဲ့ ကြေကွဲမှုတွေနဲ့
မပိုင်ဆိုင်ခဲ့ပါ လျှောက်လိုလမ်းမှာ
ငါ့နာမည် ခေါ်သံကို ကြားလိုက်ရတယ်
ကိုတွယ်...
ကမ္ဘာကြီးသုံး များတောင်နေကာ တခါရဲ့
ကကြည့်ချိုချိုလေး တခါသုံးမှာ
ကမ္ဘာကြီးတိုင်းပဲ ငါ့ရင်ခုန်သံတွေ မြည်ဟန်လို
မင်္ဂလာရှိသော ထိုနေ့ ထိုရက်မှာ
ငါ့နှလုံးသားကို ငါပြန်ရှာတွေ့ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



( ၁၄ )

မင်းမျိုး ရုံးတက်ရန် ဘတ်စ်ကားဂိတ်မှာ ဘတ်စ်ကားစောင့်နေစဉ် အမှတ်မထင် ကြားလိုက်ရသော သတင်းစကားကြောင့် စိတ်လှုပ်ရှားသွားရသည်။ အခြားတော့မဟုတ်။

"ဟဲ့… ကြားပြီးပြီလား။ စမ်းချောင်းဘက် အိမ် တစ်အိမ်မှာ ပန်းချီဆရာသေလို့ ဝင်စားတဲ့ ကြက်တူရွေးလေးတစ်ကောင် ရောက်နေတယ် ဆိုတာလေ"

"ဟင်… ဟုတ်လား။ ပန်းချီဆရာ ဝင်စားတယ် ဆိုတာ ဘယ်လိုလုပ် သိတာလဲ"

"အဲဒီကြက်တူရွေး ဆွဲတဲ့ ပန်းချီတွေက ဟိုတလောလေးက သေသွားတဲ့ ပန်းချီဆရာ လူပျိုကြီးဆွဲခဲ့တဲ့ ပန်းချီ ကားတွေအတိုင်း လက်ရာက တစ်ထေရာတည်းပဲတဲ့"

"ပေါ… ဟုတ်လား။ ကြုံကြုံဖန်ဖန် ကြက်တူရွေးက ပန်းချီ ဆွဲတတ်တယ်"

"ပန်းချီဆွဲတတ်ရုံတင် ဘယ်ကမလဲ၊ ပန်းချီဆွဲပြီးရင် လက်မှတ် တောင် ထိုးလိုက်သေးတယ်၊ အဲ… ကြက်တူရွေးထိုးတဲ့ လက်မှတ်





ကလည်း သေသွားတဲ့ ပန်းချီဆရာကြီးရဲ့ ထိုးမြဲလက်မှတ်နဲ့ တစ်ပုံစံတည်းပဲတဲ့လေ၊ အံ့ဩစရာ မကောင်းဘူးလား"

"ဩော်… ဒါဆို ပန်းချီဆရာသေလို့ ဝင်စားတယ့် ဆိုတာ ဟုတ်နေပြီပေါ့၊ ထူးဆန်းလိုက်တာ… ငါတို့ သွားကြည့် ကြရအောင်"

"အေး… ဈေးဝယ်ပြီးရင် လှည့်ဝင်ကြည့်ကြတာပေါ့"

ဆိုသော ဘတ်စ်ကား စောင့်နေသူ နှစ်ဦး၏ အပြန်အလှန် ပြောစကားက သတင်းသမား မင်းမျိုး၏ အာရုံကို နှိုးဆွလိုက်သည်။ ထို့ကြောင့် ရုံးသို့မသွားသေးဘဲ သတင်းပစ်မှတ်ရှိရာဆီသို့ ဦးစားပေး ခြေလှမ်း ရွေးလိုက်လေသည်။

ထူးထူးဆန်းဆန်းရယ်။ ပန်းချီဆွဲတဲ့ ကြက်တူရွေး တဲ့လေ။ အံမယ် ပန်းချီဆွဲပြီးရင် သူ့လက်မှတ်တောင် ထိုးလိုက်သေးသတဲ့။ ဒီကြက်တူရွေး ဆွဲတဲ့ပန်းချီဟာ အမှန်တကယ်ပဲ လူပန်းချီဆရာ တစ်ယောက်ရဲ့ လက်ရာအတိုင်းသာဆိုရင် ကမ္ဘာကျော်မှာ အသေအချာ ပင်။ ဒါဆိုရင် သူ့ပန်းချီကားတွေလည်း အလုအယက် ဝယ်လိုက်ကြမယ့် ဖြစ်ခြင်း။ နေ့ချင်း ညချင်း သန်းကြွယ်သူဌေး ဖြစ်တော့မည့် ကြက်တူရွေး ပန်းချီဆရာကို မင်းမျိုး လေးစားသွားရသည်။

ဘတ်စ်ကားဂိတ်မှာ အကြားဖြင့် မှတ်သားထားသော လိပ်စာကို ရှာဖွေရာ အလွယ်တကူပင် တွေ့ရသည်။ သို့သော် ထင်မှတ်ထားသလို လူတွေ တရုန်းရုန်းဖြင့် ပွဲကြီးတစ်လုံးတော့ ဖြစ်မနေ။

ကောန္တ သည်သတင်းကို ကြားသိသူ အင်မတန် နည်းပါးသေး လို့သာ ဖြစ်တန်ရာသည်။ ဒါဆိုလျှင် သတင်းသမားတွေထဲမှာ သည် သတင်းကို ပထမဆုံးရသူသည် မိမိသာဖြစ်လိမ့်မည်ဟု မင်းမျိုး တွေးမိရင်း ကြိတ်ပျော်သွားသည်။

ဒါကလည်း မိမိ၏ နား,မျက်စိကို ၂၄နာရီ ဖွင့်ထား ဖွင့်ထားသော သတင်းထောက်ကောင်း တစ်ယောက်၏ အရည်အချင်းနှင့် ထက်မြက် ပါးနပ်မှုတို့ကြောင့် ရရှိလာသည့် အကျိုးရလဒ်သာ ဖြစ်ချေသည်ဟု မင်းမျိုး မိန့်မိန့်ကြီး တွေးမိချေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်အိမ်ရှေ့တွင် လူဆယ့်လေးငါးဦးခန့် ရုတ်စု ရုတ်စု ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ပန်းချီဆွဲသော ကြက်တူရွေးကြောင့် ထိုသို့ စုရုံး ရောက်ရှိနေကြခြင်းဖြစ်ကြောင်း ပါးနပ်သူပီပီ မင်းမျိုး ရိပ်မိလိုက်သည်။

ထို့ကြောင့် လွယ်နေကျ သားရေအိတ်ထဲမှ ဒီဂျစ်တယ်ကင်မရာ ထုတ်ယူကာ ခြေလှမ်းတို့ကို သွက်စေလိုက်သည်။ အနားသို့ ရောက်သည်နှင့် အိမ်ထဲသို့ ဝေ့ဝဲကြည့်ရင်း...

"ပန်းချီဆွဲတဲ့ ကြက်တူရွေး ရှိတယ်ဆိုတဲ့အိမ်က ဒီအိမ်လား ခင်ဗျ"

ဟု အနီးဝန်းကျင်သို့ ဦးစွာ စနည်းနာရသည်။ ဟုတ်မှန်ကြောင်း အသီးသီး ခေါင်းညိတ်ပြကြသည်နှင့် မင်းမျိုးလည်း အချိန်မဆိုင်းဘဲ အိမ်ထဲသို့ဝင်ကာ...

"တစ်ဆိတ်လောက် ကျေးဇူးပြုပြီးတော့ သိပါရစေခင်ဗျာ။ ဒီအိမ်မှာ ပန်းချီဆွဲတတ်တဲ့ ကြက်တူရွေးတစ်ကောင် ရှိတယ်ကြားလို့ အဲဒါ အမှန်ပဲဆိုတာ ဟုတ်ပါသလားခင်ဗျာ"

ဟု စုထိုင်နေသော အိမ်သားများထဲ ကျိုးနွံစွာ စုံစမ်းသည်ကို အိမ်ထောင်ဦးစီး ဖြစ်ဟန်တူသူက...

"ဟင်း... လာပြန်ပြီ တစ်ယောက်၊ ဘယ်ကဘယ်လို သတင်းကြားလာရပြန်တာလဲ၊ ဒီနေ့ တစ်နေ့လုံး ဒီကြက်တူရွေးကိုပဲ တွေ့ချင်နေကြတယ်"

ဟူ၍ သန်းကြွယ်သူဌေး ဖြစ်တော့မည့် ကြက်တူရွေး ပန်းချီဆရာကို ပိုင်ဆိုင်ထားသည်နှင့် ကာမိအောင် မောက်မာပြတော့သည်။ မင်းမျိုးလည်း သတင်းဦး၊ သတင်းထူးရမည့်အရေးမို့ မာနကိုလျှို့ကာ...

"ဪ... ကျွန်တော်က တတိယမျက်လုံး သတင်းဂျာနယ်က အကြီးတန်း သတင်းထောက်ပါ"

"ဪ... ဒီကြက်တူရွေး ပန်းချီဆွဲတယ် ဆိုတဲ့သတင်းက ဂျာနယ်သမားတွေဆီတောင် ပေါက်သွားပြီကိုး၊ တော်တော်ဟုတ်ပါလား"





"ဟုတ်ပါတယ်ခင်ဗျ... ဟုတ်ပါတယ်၊ ဒီသတင်းကို ကျွန်တော်တို့ ဂျာနယ်မှသာ ထည့်လိုက်လို့ကတော့ ကြက်တူရွေးရော၊ ကြက်တူရွေးကို ပိုင်ဆိုင်ထားတဲ့ ဦးလေးတို့ရော ချက်ချင်းကို ကမ္ဘာကျော်သွားမှာ၊ ပြီးတော့ ကြက်တူရွေးဆွဲတဲ့ ပန်းချီကားဆိုပြီး နိုင်ငံတကာကပါ ဒေါ်လာသန်းချီပေးပြီး ဝယ်ကြမှာဆိုတော့ ဦးလေးတို့လည်း ကြက်တူရွေးကို အကြောင်းပြုပြီး မီလျံနာကြီးတွေ၊ ဘီလျံနာကြီးတွေဖြစ်သွားမယ်ဆိုတာ ကျွန်တော် ကြိုပြီး ဟောကိန်းထုတ်ရဲပါတယ်၊ ဒါကြောင့် ကြက်တူရွေးရဲ့ ပန်းချီလက်ရာတွေကို တစ်ဆိတ်လောက်တော့ ကြည့်ပါရစေလား"

မင်းမျိုး၏ ပါးနပ် ပညာပါသော အပြောအဆိုကြောင့်ထင့်၊ ကြက်တူရွေး ပိုင်ရှင်ကြီး တစ်ချက်တွေသွားသည်။ ပြီးမှ...

"ဟိုမှာ"

ဆိုပြီး လက်ညှိုး ထိုးပြ၏။ မင်းမျိုးလည်း ညွှန်ခန်းထောင့်တွင် ဖြစ်ကတတ်ဆန်း ထောင်ထားသော ကြက်တူရွေး ပန်းချီဆရာ၏ ပန်းချီကားကို ပြူးပြဲ ကြည့်မိသည်။

ဆေးသား အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်၊ အနက်ရောင် တို့ဖြင့် မျဉ်းတို၊ မျဉ်းရှည်၊ မျဉ်းကောက်၊ မျဉ်းကွေးတို့ကို စုတ်ချက် ခပ်ကြမ်းကြမ်း ခပ်ထူထူ ရေးဆွဲထားသည်ကို တွေ့ရသည်။

သို့သော် မည်သို့သော အဓိပ္ပာယ် ဆောင်သည်ကို မသိနိုင်အောင် ပင် စုတ်ချက်တွေက ရှုပ်ထွေးနေသည်။ မင်းမျိုး တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် မျက်လုံးတွေ အရောင်တောက်လာကာ...

"ဟာ... ဟုတ်ပြီ ဒါ...ဒါ... မော်ဒန်ပန်းချီပဲ ဟိုက်ရှားပါး... ဒီကြက်တူရွေးက ပန်းချီဆွဲတာတောင်မှ မော်ဒန်ပန်းချီဆရာ ဖြစ်နေတယ် ဆိုတော့ မပေါ့ပါလား၊ လေးစားပြီးရင်း လေးစားရပါတယ် မော်ဒန် ပန်းချီဆရာ ကြက်တူရွေးရယ်"

ဟူ၍ ကြိတ်ပြောမိသည်။ ထို့နောက် အိမ်ပိုင်ရှင်ဘက် ပြန်လှည့် ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလိုက်တဲ့လက်ရာပါပဲ ဦးလေးရာ၊ မချီးကျူးဘဲကိုနေလို့ မရဘူး။ ဒါနဲ့ အဲဒီပန်းချီ ဆရာကြက်တူရွေးနဲ့ ခဏလောက်တွေ့ပါရစေလား။ နည်းနည်းပါးပါး အင်တာဗျူးလေး ဘာလေး လုပ်ချင်လို့ပါ"

"ဟင်"

"ဪ… အင်တာဗျူး လုပ်တယ် ဆိုတာကလည်း ဦးလေးတို့ အကျိုးရှိဖို့ပါပဲ၊ ဒါနဲ့ ကြက်တူရွေးက စကားလည်း ပြောတတ်တယ် မဟုတ်လား"

"အေး"

"အင်း… ဒါဆို အဆင်ပြေတာပေါ့၊ အင်တာဗျူးဆိုတာ ကာယကံရှင်နဲ့ တိုက်ရိုက် မေး ဖြေ လုပ်ရတာ အဓိပ္ပာယ် အရှိဆုံးနဲ့ အကောင်းဆုံးပါပဲ အဲ…ပြီးရင် ဦးလေးတို့မိသားစုကိုလည်း တစ်ယောက် မကျန် အင်တာဗျူးလုပ်ပြီး ဂျာနယ် မျက်နှာဖုံးကို ဓာတ်ပုံနှင့်တကွ ဖော်ပြပေးမှာပါ၊ ဒါကြောင့် အရင်ဆုံး ကြက်တူရွေးနဲ့ အင်တာဗျူး လုပ်ချင်လို့ ခဏလောက် တွေ့ပါရစေ"

"ဘာ… ကြက်တူရွေးနဲ့ တွေ့ချင်လို့ ဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျ… ဟုတ်ပါတယ်"

"အိမ်း… အဲဒါဆိုရင်တော့ အဲဒီ ကြက်တူရွေးက သေပြီ"

"ခင်…ခင်ဗျာ… ဘာကြောင့်များ ခုလို အောင်မြင်တော့မယ့် အရေးကျမှ ဘာကြောင့်များ ခုလို ရုတ်တရက်…"

"ဘာကြောင့်မှ မဟုတ်ဘူး၊ ငါကိုယ်တိုင် ရိုက်သတ်လိုက်လို့"

"ခင်…ခင်ဗျာ… ဘာကြောင့်များ ခုလို…ခုလို…"

"ဘာကြောင့် ဖြစ်ရမှာလဲ၊ ငါပန်းချီဆွဲဖို့ ပြင်ဆင်ထားတဲ့ ဆေးခွက်တွေကို ဆော့ပြီး မှောက်ပစ်လိုက်လို့ပေါ့ကွ"

"ဗျာ"

မင်းမျိုး ပါးစပ် အဟောင်းသား ဖြစ်သွားရသည်၊ ဘာဆက်ပြောလို့ ပြောရမှန်းပင်မသိတော့။ မင်းမျိုးက ဘာဆက်ပြောရမှန်း မသိပေမယ့်





ငုပ်လျှိုးနေသော ဒေါသ ပြန်ထွက်ပေါ်လာဟန် တူသည့် အန်ကယ်ကြီးလ ကတော့ သူ ဘာဆက်ပြောရမည် ဆိုတာ သိပုံပေါ်ပါသည်။

"ဘယ်နှယ့်ကွာ… ဆေးခွက်တွေလည်း ဆော့ပြီး မှောက်ပစ် သေးတယ်၊ နောက်ပြီး ဆေးတွေပေနေတဲ့ တောင်ပံကို ခါတာလည်း အခြားနေရာမခါဘဲ ငါ ပန်းချီဆွဲဖို့ ပြင်ဆင်နေတဲ့ ကင်းဘတ်စ ပေါ်မှာ လာခါတယ်လို့"

"ဟင်"

ကြားရ ကြားရ နားဝမသက်သာ ဆိုသလို မင်းမျိုး တစ်ယောက် အသံပြုကြီးနှင့် ထိုင်သာ ငိုလိုက်ချင်တော့သည်။

"တောက်…လူတွေများ တော်တော်ရယ်ရတယ်၊ ငါ ပန်းချီ အနုပညာကို မြတ်နိုးလွန်းလို့ ပန်းချီဆွဲတဲ့ အလုပ်တစ်ခုတည်းကိုပဲ နှစ်ပြီး လုပ်ကိုင်လာတာ နှစ်ပေါင်း နှစ်ဆယ်မကတော့ဘူး။ ဘယ်သူမှ အရေးထား အသိအမှတ်ပြုရကောင်းမှန်း မသိကြဘူး၊ ဟော… အိမ်က ကြက်တူရွေး အစုတ်ပလုတ်က ငါ ပန်းချီဆွဲမယ့်ကင်းဘတ်ကို အနှောင့်အယှက်ပေးပြီး ကင်းဘတ်စ်ပေါ် တောင်ပံတက်ခါလို့ ဆေးတွေ ပေကျံကုန်တာကိုကျတော့ ကြက်တူရွေး ပန်းချီဆွဲတယ်ဆိုပြီး အထင် တကြီးနဲ့ လာကြည့်ကြတယ်၊ သူ့ကိုယ်သူတောင် ဘာအရောင်ရှိလို့ ရှိမှန်း မသိတဲ့ကောင်က နေရင်း ထိုင်ရင်း နာမည်ကျော် ကြက်တူရွေး ပန်းချီဆရာဖြစ်ပြီး အနှစ် နှစ်ဆယ်ကျော် ပန်းချီဆွဲလာတဲ့ ငါ့ထက်တောင် ထိုင်ရှိခိုးရတော့မယ့် ပုံမျိုး။ လူတွေကွာ တစ်စိတ် တစ်ဆိတ်လုပ်ပြီး ဟင်းကွာ… တောက်… အဲဒီထဲမှာ မင်းတို့ ဂျာနယ်သမားတွေ အဆိုးဆုံးပဲကွ၊ ဒါကြောင့် မင်းတို့ ဂျာနယ်သမားတွေ ရောက်လောင် မဟုတ်တာက ဟုတ်သွားပြီး သတင်းဖြစ်မယ့် အရေးမှာ တကွယ်ဖို့ ငါ့ဂုဏ်သိက္ခာကို ကာကွယ်ဖို့ နောက်ပြီး လူတွေကို အမြင်မှန်ရဖို့ ငါကိုယ်တိုင်ပဲ ဒီမနက်ပဲ ကြက်တူရွေးကို သတ်ပစ်လိုက်တာ အေး…မင်း လိုချင်ရင်တော့ ယူသွား။ ငါ ပေးလိုက်မယ်၊ ကြက်တူရွေး အသေရော ဟိုက ကြက်တူရွေးဆွဲတဲ့ ပန်းချီရော ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... အဲ... အဟင်း... နေ...နေပါစေခင်ဗျ မယူတော့ပါဘူး။ သွားလိုက်ပါဦးမယ်"

မင်းမျိုးလည်း ဆက်နေရန် မဝံ့တော့ဘဲ ထိုအိမ်ပေါ်မှ ကသုတ်ကရက် ပြန်ဆင်းရလေသည်။ ရယ်သံအချို့ကို ကြားလိုက်ရသည်။

ရှက်လည်းရှက် ကိုယ့်ကိုယ်ကိုလည်း အပြစ်တင် ဒေါသဖြစ်မိရင်း ဘယ်သူ့မှ မကြည့်မိအောင် ခေါင်းငုံ့ကာ အပြေးတစ်ပိုင်း ထွက်လာရသည်။ ထိုအိမ်ရှေ့ အများသွားလမ်းပေါ် ခြေချမိ၍ သက်ပြင်းချမည် ကြံရုံရှိသေး။

"ဟောတော့...တတိယမျက်လုံး သတင်းဂျာနယ်က အကြီးတန်း သတင်းထောက်ကြီး မင်းမျိုး မင်းနွယ်ပါလား"

ဆိုသည့် အသံကြောင့် ထိတ်ခနဲ ဖြစ်သွားလျက် အသံကြားရာ ဘက်သို့ လှည့်ကြည့်လိုက်ရာ ချစ်နှင်းဖြူကို တွေ့ရသဖြင့် အံ့ဩသွားရသည်။

"ဟင်... မင်း...မင်း... ချစ်နှင်းဖြူ"

"ဟုတ်ပါသတဲ့၊ သတင်းထောက်ကြီး မင်းမျိုး မင်းနွယ်ရယ်၊ ကျွန်မ ချစ်နှင်းဖြူပါ"

"ဟာ...ဘယ်က မင်းမျိုး မင်းနွယ်ရမှာလဲ၊ မင်းမျိုး ပါကွ၊ ဘေးကလူတွေကြားရင် တစ်မျိုး ထင်နေပါဦးမယ်"

"ဩော်... စကားလုံးတွေက အဆက်အစပ်ရှိနေလို့ ခေါ်မိတာပါ၊ စိတ်မဆိုးပါနဲ့၊ ဒါနဲ့ ကြက်တူရွေး ပန်းချီဆွဲတဲ့သတင်း လာယူတာထင်တယ်၊ တယ်လည်း သွက်လှချည်လား သတင်းထောက်ကြီးရဲ့၊ လုံးဝလေးစားတယ်၊ သတင်းသမားဆိုတာ သတင်းကြားတာနဲ့ သတင်းရှိတဲ့နေရာကို ရောက်ပြီးသား ဖြစ်နေရမယ် ဆိုတဲ့အတိုင်း ရောက်နေတာကို မြင်ရလို့ ဘယ်လိုချီးကျူးစကား ဆိုရမယ်မှန်းတောင် မသိရတော့ဘူး... တကယ်... တကယ်"

"ဂိန်"

ချစ်နှင်းဖြူ စကားကြောင့် မင်းမျိုး မျက်နှာကြီး နီရဲသွားရသည်။ သို့သော်...

"အခုလိုရောက်မှပဲ သတင်းဟာ အတည်ပြုလို့ ရမရ ဆိုတာ သိနိုင်မှာပေါ့၊ ဟုတ်ဖူးလား။ ဒါဟာလည်း သတင်းထောက်ကောင်း တစ်ယောက်ရဲ့ အရည်အချင်းပဲ"

ဆိုသော ဖြေဆေးပြန်ပေးသည့်စကားကြောင့် မင်းမျိုး အဆိပ် ပြေသွားလျက် အနည်းငယ် နေသာထိုင်သာရှိသလို ဖြစ်သွားရသည်။

"ဩော်...အဟင်း...အဟဲ"

"အခု ကြက်တူရွေး ပန်းချီဆွဲတယ် ဆိုတဲ့သတင်းဟာ အတည်ပြု လို့ မရဘူး။ သိသွားပြီ မဟုတ်လား"

"ဟုတ်တယ်လေ... ဘယ်ရမလဲ၊ တကယ် ဟုတ်မှ မဟုတ်တဲ့ ဟာကို"

"အဲဒါပဲ... လူတွေဟာ တစ်ခုခု ကြားလိုက်ပြီဆိုတာနဲ့ ဟုတ်တယ် မဟုတ်ဘူး မသိဘဲ ဖွတ်မိုက်ယုံပြီး လက်ဆင့်ကမ်း လျှောက်ပြောတော့တာပဲ၊ အဲဒါနဲ့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ပုရွက်ဆိတ်လည်း ဂေါ်ဇီလာဖြစ်သွားရောပဲ၊ ခက်တယ် ခက်တယ်... လူတွေကြောင့်တော့ ခက်သေးတယ်"

ချစ်နှင်းဖြူ ပြောသည်ကို သဘောတူကြောင်း မင်းမျိုး ခေါင်းညိတ် ပြလိုက်သည်။ တစ်ဆက်တည်းမှာပင် လက်က နာရီကိုကြည့်မိရင်း 'ဟိုက်ခနဲ' ဖြစ်သွားရသည်။ ရုံးချိန်ကျော်နေပြီ။ ထို့ကြောင့်...

"ကဲ...ရုံးချိန် နောက်ကျနေလို့ သွားလိုက်ဦးမယ်နော်"

ဟူ၍ စကားဖြတ်ကာ ခြေဟန် ပြင်ဆင်လိုက်သည် ကို သူမက အရေးမကြီးနိုင်သော မျက်နှာ အမူအရာဖြင့်...

"ဟုတ်လား... ရုံးတက်ချိန်နောက်ကျနေလို့လား၊ ဒီမှာ တို့က ယူ့ကို တွေ့လို့ သတင်းတစ်ပုဒ် ပေးမလို့လုပ်နေတာ"

ဟူ၍ လေသံနိမ့်၍ ဆိုလာလေသည်။ မင်းမျိုး သတင်း သမား၏ အာရုံတို့ နိုးကြား တက်ကြွလာရပြန်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဟုတ်လား...ဘာသတင်းမို့လို့လဲ"

"ဘာသတင်းလဲဆိုတော့... လာ...လမ်းလျှောက်သွားရင်းနဲ့ ပြောပြမယ်၊ အခြားလူတွေမသိခင် ယူ့လို သွက်လက် ကြိုးစားတဲ့ သတင်းထောက်ကို အရင်သိစေချင်လို့၊ ဒီမှာ ရပ်ပြောနေရင် ကျန်တဲ့ သူတွေပါ ရိပ်မိကုန်လိမ့်မယ်"

"အင်း...ဒါလည်း ဟုတ်တာပဲ"

"ဒါနဲ့ ရုံးချိန် နောက်ကျနေပြီဆို"

"ဩော်...ကိစ္စမရှိဘူး။ ရုံးတက်ချိန် နောက်ကျတာထက် သတင်းထူးကို ဦးနိုင်ဖို့က ပိုအရေးကြီးတယ်၊ ဒါနဲ့ တို့ကိုပေးမယ့် သတင်းက ဘာသတင်းလဲ"

"မြွေဟောက် တစ်ကောင် ငှက်ကြီးတောင် မားကို မျိုနေတဲ့ သတင်း"

"ဘာ...မြွေ...မြွေဟောက်က...က..."

"ဈေးတိုးတိုး...သူများတွေ သိကုန်ဦးမယ်"

"ဩော်...ဟုတ်ပါရဲ့၊ ဆောရီး...ဆောရီး။ ဒါနဲ့... အဲဒါ... အဲဒါ ဘယ်မှာ ဖြစ်နေတာလဲ၊ အခု သွားကြည့်လို့ရမလား"

"အင်းလေ... အခု အဲဒီကို သွားနေတာပဲလေ၊ ဒီတစ်လမ်းကျော် တင်၊ ဒါနဲ့ ကင်မရာရော ပါရဲ့လား"

"အင်း... ပါတယ်...ပါတယ်"

မင်းမျိုး လက်ထဲမှ ကင်မရာကိုကြည့်ပြီး သတင်းဦး သတင်းထူး အတွက် စိတ်လှုပ်ရှားလာရသည်။

အတူ ယှဉ်လျှောက်နေရင်းမှ ချစ်နှင်းဖြူကို မင်းမျိုး ငုံ့စောင်းကြည့် မိသည်။ အပြစ်ကင်းစင်စွာ ရှင်းသန့်လှပသော မျက်နှာနုနုလေးကို တွေ့ရသည်။

တစ်ဆက်တည်းမှာပင် ရင်ခွေ့ခုန်နေသည့် ကိုယ့်အဖြစ်ကိုလည်း သတိထားမိပြန်သည်။





သို့သော် သူမမှာ ကာမပိုင်လင် ရှိသည်ဆိုသော အသိက ဝင်ရောက်လာသောအခါ မျက်နှာပြန်လွှဲကာ ရင်ခုန်သံကို ရပ်တန့်ဖို့ ကြိုးစားရသည်။

ကြက်ကူရွှေ့ ပန်းချီဆရာအိမ်နှင့် တစ်လမ်းကျော်မှာ ရှိသည့် အိမ်တစ်အိမ်ရှေ့သို့ ရောက်သောအခါ ချစ်နှင်းဖြူက...

"ရောက်ပြီ... သတင်းက ဒီအိမ်ထဲမှာရှိတယ်"

ဟူ၍အသိပေးသဖြင့် မင်းမျိုးလည်း ခေါင်းညိတ်ပြကာ ကင်မရာကို လိုအပ်သလို အသုံးပြုနိုင်ရန် အသင့်ပြင်ဆင်ရင်း သူမနောက်မှကပ်လျက် လိုက်ဝင်ရသည်။

"လာ... အိမ်ပေါ်တက်"

မင်းမျိုး ခေါင်းညိတ်ပြကာ အိမ်ပေါ်သို့ လိုက်တက်ရသည်။ မျက်လုံးကို ရှင်ရှင်ထားပြီး ဟိုသည် ဝေ့ဝဲနေရသည်။

"ကဲ... အဲဒီမှာထိုင်"

မင်းမျိုး ခေါင်းထပ်မံ ညိတ်ပြလျက် ချစ်နှင်းဖြူ ညွှန်ပြသည့် ထိုင်ခုံတွင် ထိုင်မည်ပြုပြီးမှ မထိုင်သေးဘဲ...

"မဟုတ်သေးဘူးလား။ ငှက်ကြီးတောင်မားကို မျိုနေတဲ့ မြွေဟောက်ရဲ့သတင်းကို အရင်ယူရအောင်လေ"

"အင်းပါ...ဟုတ်ပါတယ်၊ တို့ပြောတဲ့ ခုံမှာသာ ရဲရဲထိုင်ချလိုက်၊ ပြီးရင် ရှေ့ကို ရဲရဲသာကြည့်၊ ယူ လိုချင်တဲ့သတင်း ရပြီသာမှတ်"

"ဟင်... ဟုတ်လား။ ဒါဆို ထိုင်ပြီ"

မင်းမျိုးလည်း သတင်းရဖို့အတွက် ချစ်နှင်းဖြူ ညွှန်ပြရာခုံမှာ ဝင်ထိုင်လိုက်သည်။ ထို့နောက် ရှေ့တူရူကို ကြည့်ပြီး...

"ဟင်...ဘာမှလည်း မတွေ့သေးပါလား"

"ဟွန်း... ဒီလောက်လေးမှ မျက်စိမရှင်ဘဲနဲ့ သတင်းထောက် လုပ်နေရတယ်လို့ အံ့ပါရဲ့၊ ဟိုမှာလေ မတွေ့ဘူးလား။ ဒီလောက် ပြူးပြဲနေတဲ့ဟာကို..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာလဲဟင်၊ ဒါ... ဒါ... ပန်းချီကားကြီးပဲ"

"အင်းလေ...ဘယ်လောက် အသက်ဝင်လိုက်သလဲ ကြည့်..."

သူမ ညွှန်ပြရာကို ကြည့်၍ မင်းမျိုး ဒေါသ ထွက်သွားရသည်။ တွေ့လိုက်ရသည်ကား မြွေဟောက်က ငှက်ကြီးတောင်ဓားကို မျိုနေသည့် ပန်းချီကား တစ်ချပ်ရယ်သာ။

ချစ်နှင်းဖြူ၏ ဤမျှ အတင့်ရဲသော နောက်ပြောင်မှုကြောင့် မင်းမျိုး စိတ်တွေ ထိန်းမရချင်တော့။ နေရာမှ ဝုန်းခနဲထကာ...

"မင်း...ဒါ...ဒါ... ငါ့ကို သက်သက် လှောင်ပြောင် စော်ကားတာပဲကွ"

"ဩော်... ယူကလည်း ဘာတွေ ဒေါသကြီးနေရတာလဲ၊ တို့ပြောတာ မမှန်လို့လား၊ ယူလည်း မျက်မြင်ပဲဥစ္စာ"

"ဒါ တကယ်မှမဟုတ်တာ၊ ပန်းချီ ဆွဲထားတာပဲကွ"

"အဲဒီလိုတော့ ပြောလို့မရဘူးလေ၊ ပန်းချီဆွဲထားတာ ဆိုပေမယ့် လည်း မြွေဟောက်က ငှက်ကြီးတောင်ဓားကို မျိုနေတာတော့ အမှန်ပဲ မဟုတ်လား"

"တောက်... မင်း...မင်းကွာ... လူမှုရေးစည်းကမ်း တော်တော်မဲ့တာပဲ၊ ကိုယ်ပျော်ရွှင်ချင်ဖို့ တစ်ခုစည်းအတွက်နဲ့ အခြားလူတွေ အပေါ်မှာ ကိုယ်ချင်းစာစိတ် ထားရမယ်မှန်းမသိတဲ့ မိန်းမပဲ၊ တောက်... တယ်လေ... မိန်းကလေး ဖြစ်နေလို့ပေါ့ကွာ...ဟင်း"

"ဟဲ့...ဟဲ့...ဘာတွေ ဖြစ်နေကြတာလဲ"

မင်းမျိုး ဒေါသတကြီး ပြောဆိုနေစဉ် အမျိုးသမီးကြီးတစ်ဦး စိုးရိမ်ပူပန်စွာ အပြေးရောက်လာ၏။ တင်ခါမျှ မမြင်ဘူးသော မျက်နှာစိမ်း တစ်ယောက်၏ ဒေါသတကြီး အမူအရာကို ကြည့်ပြီး ထိတ်လန့်သွားဟန်ဖြင့်...

"သမီး... သူ...သူက ဘယ်သူလဲ"

"ဩော်... တတိယမျက်လုံး သတင်းဂျာနယ်က အကြီးတန်း သတင်းထောက်ပါ"





"ဒါဆို အခု ဘာဖြစ်နေလို့လဲဟင်"

"ဩော်...ဘာမှမဖြစ်ပါဘူး အမေရဲ့"

မိခင်ကို ဘာမှမဖြစ်ဟန် လေအေးအေးဖြင့် ပြန်ပြောနေသော ချစ်နှင်းဖြူကို ကြည့်ပြီး မင်းမျိုး ပေါက်ကွဲသည်ထက် ပေါက်ကွဲသွားရသည်။ ထို့ကြောင့်...

"ဘာမဖြစ်ရမှာလဲ... ဖြစ်တာပေါ့၊ ဒီမှာ အန်တီ့ကို ကျွန်တော် ပြောမယ်၊ အန်တီ့သမီးက ကျွန်တော့်ကို မြွေဟောက်တစ်ကောင် ငှက်ကြီးတောင်ဓားကို မျိုနေလို့ အဲဒါ သတင်းလာယူပါဆိုပြီး ခေါ်လာပြီး တော့ ဒီရောက်တော့ ဒီပန်းချီကားကို လက်ညှိုးထိုးပြတယ်၊ အဲဒါ ကောင်းသလား၊ အန်တီ ပြောပြလေ"

"ဩော်... ကောင်းပါတယ်ကွယ့်"

"ဘာ"

"ဩော်... မကောင်းပါဘူး၊ ဘယ်ကောင်းပါ့မလဲကွယ်"

"အန်တီ စဉ်းစားကြည့်၊ ကျွန်တော့်မှာက သတင်းတစ်ပုဒ် တစ်ပုဒ်ရဖို့ ခြေတိုအောင် လိုက်ရတာ၊ ဘယ်လောက် ပင်ပန်းတယ် မှတ်သလဲ၊ ဒါကို အန်တီ့သမီးက ကိုယ်ချင်းစာစိတ် မရှိဘဲ ခုလို လွယ်လွယ်နောက်ပြောင်တာ ဘယ်လောက်လွန်သလဲ၊ ပြီးတော့ ဒါ သက်သက် ကျွန်တော့်ကို ခေါ်ချတ်တာ၊ ရည်ရွယ်ချက်ရှိရှိ အရှက်ခွဲ စော်ကားတာ...တောက်"

"အေးပါကွယ်... ဒီအတွက် သမီးကိုယ်စား အန်တီကပဲ တောင်းပန်ပါတယ်ကွယ်၊ သမီးလေးက ဒီလိုပဲကွယ့်၊ အခု အနောက် သိပ်သန်တာ၊ သူငယ်ချင်း အချင်းချင်းတွေပဲကွယ်၊ ခွင့်လွှတ်ပေးလိုက်ပါ"

"ခွင့်လွှတ်တယ် ဆိုတာ ပြောတော့တာ လွယ်တာ၊ ခံရတဲ့လူမှာ ဘယ်လောက် ထိခိုက် ခံစားရတယ် မှတ်လဲ၊ နောက်ပြီး သူနဲ့ ကျွန်တော်နဲ့က သူငယ်ချင်းလည်း မဟုတ်ဘူး၊ မနေ့ တစ်နေ့ကမှ တွေ့ဖူးကြတာ အန်တီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဟုတ်...ဟုတ်လား၊ သမီး ဘာကြောင့် ဒီလို လုပ်ရတာလဲကွယ်"

"ဪ... အမေကလည်း ဘာမှမသိဘဲနဲ့၊ အေးအေး ဆေးနေပါ။ သမီးကိစ္စ သမီးဘာသာဖြေရှင်းပါ့မယ်၊ ဒီမယ် အခုမှလာပြီး စာတ်နာပြမနေနဲ့၊ ယူ့ဘာသာယူ ကြက်တူရွေး ပန်းချီဆွဲတယ် ဆိုတဲ့သတင်းကြားလို့ ဒီရပ်ကွက်ထဲကို အူယားဖားယား ပြေးလာပြီး... ဟွန်း...၊ ဒီရောက်တော့ ကြားထားတာနဲ့ တလွဲဖြစ်နေတဲ့အပြင် ကြက်တူရွေးပိုင်ရှင်က ရစရာမရှိအောင်ပြောတာကိုလည်း ခံရသေးတယ်၊ ဝိုင်းကြည့်နေတဲ့ လူတွေကဟားတာကိုလည်း ခံရသေးတယ် မဟုတ်လား"

"ဟင်...ဒါ...ဒါကတော့"

မင်းမျိုး ပြန်လည် ချေပစရာစကား မရှိအောင် ဖြစ်သွားရသည်။ ချစ်နှင်းဖြူလည်း မင်းမျိုး ရန်တွေ့ထားသည်ကို အတေးအမှတ်ပြု၍ အခွင့်အရေးရတုန်း ဖိပြောနေလေ၏။

"ဟွန်း...အဲဒီတုန်းက မျက်နှာလေး ပိစိကွေးနဲ့ နေရာတင်ပဲလဲသေတော့မယ့် ပုံမျိုးနဲ့"

"အင်"

"အဲဒါကို တို့က ကယ်တင်တဲ့အနေနဲ့ ခေါ်လာတာ"

"အန်...ဘာ...ဘာကို ကယ်တင်တာလဲ"

"အိုး...ယူနဲ့ တို့နဲ့ သိတယ်ဆိုတာ သိသွားတော့ ရပ်ကွက်ထဲက လူတွေလည်း ယူ့ကို ဆက်ပြီး မနှောက်ယှက်ရဲတော့ဘူးပေါ့၊ နို့မဟုတ်ရင်တော့လား၊ ပျင်းတောင်ပျင်းသေးတယ်ပဲ၊ နောက်ပြီး အဲဒီမှာ အခြားဂျာနယ်က သတင်းထောက် တစ်ယောက်လည်း ရှိနေတယ်၊ အဲဒီသတင်းထောက်က ဒီနေ့ ယူ့ရဲ့သတင်းလိုက်ကောင်းပုံကို ဓာတ်ပုံနဲ့တကွ ဖော်ပြပြီး ပြန်ရေးပြလိုက်လို့ကတော့လား... တက်ကတည်း အရှက်ပိုရပြီး ဟုတ်ပေ့ ဖြစ်သွားဦးမယ်"

"ဟင်...ဒါ...ဒါဆို"





"အဲဒါကြောင့် ပြောတာပေါ့၊ တို့နဲ့သာမတွေ့ရင် အခု တို့ပြောတဲ့ကိစ္စတွေက အလိုအလျောက်နဲ့ ခေါ်တိုမက်တစ် ဖြစ်ပြီးသားတွေချည်းပဲ၊ ဒီထက် ပိုရင်သာပိုမယ်၊ လျော့တော့ မလျော့ဘူး... စိတ်ချ"

"ဒါ... ဒါဆိုရင်လည်း မင်းဟာက ရိုးရိုးသားသား မခေါ်ထုတ်ဘဲနဲ့ ခုဟာက တော်ပြီကွာ... တော်ပြီ၊ ပြဿနာ ဘာဖြစ်ဖြစ် မင်းကိစ္စ မဟုတ်ဘူး၊ မင်းလုပ်လိုက်မှ ငါလည်း တစ်ရက်က နှစ်ရက်ဖြစ်ရတယ်၊ အဲဒါကို တွေးမိတိုင်း မင်းကို ဒေါသဖြစ်လို့ ဆုံးမှာမဟုတ်ဘူးကွ သိရဲ့လား၊ နောက်နောင် သွားလေရာ လာလေရာ မင်းနဲ့ထပ်မတွေ့ရ ပါစေနဲ့လို့ ငါ ဆုတောင်းတယ်၊ ဒါပဲ...သွားမယ်"

မင်းမျိုး ခံပြင်း နာကြည်းစွာ ဆိုပြီးနောက် ချာခနဲ လှည့်ထွက်သွားတော့သည်။

တောက်... သည်နေ့ ဘယ်လို ပြဿဒါးနေ့မျိုးမှိုပါလိမ့်။

မိုးလင်းမယ် ကြိုရှိသော၊ ပြန်ပြောဖို့ တော်တော်ခက်တဲ့ကိစ္စတွေက ဆက်တိုက်ကို ကြုံနေရပေပြီ။

အကြောင်းပြချက်ပေးရန် ခက်ခဲသော ရုံးတက်ချိန် နောက်ကျမှုအတွက် ဆူပူ ကြိမ်းမောင်းမှုကိုလည်း မပြီးနိုင် မစီးနိုင် ခံရဦးမည် ဖြစ်သည်။

မင်းမျိုး တစ်ယောက် မိန်းမနှင့် ပတ်သက်လာလျှင် ကောင်းကျိုးမပေးဘူးဆိုတာ သေချာသည်ထက် သေချာလာရသည်။

ကြုံလေသမျှ ဆုံလေသမျှ လူရော စိတ်ရော ဒုက္ခတွေ့ရသည်သာ ဖြစ်သည်ဟု မင်းမျိုး တွေးမိရင်း မချိမဆန့် ဖြစ်သွားရသည်။

ကြည့်ရတာ... ပန်းချီ ဆွဲသည်ဆိုသော ကြက်တူရွေးသည်လည်း အထီးမဟုတ်ဘဲ အမ,ပဲ ဖြစ်နေလေရော့သလား မသိ။

သည်ကနေ့ ကိစ္စတွေကိုသာ ပြန်ပြောမိလို့ကတော့ အားလုံးအတောမသတ် နိုင်အောင် ဝိုင်းဟားပြီး မျက်နှာ မဖော်ရအောင် ထပ်ဆင့် ဝိုင်းလှောင်ကြဦးမှာ မြေကြီး လက်ခတ်မလွဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်းမျိုး ကိုယ်သို့ပုံအတွက် ဝမ်းနည်း သိမ်ငယ်စိတ် ဝင်ကာ ခြေလှမ်းတွေပင် မသွက်ချင်တော့။ ဘတ်စ်ကားဂိတ် ရောက်လုလုတွင်...

"ကိုမင်းမျိုး... ခဏ...ခဏ"

ဆိုသည့် အသံကြောင့် မင်းမျိုး လှည့်ကြည့်ရကာ စက်ဘီးစီးလာသော အမျိုးသမီးတစ်ဦးကို တွေ့ရသည်။ တစ်ခါမှ တွေ့ဆုံသိကျွမ်းဖူးခြင်း မရှိသဖြင့် ကြောင်တောင်တောင် ကြည့်နေမိစဉ်မှာပင် ထိုအသံရှင်၏ စက်ဘီးက အနားရောက်လာ၏။ စက်ဘီးကို ဘရိတ်အုပ်ပြီး စက်ဘီးပေါ်မှ ဆင်းကာ...

"တို့က ချစ်နှင်းဖြူရဲ့သူငယ်ချင်း သီတာစိုးပါ၊ စောစောလေးကပဲ ချစ်နှင်းဖြူတို့ အိမ်ရှေ့မှာ အဝင် အထွက်လေး ဆုံခဲ့တယ်လေ"

ဟု ဆိုလာသဖြင့် မင်းမျိုး ထိတ်လန့်သွားရကာ...

"ဟင်...ဘာ...ဘာဒုက္ခ ပေးဦးမလို့လဲ မသိဘူး"

ဟု နှုတ်ထွက် ရေရွတ်မိလေသည်။ အနားမှာ ဗုံးတစ်လုံးလာကျသလို တုန်လှုပ် ချောက်ချားသွားသော မင်းမျိုး၏ အမူအရာကို ကြည့်ရင်း သီတာစိုး ရယ်ချင်ချင် ဖြစ်သွားရသည်။

"ဟောတော့... ဘယ်လို ဖြစ်ရတာလဲ၊ ချစ်နှင်းဖြူရဲ့ သူငယ်ချင်းဆိုတာနဲ့ အံ့လောက်အောင် ကြောက်စရာ ကောင်းသွားလို့လား"

"ကြောက်စရာ ကောင်းတာကတော့ မပြောပါနဲ့တော့၊ ဒါနဲ့ ကျွန်တော့်ကို ဘာဒုက္ခ ပေးချင်သေးလို့ ခင်ဗျားကို ကျွန်တော့်နောက် လိုက်လာခိုင်းရတာလဲ"

"ဩော်... အထင်လွဲနေပြန်ပါပြီ တို့က ဒုက္ခပေးဖို့ လိုက်လာတာ မဟုတ်ပါဘူး။ ဒုက္ခရောက်နေတဲ့ မိန်းကလေး တစ်ယောက်အကြောင်း ပြောပြချင်လို့ပါ"

"ဘာလဲ... အခုပြောမယ့်ဟာကို သတင်း ရေးပေး ရမှာလား"

"ရော်...ရှင်ကလည်း ကြားသမျှ မြင်သမျှ သတင်းရေးဖို့ချည်းပဲ ခေါင်းနေတာတာပဲ၊ စကားတောင် ဟ,ဟာ မပြောရဲသလောက်ပါပဲ"



"ဂိန်"

ခံလိုက်ရပြန်ပဟဲ့ မင်းမျိုး။ တစ်ယောက်တည်း နှိပ်ကွပ် ရတာ အားမရလို့ အဖော်အပေါင်းတွေပါ ခေါ်ပြီး နှိပ်ကွပ် ခိုင်းရအောင် ချစ်နှင်းဖြူ ဆိုသည့် မိန်းကလေးနှင့် မိမိတို့ ဘယ်ဘဝက မပြေသော ရန်ငြိုးတွေ ရှိခဲ့လို့ပါလိမ့်ဟု တွေးတော ပူပန်မိရင်း ရှေ့လျှောက် မပတ်သက်ဖို့ အပြတ်ဖြတ်ထားရမည်ဟု နားလည်လိုက်သည်။

ထို့ကြောင့်...

"ဒါဆိုရင်တော့ ရှင်းရှင်းပဲ ပြောမယ်၊ သတင်း ဖြစ်လာစရာ အကြောင်းမဟုတ်တဲ့ ကိစ္စဟာ တို့နဲ့သက်ဆိုင်တဲ့ ကိစ္စမဟုတ်ဘူး။ သွားမယ်... ဒါပဲ"

"နေ...နေဦးလေ၊ ပြောတာ နားထောင်သွားဦးလေ"

"ဘာကို နားထောင်ရဦးမှာလဲ၊ ဒီမှာ ရုံးချိန် မတရားနောက်ကျနေလို့ စိတ်ညစ်နေရတဲ့ အထဲမှာ"

"ယူ...ချစ်နှင်းဖြူကို စွတ်ရွတ်ပြောပြီး အိမ်ပေါ်က ဆင်းသွားတော့ ချစ်နှင်းဖြူ ဝမ်းနည်းပြီး ငိုယိုကျန်ခဲ့တယ် သိလား"

"ဘယ်လို... သူလို ဗရွတ်ရွတ်တ ကောင်မလေးက ဝမ်းနည်းတတ်၊ ငိုတတ်သေးတယ် ဟုတ်လား...အံ့ဩစရာပဲ"

"ဟုတ်တယ်... တို့လည်း အဲဒါပဲ အံ့ဩနေတာ၊ အမြဲတမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ ဟိုလူ နောက်လိုက်၊ ဒီလူ စလိုက် နေတတ်တဲ့ ကောင်မလေးဟာ ဘာကြောင့်များ မငိုစ,ဖူး ရှိုက်ကြီးတငင် ငိုကြွေးနေရပါလိမ့်ဆိုပြီး တို့လည်း ထူးဆန်းနေတာ၊ နောက်မှပဲ ဘာကြောင့် ငိုရတယ်ဆိုတာ ချစ်နှင်းဖြူရဲ့အမေ ပြောပြလို့သိလိုက်ရတာ၊ ဒါကြောင့် သိ,သိချင်း တို့လည်း လိုက်လာပြီး အကျိုးအကြောင်းပြောတာ"

"ဘာအကျိုးအကြောင်းလဲ"

"ဩော်... ဒီလိုပါ၊ သူ့စေတနာက ဝေဒနာဖြစ်ပြီး ယူတာ ဘဝအဆက်ဆက်က ရန်သူတစ်ယောက်လို သဘောထားသွားတဲ့အပေါ်မှာ

www.burmeseclassic.com



သူ တော်တော်လေး ခံစားလိုက်ရတယ်၊ ပြောရရင် သူက အားလုံးကို ပျော်စေချင်သူပါ"

"ဟွန်း...တို့အထင်တော့ အားလုံးကို ဒုက္ခပေးချင်သူလို့ပဲ ထင်တယ်"

"အို... အဲဒီလို ရက်ရက်စက်စက် ရင့်ရင့်သီးသီးကြီး မပြောလိုက်ပါနဲ့၊ သူ့ခမျာ လူကြီးမိဘယား ဝေဒနာရှင်လေးပါ"

"ဗျာ"

ထင်မှတ်မထားသော စကားကို ဗုံးတစ်လုံး ပေါက်ကွဲသလို ကျယ်လောင်စွာဖြင့် ပြင်းထန်သော ထိခိုက်နာကျင်မှုကို ခံစားရစေသည်။

သူမဟာ... သူမဟာ... လူကြီးမိဘယားဆိုတဲ့ သွေးကင်ဆာ... အို... မကြားချင်ဘူး...မကြားချင်ဘူး"

ကမ္ဘာမြေကြီးတစ်ခုလုံး အိုးထိန်းစက်လို လည်နေ၏။ မင်းမျိုး နားနှစ်ဖက်ပိတ်ပြီး အော်ဟစ်လိုက်သည်။

မကြားချင်ဘူး...မကြားချင်ဘူး... ဘာမှ လာမပြောကြပါနဲ့...။





( ၁၅ )

"ဒါဆိုရင်တော့ သူ့ခမျာ သနားစရာလေးပဲပေါ့"

"အေးပေါ့ကွာ... သွေးကင်ဆာ ဖြစ်နေမှတော့ ကိုယ်ခန္ဓာမှာ ရှိတဲ့သွေးကို အမြဲတမ်း လဲပေးရမှာပေါ့"

"အင်း...သွေးဘယ်လိုပဲ လဲပေးနေနေ နောက်ဆုံးတော့ သိပ်မကြာခင်မှာပဲ အသက် ဆုံးရှုံးသွားရတာပါပဲ"

"ဟင်း... ဒါဆိုရင် သူ့ရဲ့ လူ့သက်တမ်းလေးက ဘာမှမကျန်တော့ဘဲ"

သည်နေ့ လက်ဖက်ရည်ဆိုင်လေးက ထူးခြားစွာ ငြိမ်ချက်သား ကောင်းနေသည်။ မင်းမျိုး တစ်နေ့စာကြုံရသမျှ နားထောင်ပြီး ဟားဖို့ ပြင်ထားတတ်သော တင်ကိုကို၊ အောင်စိုးမိုး၊ ဌေးသိန်းတို့၏ ပါးစပ်တွေ ထဲက ရယ်သံတွေ ထွက်မလာဘဲ ကြေကွဲ ကရုဏာသံတွေသာ ထွက်လာသည်။ ကိုလှအေးလည်း ခေါင်းတညိတ်ညိတ်သာလုပ်ရင်း ဝင်ရောက် ပြောဆိုရန် အင်အားရှိဟန် မတူ။

မင်းမျိုးသည်း မပြောချင်သော စကားကို ပြောပြလိုက်ပြီးနောက် မခံစားချင်သော ဝေဒနာကို ခံစားနေရသည်။

www.burmeseclassic.com

"ဒြွေ... ဒါကြောင့်လည်း ဘယ်လောက်မှ နေ့ရတော့မှာ မဟုတ်တဲ့ လူ့သက်တမ်းအတွက် ကြေကွဲ ငိုကြွေးနေမယ့်အစား ဟိုလူ့ နောက်လိုက် ဒီလူ့နောက်လိုက်နဲ့ အတတ်နိုင်ဆုံး ပျော်အောင် နေ့နေရတာပေါ့"

"အေးပေါ့... ဒါမှလည်း သူ့ရောဂါဝေဒနာကို သူ မေ့ထားနိုင်မှာပေါ့"

တင်ကိုကိုနှင့် အောင်စိုးမိုး၏ အမြင်မမှားကြောင်း မင်းမျိုး လက်ခံရသည်။ ပီဘီ ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်ပြီး နုနယ်လှပတဲ့ မျက်နှာပိုင်ရှင်လေးအတွက် ကံတရားက ပေးသော လက်ဆောင်က ရက်စက်ကြမ်းကြုတ် လွန်းလှသည်။

လူ့လောကမှာ ဘယ်လောက်မှ မနေရတော့ဘူးဆိုတာ သိလို့ သူ့ကိုယ်သူလည်း ပျော်အောင်နေသလို အားလုံးကို ပျော်စေချင်သော သူမကို မင်းမျိုး အဆင်အခြင်မဲ့စွာ၊ မိုက်မဲစွာပြုမူရင်း ထိခိုက် ခံစားစေခဲ့လေသည်။

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ မင်းမျိုးရာ၊ ကိုယ်နဲ့ရေစက်ပါလို့ တွေ့ဆုံရတဲ့ ဝေဒနာရှင်လေးကို ကိုယ်တတ်နိုင်တဲ့ဘက်က ကူညီ စောင့်ရှောက်ပေးတာ ကုသိုလ်ရပါတယ်"

အောင်စိုးမိုးက စာနာစွာ ပြောသလို တင်ကိုကိုကလည်း...

"ဟုတ်ပါတယ်ကွာ... ကူညီ စောင့်ရှောက်ပြီး ပျော်ရွှင်နေအောင် စွမ်းဆောင်ပေးလိုက်ပါ၊ ကြုံကြိုက်ရင် တို့နဲ့လည်း မိတ်ဆက်ပေးပါဦး။ တို့ကြောင့် သူလည်း ပျော်မှာသေချာသလို သူ့ကြောင့်လည်း တို့တစ်တွေ ပျော်မှာ သေချာတယ်"

ဟူ၍ မမြင်ဖူးသေးသော လူတစ်ယောက်၏ နောက်ဆုံးအချိန် အတွက် လုပ်ပေးနိုင်တာ လုပ်ပေးလိုသော စေတနာကိုပြသ၏။

"အေးကွ... တင်ကိုကို ပြောတာ ငါတော့ယုံတယ်၊ မင်းမျိုးနဲ့ နှစ်ခါလားပဲ ဆုံရသေးတယ်၊ ဆုံတဲ့နှစ်ခါမှာ မင်းမျိုးကို အရူးလုပ်သွားတာကို ကြည့်၊ ဘယ်လောက် ရယ်ရသလဲ"

ရွှေသမင်စာပေ



ဆိုသော ကိုလှအေး၏ စကားဆုံးသည်နှင့် ရွှေသိန်းက...

"အေးလေ...ဟုတ်ပါရဲ့၊ မင်းမျိုးက သူ့အိမ်လိပ်စာကို အတိ အကျ သိထားတာတောင် အဲဒီမှာ မိဘတွေနေတာ၊ သူကတော့ ယောက်ျားအိမ်မှာ နေတာပါဆိုပြီး မရှိတဲ့ယောက်ျားကို လက်ညှိုး ထိုးပြလိုက်တာပဲ ကြည့်လေ...၊ ဟား...ဟား... ဟား"

ဟူ၍ မင်းမျိုး ပေါ်တင်ကြီး မျက်စိလည်ခဲ့ရသည်ကို သတိတရ ပြန်ပြောရင်း အားပါးတရ ရယ်လေသည်။

ကျန်သူများလည်း ရွှေသိန်း စကားကို သဘောကျပြီး မင်းမျိုးကို ကြည့်ကာရယ်ကြလေသဖြင့် မင်းမျိုးလည်း အားလုံးနှင့်အတူ ရောနှော ကာ ရှက်ရယ် ရယ်ရလေသည်။ တစ်ဆက်တည်းမှာပင် မျက်စိထဲမှာ ချစ်နှင်းဖြူ၏ မျက်နှာလှလှလေးက ပေါ်လာသည်။ ချစ်နှင်းဖြူ၏ အပြစ်ကင်းစင်သော မျက်နှာလှလှလေးကို ကြည့်ရင်း မင်းမျိုး ရင်တွေ ခုန်လာသည်။

www.burmeseclassic.com



ရွှေမလေး... လို့ကို ခေါ်တော့ အရမ်းလှပါတယ်

တကယ်ဆိုတော့ တကိုယ်ထဲပါပေ

ဘယ်လိုလုပ်မလဲ... မိန်း ချစ်မိနေပြီ

သံယောဇဉ်ရှည်စွဲလေးတွေရဲ့ ချည်နှောင်မှုမှာ

မိတ်ဆွေလိုလက်ရဲ့ နေထိုင်ရပြီ

ငါ့ရင်ခွင်ထဲကို အတိအလင်း ကြော့ဘာ

ဒီနေ့တစ်ခု ငါဟာ

ငါနဲ့တွဲသမီးရဲ့ ကိုယ်ရဲ့တော်

ငါနဲ့တွဲသမီးရဲ့ အိုးတိုင်ပင် တောင်းတိုင်ပင်

ဘဝလက်တွဲ ဖော်

ငါနဲ့တွဲသမီးထံ ငါတိုးပါ အပ်နှံ

ငါနဲ့တွဲသမီးအတွက် လိုအပ်လေသမျှ

အလုံးစုံသော မေတ္တာကို

ငါ့အကြင်နာတရားနဲ့ ပြည့်စုံအောင်

သွန်းလောင်း ဖြည့်ဆည်းပေးမယ်

ငါနဲ့တွဲသမီးကို ငါ... ချစ်တယ်။





## (၅၆)

မိုးရွာအခါ ရန်ကုန်မြို့ရဲ့ ဆေးရုံတစ်ခုမှာ မိုင်မိုးနှင့် ချစ်နှင်းဖြူကို မခွဲမခွာဘဲ တွဲမှုပြုခဲ့တဲ့ သွားကြခြင်းနေတာတွေ့ရတယ်ညီကို တွေ့ရတာတော့လေ ရှိခဲ့သည်။

ချစ်နှင်းဖြူ တက်သမျှ သင်တန်းပေါင်းစုံမှာ မင်းမျိုးတစ်ယောက်ကို မြင်ရတတ်စီးလို့ ချစ်နှင်းဖြူကို အချိန်မှန်ပို့ပေး၊ ကြိုပေးနိုင်သည့်အတွက် မင်းမျိုးကို အောင်မှတ်မကာ ဂုဏ်ထူးမှတ်ပင် ပေးသင့်ပြီ ထင်သည်။

ချစ်နှင်းဖြူကလည်း ချစ်နှင်းဖြူရယ်..။

ဆယ်တန်း အောင်ကတည်းက တက်လာခဲ့သည့် သင်တန်းတွေဆိုတာက ဘွဲ့ရပြီးသည့်အထိ တက်လို့မပြီးသေး။ အင်္ဂလိပ်စာ၊ ဂျပန်၊ ဘာသာစကား သင်တန်းတွေကအစ ကွန်ပျူတာ၊ စာရင်းကိုင်၊ အတွင်းရေးမှူး၊ စီမံခန့်ခွဲမှုသင်တန်းတွေအလယ်၊ ဝက်ချုပ်၊ ပန်းအလှပြုပြင်၊ စိုက်ပျိုးရေးသင်တန်းတွေအဆုံး သင်တန်း စိတ်ဝင်စားနေသူ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ချစ်နှင်းဖြူ ပျော်ဖို့သာ အရေးကြီးပါသည်။

ယခုလည်း နိုင်ငံခြားဆေးဝါးအမျိုးမျိုး အရောင်းဆိုင်ရာ [illegible] သင်တန်းတက်ဖို့ စာရင်းပေးသွင်းခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီသင်တန်းက သိပ်တန်ဖိုးရှိတယ် သိလား။ ဆေးဝါးအရောင်းဆိုင် ဖွင့်ရင်တောင်မှ ဘယ်ရောဂါအတွက် ဘယ်ဆေးတွေကို ပေးပြီးတိုက်ရင် ရောဂါကင်း သက်သာစေတယ် ဆိုတာလောက်တော့ နားလည်သွားတာပေါ့၊ လူဆိုတာ အများအနားနဲ့ ကင်းတာမဟုတ်တော့ ကိုယ်မဖြစ်လည်း အခြားဖြစ်တဲ့ သူတွေကို ဆေးစပ်တိုက်ကျွေးလို့ ရနိုင်တယ်လေ မှတ်ဘူးလား"

"အင်း…ဟုတ်ပါတယ်"

စာရင်းပေးပြီး အပြန် နှစ်ယောက်သား အအေးဆိုင် ထိုင်ရင်း တက်မည့် သင်တန်းနှင့် ပတ်သက်ပြီး တက်ကြွစွာ ပြောဆိုနေသော ချစ်နှင်းမြူကို ကြည့်ရင်း မင်းမျိုး စိတ်ထဲတကောင်း။

"ဟွန်း…ဟုတ်ပါတယ် ပြောတဲ့အသံကြီးကလည်း စိတ်မပါသလိုကြီး။ ဘာလဲ… တို့ ဒီသင်တန်းတက်တာ သဘောမတူလို့လား"

"ကြော်…ကူပါတယ် ချစ်နှင်းမြူရဲ့ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ… တုပ်တွေမိတာတဲ့ ကြက်သားဟင်းစားမိတဲ့ ရုပ်ကြီး ဖြစ်နေလို့ပေါ့"

"ကြော်… တို့က အဲလို ထုတ်ဖော် ပြောဆိုရလောက်အောင် ရှောမော ထုပ်နေတယ်ပေါ့ ဟုတ်လား"

"အန်… ခစ်…ခစ်…ခစ်"

မင်းမျိုး ကိုယ့်အမှား ကိုယ် ချက်ချင်း ပြန်ပြင်ဆင်လိုက်နိုင်သည့်အတွက် တော်ပေသေးသည်။ နို့မဟုတ်ရင် သူ့အတွက် ထိခိုက်ခံစားနေသည့်မှန်း သိသွားလျှင် ချစ်နှင်းမြူလည်း ပျော်နိုင်တော့မည် မဟုတ်။

ယခုတော့ တော်ပါသေးသည်။ မင်းမျိုး ပြောစကားကို ပြက်လုံးတစ်ခုလို သဘောထား၍ ချစ်နှင်းမြူ ဝှဲဆက်မပြတ် ရယ်နိုင်နေခဲ့သည်။

ညီညာ သွယ်တန်းသော သွားလေးတွေပေါ်လွှင်သည်။ ရယ်မော နေသော ချစ်နှင်းမြူကိုကြည့်ရင်း မင်းမျိုး ရင်တွေ ခုန်လာရပြန်သည်။





ရင်ခုန်သံနှင့်အတူ ဖုံးကွယ် မျိုသိပ်ထားသောချစ်စိတ်ကလည်း ဒီရေတိုးသလို တိုးလာခဲ့သည်။

ပြောလိုက်ချင်သည်။ သို့သော် တကယ်တမ်း ဖွင့်ပြောဖို့ကျတော့လည်း ပြောသင့် မပြောသင့် အခက်ကြုံရသည်။

မင်းမျိုး အနေနှင့် သင်ခြင်တုံတရားတို့ အားပြိုင်လျက် ရှိသည်ကို ကြည့်ပြီး ချစ်နှင်းမြူက…

"တော…ပြောနေ ဆိုနေရင်းနဲ့ မျက်နှာက ဘာဖြစ်သွားရတာလဲ"

"ဟင်…ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ပါဘူး"

"မညာပါနဲ့… တစ်ခုခု ဖြစ်နေတယ်ဆိုတာ တို့ရိပ်မိပါတယ်၊ ပြောကွာ…ဘာဖြစ်နေလဲဆိုတာ၊ တစ်ယောက်နဲ့တစ်ယောက် ဒီလောက် ဘော်ဒါပေါင်း ပေါင်းနေပြီး မပွင့်လင်းရင်တော့ မဖိုက်ပါဘူး"

"ကြော်…အခြားမဟုတ်ပါဘူး။ ချစ်နှင်းမြူနဲ့ တွေ့ရင် ပြောမယ် ဆိုပြီး ကျက်ထားတဲ့စကားလုံးတွေကို အစ,မေ့နေလို့ ပြန်စဉ်းစားနေတာပါ"

"အမ်မာ… ကျက်တောင်ထားရတယ် ဆိုတော့ ဘာပြောမှာမို့လဲ ကြီးကြီးကျယ်ကျယ်"

"ကြော်… ကြီးကျယ်လို့ ပြောရတာပေါ့၊ သာမန် ညောင်ညစကားဆိုရင် အပိုလုပ်ပြီး စဉ်းစားနေပါ့မလား"

"အလဲ့…တယ်ဟုတ်ပါလား။ ဒါဆိုရင်လည်း ပြောပါဦး၊ ဘာစကားမို့လဲ"

"အချစ်စကား"

"ဘာရယ်"

"ဟုတ်တယ်… ချစ်နှင်းမြူကို တို့ချစ်တယ်၊ တို့အချစ်ကို လက်ခံပေးပါ ချစ်နှင်းမြူရယ်"

"အို…"



www.burmeseclassic.com

www.burmeseclassic.com



မင်းမျိုး မြော်မိယ့် ပြောတော့လည်း ဒုံနိုး ပြောချလိုက်သည်။ ထင်မှတ်မထားသော အချိန်မှာ ထင်မှတ်မထားဘဲ ကြားလိုက်ရသည်မို့ ချစ်နှင်းဖြူ အံ့သြသွားဟန်ဖြင့် မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ် လုပ်ကာ မင်းမျိုးကို ကြည့်နေလေသည်။ ပြီးမှသတိပြန်ဝင်သွားလျက်. . .

"အံ့မယ်. . . အံ့မယ်. . . ဘာများလဲလို့ အကောင်းမှတ်ပြီး နားထောင်နေတာ၊ လက်စသတ်တော့ တို့ကို ရည်းစားစကားပြောနေတာ ကိုး နေပါဦး. . . ခုလို တို့ကို ရည်းစားစကားပြောရအောင် ဖီးထားတဲ့ ဗိုနပ်နဲ့ ခြေထောက်နဲ့ တော်တဲ့အရွယ် ရောက်နေပြီမို့လား"

"အန်"

မင်းမျိုး ယောင်ပေါင်ပြီး ခြေထောက် ငုံကြည့်မိလိုက်သည်ကို ချစ်နှင်းဖြူ သဘောကျဟန်ဖြင့် ခပ်မွှမွှ ရယ်မောတ်။

"ခစ်"

မင်းမျိုးလည်း ရယ်သံကြားမှ တိုယ့်အဖြစ် ကိုယ် မလုံမလဲ ပြန်ဆင်ခြင်မိရင်း စကားကို ဆက်ရသည်။

"တို့. . . တကယ် ပြောနေတာပါ ချစ်နှင်းဖြူ၊ တို့နဲ့ ချစ်နှင်းဖြူ ခင်မင် ရင်းနှီးသွားကြတာ လေးငါးလမရှိသေးဘူး ဆိုပေမယ့် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ချစ်နှင်းဖြူကို တို့ရင်ထဲက သိနေသလိုမဲ့ သိလား"

"ဟွန်း. . . ယူကလည်း ပြောတော့ သတင်းမီဒီယာ ခေတ်ကြီးထဲ က သတင်းသမားတဲ့ တကယ်တမ်းကျတော့ မျက်မြင် လက်တွေ့ကိုသာ ရေးသားဖော်ပြတဲ့ သတင်းသမားနဲ့ မဆိုင်တဲ့ ဂမ္ဘီရဆန်ဆန် စကားတွေ လာပြောတယ်၊ ဘာလဲ ယူက ဂမ္ဘီရဂျာနယ်လိုင်း ပြောင်းလုပ်ဖို့ အစီအစဉ်ရှိလို့လား"

"ဂိန်"

မင်းမျိုး ထပ်မံခံလိုက်ရပြန်သည်။ သူမနှင့်ပတ်သက်ပြီး ရှုပွဲကြီးပဲ တွေ့ခဲ့လေသမျှ အချစ်ရေးမှာတော့ အောင်ပွဲ ရအောင်ယူမည်ဟု သန္နိဋ္ဌာန်ချလျက်. . .





"တို့အချစ်ကို ချစ်နှင်းဖြူ ယုံချင်မှလည်း ယုံပါလိမ့်မယ်၊ ဒါပေမယ့် ချစ်နှင်းဖြူကိုချစ်တဲ့ တို့အချစ်ကိုတော့ တို့ကိုယ်တိုင် ယုံကြည်တယ်၊ ပြောရရင် တို့ ချစ်နှင်းဖြူကို စတွေ့တဲ့နေ့ကစပြီး နေ့နေ့ညည ချစ်နှင်းဖြူ မျက်နှာလေးကိုပဲ မြင်ယောင် တမ်းတရင်း အိပ်မက် မက်နေခဲ့တဲ့ကောင်ဟာ တို့ပါပဲ၊ အထူးသဖြင့် တို့ရင်ကို အရမ်းနှိုးဆွ ခံစားသွားရစေတဲ့ ချစ်နှင်းဖြူရဲ့ မျက်ဝန်းနက်လေးတစ်စုံဟာ တို့အတွက် အိပ်မက်ကောင်းတွေပေးတဲ့ အဆောင်လေးပါ"

"အောင်မယ်လေး. . .ကိုယ်တော်ချောရယ်. . . ချစ်တဲ့အကြောင်း ပြောတာပဲ ချစ် ချစ်တယ် မပြီပေါ့၊ တစ်ခါတည်း ပြောနေလိုက်တာ မပြီးတော့ဘူး ကိုရိုးယား ဇာတ်လမ်းတွဲ ကျနေတာပဲ"

"အန်. . .ဆောရီး ဆောရီး၊ အားနာဖို့ ကောင်းလိုက်တာ၊ ဒါဆို တိုတိုပဲပြောမယ်၊ ချစ်တယ်"

"ဟင်. . . ထင်သားပဲ၊ တစ်နေ့ ဒီစကား ပြောလာမယ်ဆိုတာ"

"ဟင်. . .ဒါ. . .ဒါဆို"

"ကိစ္စမရှိပါဘူး. . . တို့ဘက်ကလည်း ကြိုတင်ပြင်ဆင်ထားပြီး သားပါ"

"ဟင်. . .ဘယ်. . . ဘယ်လို ပြင်ဆင်ထားတာလဲဟင်"

"ယူ့အချစ်ကို လက်ခံဖို့"

"ဟား. . .တကယ်. . .တကယ်ပြောတာနော်. . .ဝမ်းသာလိုက်တာ ချစ်နှင်းဖြူရယ်"

ဘာဖြစ်လို့ အဲသလောက် မှုလိုက်ရတာလည်း ချစ်နှင်းဖြူရယ် ဟိုမှာ မင်းမျိုး တစ်ဖွဲ့ဖောက် အမှတ်ဆိုပြီး သေသွားမလားတော့ မသိဘူးဟု၍ ပီတိတွေဖြာမီးရင်း မြူးနေသော မင်းမျိုး မျက်နှာကြီးကို ကြည့်ပြီး မြင်သူတကာက အရွဲ့တိုက် ပြောလောက်သည်။

မည်သူတွေ မည်သို့ဆိုစေ. . .။

ချစ်သူနှစ်ယောက် ထပ်ယောက်ကို တစ်ယောက် ရူးကြဖို့သာ လိုရင်းဖြစ်သည်။ မင်းမျိုး ချစ်နှင်းဖြူ၏ လက်ကလေးတစ်ဖက်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တိုင်ဆိုက်သည်။ ချစ်နှင်းဖြူ မရှုန်းဝယ်ဘဲ မင်းမျိုးကို ရှုံ့မဲ့စွာ ကြည့်၏။

"ပွင့်ပွင့်လင်းလင်း ဝန်ခံရရင် တို့လည်း ယူ့ကို စတွေ့ကတည်းက စိတ်ဝင်စားနေတာပါ။ အခုလို တို့နှလုံးသားက အလိုရှိနေတဲ့သူက တို့ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတဲ့အတွက် တို့လည်း အတိုင်းမသိ ဝမ်းသာတယ် သိလား။ တစ်ခုပဲ စိုးရိမ်တယ်၊ ယူ့ တို့ကို ချစ်မိတဲ့ဒဏ်ကို မခံနိုင်မှာကိုပဲ"

"ချစ်မိတဲ့အတွက် ဒဏ်ဆိုတာ မရှိပါဘူး။ အချစ်မှာ ဆုလာဘ်ကိုသာ တို့ ယုံကြည်တယ်၊ ချစ်နှင်းဖြူကို ရင်ခုံရင်းပြီး ချစ်မိလေသမျှ ကြုံတွေ့ရမယ့် အရာရာဟာ တို့ဘဝအတွက် ဆုလာဘ်တွေ ချည်းပါပဲ ချစ်နှင်းဖြူ"

"ယူ့ တကယ်ပြောတာနော်"

"တကယ်ပြောတာ"

"အင်း... ဒီလိုပဲဖြစ်နေရ...ရ... အောင်မယ်လေး ခုံအောက်မှာ မြွေ...မြွေကြီး"

"ဟင်...ဘယ်...ဘယ်မှာလဲ"

ချစ်နှင်းဖြူ မျက်စိစုံမှိတ်ပြီး ထိတ်လန့်တကြား အော်လေသဖြင့် မင်းမျိုးလည်း လန့်ဖျပ်ပြီး စားပွဲခုံပေါ် ရောက်သွားတော့သည်။

ချက်ချင်းဆိုသလို ဆိုင်ဝန်ထမ်းလေးတွေရောက်လာပြီး ချစ်နှင်းဖြူ လက်ညှိုးညွှန်ပြထားရာ စားပွဲခုံအောက်သို့ ရှာဖွေကြလေသည်။ သို့သော် မြွေဆိုသော မြွေက အရိပ်အယောင်လေးပင် မတွေ့ရ။

"ဘယ်မှာလဲ မြွေ... မရှိပါဘူး အစ်မရဲ့"

"ဟုတ်လား...တကယ်...တကယ် မရှိတာလား"

"ဪ...တကယ်မရှိပါဘူး ဆိုမှ ဒီမှာကြည့်ပါလား"

"မသိပါဘူး ရှိတယ်ထင်လို့ အော်လိုက်တာ၊ တိတ်... တိတ် ယူ... မြွေမရှိဘူးတဲ့၊ ပြန်ဆင်းလို့ရပြီ"



"ဟင်...ဟုတ်...ဟုတ်လို့လား"

"ဪ...မရှိပါဘူးဆိုမှ ဘာကြောင့် ဒီလောက်တောင် သတ္တိတွေ ကောင်းနေရတာလဲ...ခစ်"

"ဟင်...ဒါ...ဒါ...မင်း...မင်း"

မင်းမျိုး စားပွဲပေါ်မှ ရှက်ကိုးရှက်ကန်း ပြန်ဆင်းရင်း ချစ်နှင်းဖြူကို မယုံသင်္ကာ ကြည့်၏။ ချစ်နှင်းဖြူ မျက်နှာပိုး မသေစွာဖြင့်...

"ဟွန်း... တော်တော် အားကိုးရတယ်၊ အရေးရယ် အကြောင်းရယ်ဆိုရင် ချစ်လှပါချည်ရဲ့၊ ကြိုက်လှပါချည်ရဲ့ ဆိုတဲ့ ချစ်သူကို ကာကွယ်ဖို့ မကြိုးစားဘဲ ကိုယ်လွတ် ရုန်းရတယ်လို့"

ဟု စွဲချက်တင်လာသဖြင့် မင်းမျိုးလည်း မျက်နှာ ရဲခနဲဖြစ်သွားရသည်။ တစ်ခုခုပြန်ပြောရန် စကားစရှာနေစဉ် ချစ်နှင်းဖြူကပင်ဆက်၍...

"အခြားကောင်မလေး တစ်ယောက်သာဆိုရင် အဲဒီလိုပြောပြီး တို့ကတော့ မပြောပါဘူး၊ လူပဲ မလန့်တတ်ဘဲ ဘယ်ရှိပါ့မလဲ၊ ခုလို ရုတ်တရက်ကြီးဆိုတော့ ပိုဆိုးတာပေါ့နော်၊ ဘာပြောပြော စားပွဲပေါ် တက်ပြေးတယ် ဆိုတာက ဆိုင်ခေါင်မိုးပေါ် တက်ပြေးတာထက်တော့ အများကြီး သွေးကောင်းပါသေးတယ်၊ ဟုတ်ဘူးလား...အဟင်း"

"ဪ...အင်း...အဲ...ဒါပေါ့...ဒါပေါ့...အဟီး၊ ဟုတ်တာပေါ့၊ အဟင်း"

မြွေဟောက်မရှိပါဘဲနှင့် ချစ်နှင်းဖြူ သက်သက်လုပ်ချလိုက်မှန်း မင်းမျိုး သဘောပေါက်လိုက်သည်။ သို့သော် ဒါကို မကျေနပ်လို့ပြောလျှင် တစ်ရက်က နှစ်ရက် ဖြစ်ရဦးမည်။ မပြောဘဲ နေပြန်လျှင်လည်း သူ့အနိုင်ယူပြောသမျှ မျက်နှာ မဖော်ရဲဘဲ နားထောင်နေရဦးမည်။

မင်းမျိုး အခက်ကြုံနေပုံကို ကြည့်ပြီး ချစ်နှင်းဖြူ ပြုံးလျက်...

" တို့ကို ချစ်မိတဲ့အတွက် ဒဏ်ဆိုတာ မရှိဘူး၊ ဆုလာဘ်ဆိုတာပဲ ရှိတယ်လို့ ယူကိုယ်တိုင်ပြောခဲ့တာနော်၊ ဒါကြောင့် ယူ့စကား တည်၊ မတည် စမ်းကြည့်လိုက်တာ၊ ဘယ်လိုလဲ၊ ဒဏ်လို့ သတ်မှတ်သလား ဆုလာဘ်လို့ သတ်မှတ်သလား"



www.burmeseclassic.com

www.burmeseclassic.com



"အို...ဒါ...ဒါ ဆုလာဘ်ပေါ့ ချစ်နှင်းဖြူရဲ့ ဘယ်က ဒတ်ဟုတ်ရမှာလဲ...အဟင်းဟင်းဟင်း"

"အင်း... ဒါဆိုရင်လည်း ပြီးရော ချစ်တယ်လို့ပဲ မှတ်လိုက်မယ်...ခစ်ခစ်ခစ်"

ကဲ...ကြည့်။ မင်းမျိုး တစ်ယောက် အောင့်သီးအောင့်သက်နဲ့ ချစ်နှင်းဖြူ အလိုကျ လိုက်လံ ရယ်မောနေရတာ။

အရေးကြီးတာက ချစ်နှင်းဖြူ ပျော်ဖို့အတွက်ပါပဲ။

ချစ်နှင်းဖြူကိုပျော်အောင် ဘဝရဲ့ နောက်ဆုံးအချိန်ကို လုပစေရမည်ဟု မင်းမျိုး သစ္စာဆိုထားသည်ပဲလေ။

ပျော်နေပါစေ ချစ်နှင်းဖြူ...။

အခုလို အပြစ်ကင်းစင်တဲ့ ပီဘိကလေးငယ် တစ်ယောက်လို အစဉ် ရယ်မောနေပါစေ...။

ချစ်နှင်းဖြူရဲ့ ရယ်သံလေးတွေ ချိုလွန်းလို့ရယ်...။

♥♥





# ( ၁၇ )

"အိမ်က မွေးစားညီမလေး ပုတု ဆုံးသွားလို့ ချက်ချင်းပဲသင်္ဂြိုဟ်မှာမို့ အမြန်လာခဲ့ပါ"

ဆိုပြီး ချစ်နှင်းဖြူ ငိုသံနှောပြီး ရုံးကို ဖုန်းဆက်လာသဖြင့် မင်းမျိုးလည်း ပြာသွားရသည်။

ထို့ကြောင့်...

"ဘယ်မှာ သင်္ဂြိုဟ်မှာလဲ... ရေဝေးလား"

ဟူ၍ ပြန်မေးသည်ကို ချစ်နှင်းဖြူက...

"ရေဝေး မဟုတ်ဘူး"

ဟု ငိုရှိုက်ဖြေကြားပြီး ဖုန်းချသွားလေသဖြင့် မင်းမျိုး ချစ်နှင်းဖြူ အတွက် စိတ်ပူလျက် နေ့ဝက် ခွင့်ယူကာ လိုက်ပို့ဖို့ အလောတကြီး ပြင်ရသည်။

သင်္ဂြိုဟ်မည့်နေရာက ရေဝေးမဟုတ်လျှင် ထိန်ပင်ပဲ ဖြစ်ရမည်အတွက်ချက်မိရင်း တက္ကစီငှားကာ ထိန်ပင်သုသာန်ဆီ သွားရသည်။

ထိန်ပင်သုသာန် ရောက်သည်နှင့် ပုတုနာမည်ကို ရှာရသည်။ မတွေ့...။

www.burmeseclassic.com



ပုတု ဆိုတာ အိမ်နာမည် ဖြစ်နိုင်သည်၊ ညီမဖြစ်၍ ချစ်နှင်းဖြူထက် ငယ်လိမ့်မည်ဟု တွေးမိပြီး အသက်နှစ်ဆယ်အောက် သဂြိုဟ်မည့် မိန်းကလေးစာရင်းကို ကြည့်ရပြန်သည်။

သည်နေ့ သဂြိုဟ်မည့် စာရင်းမှာ အသက်နှစ်ဆယ်အောက် မိန်းကလေး လုံးဝမရှိ၊ မင်းမျိုး စဉ်းစားရ ကျပ်သွားသည်။

"အင်း... သေချာတယ်၊ သူ့ပါးစပ်က ရေဝေး မဟုတ်ဘူးလို့ ပြောသွားတာပဲ၊ ဒါဆို ဒီထိန်ပင်ပဲ ရှိတော့တာပဲ"

ဟူ၍ ရေရွတ်ရင်း ချစ်နှင်းဖြူကို တွေ့လိုတွေ့ငြား လိုက်လံ ရှာကြည့်ရသည်။

"အင်း... သေချာတယ်၊ တစ်ခုခုတော့ လွဲနေပြီ၊ ကဲလေ... မထူးပါဘူး၊ အိမ်လိုက်သွားတာ အကောင်းဆုံးပါပဲ၊ အရေးကြီးတာ ချစ်နှင်းဖြူ စိတ်ထိခိုက်လို့ တစ်ခုခုဖြစ်ပြီး သူ့ရောဂါအတွက် ဖိအား သက်ရောက်သွားရင် ဒုက္ခ"

မင်းမျိုး အပူစိတ်ကို သယ်ပိုးလျက် ချစ်နှင်းဖြူ အိမ်သို့ အပြေး လာခဲ့ရပြန်သည်။

ချစ်နှင်းဖြူတို့အိမ် ရောက်တော့ အားလုံး ပုံမှန်ပဲဖြစ်နေသည်ကို သတိထားမိသဖြင့် အံ့ဩသွားရသည်၊ သို့သော် စိတ်မှာတော့မရှင်းသေး။

အိမ်ထဲ ဝင်လိုက်သည်နှင့် ပက်လက်ကုလားထိုင်ပေါ်မှာ ခန့်ခန့်ကြီး ထိုင်ပြီး ဝတ္ထုဖတ်နေသော ချစ်နှင်းဖြူကို တွေ့လိုက်ရသဖြင့် မင်းမျိုး ဘယ်ကစ,လို့ စ,မေးရမှန်းမသိ ဖြစ်သွားသည်၊ ထိုအရေးကို ချောင်းဟန့် သံ ပေးရင်း ဖြေရှင်းရသည်။

"အဟမ်း"

ချောင်းဟန့်သံကြောင့် ချစ်နှင်းဖြူ လှည့်ကြည့်၏။

"ဟင်း... တော်တော် အားကိုးရတယ်၊ အခုမှပဲ ရောက်လာ တော့တယ်"

ဟူ၍ ခရီးရောက်မဆိုက် အပြစ်ဆိုရင်း ဝတ္ထုစာအုပ်ကို ဘေးမှာ ချလိုက်၏။





မင်းမျိုး မျက်နှာငယ်လေးနှင့်...

"တို့...တို့လည်း ချစ်နှင်းဖြူနဲ့ ဖုန်း ပြောပြီးပြီးချင်း ထိန်ပင်ကို တန်းသွားတာပဲ၊ ဒါပေမယ့် ဟိုရောက်တော့ ဘယ်သူ့မှ မတွေ့လို့ စိတ်ပူပြီး အိမ်လိုက်လာတာ"

"ဘယ်တွေ့မှာလဲ၊ ထိန်ပင်မှာ သဂြိုဟ်တာမှ မဟုတ်တာ"

"ဟင်... ဖုန်းထဲမှာပြောတုန်းက ရေဝေး မဟုတ်ဘူးဆို၊ ရေဝေးမဟုတ်ရင် 'ထိန်ပင်ပဲ ရှိတော့တာ မဟုတ်လား"

"ဘယ်ကလာ ရေဝေးလည်း မဟုတ်ဘူး၊ ထိန်ပင်လည်း မဟုတ်ဘူး"

"ဒါ...ဒါဆို ဘယ်မှာလဲ"

"အိမ်နောက်ဘက် ခြံထဲမှာပဲ သဂြိုဟ်လိုက်တာ"

"ဟာ...အဲဒီလို အရမ်းလုပ်လို့ မရဘူးလေ"

"အောင်မယ်... ဘာလို့ မရ,ရမှာလဲ၊ ကိုယ့်အိမ်က ကြောင် သေလို့ ကိုယ့်အိမ်ထဲ မြေကြီးတူးပြီး မြှုပ်တာ ဘယ်သူ့ သွားပြောနေ ရဦးမှာလဲ"

"ဟင်...ဘာ...ဘာပြောတယ်၊ ကြောင်...ကြောင်သေလို့၊ ဒါဆို...ဒါဆို... ပုတုဆိုတာ လူမဟုတ်ဘူးပေါ့"

"ရော်...ယူ့ကို ဘယ်သူက လူလို့ ပြောနေလို့လဲ"

"မင်းပြောတော့ မွေးစား ညီမလေးဆို"

"အင်းလေ...မွေးစားထားလို့ မွေးစားညီမလို့ပြောတာ၊ ဘာဖြစ် လို့လဲ"

မင်းမျိုး သွေးကြောတွေ တင်းခနဲ ဖြစ်သွားရလျက် လက်သီးပင် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်မိသည်။

"ဘာဖြစ်ရမှာလဲ၊ မွေးစား ညီမလေးဆိုတော့ လူထင်ပြီး ဒီမှာ အလုပ်ပျက်ခံပြီး ထိန်ပင်သုသာန်ဆီ သွားရတာ၊ ဟိုရောက်တော့ ခြေတိုအောင် လိုက်ရှာရတာ ဖတ်ဖတ်ကိုမောလို့၊ အခုကျမှ ပုတုဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လူမဟုတ်ဘူး ကြောင်ဆိုတော့မင်းကွာ... မင်း...ဒါ...ငါ့ကို သက်သက် ဒုက္ခပေးတာ"

"ဘာ... ဒုက္ခပေးတယ်၊ ဟုတ်လား"

"ဟုတ်တယ်... မင်း ငါ့ကိုတော်တော်ဒုက္ခပေးတယ်၊ မင်းကြောင့် ငါ့မှာ စိတ်အနှောင့်အယှက်ဖြစ်စရာ အမျိုးမျိုး ကြုံရတယ်၊ ဒီမယ် လူမှာ သည်းခံနိုင်တဲ့ အတိုင်းအတာ ရှိတယ်ကွ၊ သတ်မှတ်ထားတဲ့ အတိုင်းအတာကိုကျော်ပြီး ဘယ်သူမှ သည်းမခံတတ်ဘူးကွ... မင်း နားလည်လား"

ချစ်နှင်းဖြူ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ကာ...

"ဪ...ရှင်က ဒီစကားတွေ ပြောထွက်လာပြီပေါ့၊ ဟုတ်လား... ရှင် ကျွန်မကို ဘာပြောခဲ့သလဲ၊ ကျွန်မကို ချစ်မိတဲ့အတွက် တွေ့ကြုံလာသမျှကို ဒဏ်လို့မသတ်မှတ်ဘူး ဆုလာဘ်လို့ပဲ သတ်မှတ် မယ်ဆို"

"အဲဒီတုန်းက ငါရူးလို့ ပြောခဲ့မိတာကွ၊ ငါရူးနေလို့ ပြောခဲ့မိတာ၊ ဘယ့်နှယ်ကွာ... ချစ်သူတစ်ယောက်အနေနဲ့ရော၊ မိတ်ဆွေတစ်ယောက် အနေနဲ့ရော၊ လူသားတစ်ယောက်အနေနဲ့ပါ လေးစားရကောင်းမှန်း မသိဘူး၊ မင်းကို ငါ လုံးဝ စိတ်ကုန်သွားပြီ၊ သိလား"

"ဪ...ဒီလိုလား၊ ကောင်းပြီလေ... ဒါဆိုရင်လည်း ရှင်နဲ့ ကျွန်မ ရှေ့ဆက် ပတ်သက်စရာအကြောင်း မရှိတော့ဘူးပေါ့၊ ဒီနေ့ ကျွန်မအပေါ်မှာ ထားရှိတဲ့ ရှင့်ရဲ့အတွင်းစိတ်ကို သိခွင့်ရလိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကဲ...ရှင် ပြန်နိုင်ပါပြီ"

မင်းမျိုး စိတ်အလိုလိုက်ပြီး ဒေါသတကြီး ပြောဆိုနေ သလောက် ချစ်နှင်းဖြူကတော့ သွေးအေးစွာ ပြောဆိုနေလေ သည်။ သွေးအေးသူ တစ်ယောက်၏ နှုတ်ခမ်းပါး တစ်စုံမှ ထွက်ကျလာသော စကားလုံးတို့ သည် ထိမှန်လေသမျှသော အရာရာကို အေးခဲလောင်ကျွမ်းစေသည်။ မိန်းမသား တစ်ယောက်ရဲ့ မာနကိုမှ သွားရောက် ထိပါးမိလေရော့ သလား။





မင်းမျိုးလည်း ဒေါသအလျောက် ပြောဆိုမိတာ လွန်သွားပြီကို ဆင်ခြင်မိလိုက်ပါသော်လည်း နောက်ကျသွား ပေပြီ။

သိလိုက်ချိန်မှာ မာန၏ တုံ့ပြန် ရိုက်ခတ်ချက်ကြောင့် ထွက်ပေါ် လာသော စိန်ခေါ်သံကို လက်ခံမိပြီး ဖြစ်နေသည်။

နောက်ဆုတ် အလျှော့ပေး စိတ်ကူးထားဟန် မတူသော ချစ်နှင်းဖြူ၏ မျက်လုံးစိမ်းစိမ်းများနှင့် အကြည့်ချင်းဆိုင်ကာ...

"စိတ်ချ... ပြန်မှာပါ၊ မင်းရှေ့ကို ပြန်ရောက်စရာ အကြောင်း လုံးဝမရှိတဲ့ ခြေလှမ်းမျိုးနဲ့ ပြန်မှာပါ၊ မင်းနဲ့ ငါကြားမှာ နောက်ထပ်ဆိုတာ လုံးဝ မရှိစေရဘူး၊ ငါသွားမယ်၊ ဒါပဲ"

ဟူ၍ ရဲရင့်ပြတ်သားစွာဆိုရင်း မာကျောသော ခြေလှမ်းများဖြင့် လှည့်ထွက်ခဲ့တော့သည်။

နောက်ကျောဘက်ဆီမှ ချစ်နှင်းဖြူ၏ ရယ်သံသဲ့သဲ့ကို ကြားလိုက် ရသလိုလို။

အို...အားလုံး ပြီးဆုံးသွားပြီပဲလေ၊ သူမနှင့် ပတ်သက်လေသမျှ ငိုသံတွေပဲ ဖြစ်ဖြစ်၊ ရယ်သံတွေပဲဖြစ်ဖြစ် အရာအားလုံး ဥပဲကွာ ပြူလိုက်ပါပြီ။

မင်းမျိုးရဲ့ကမ္ဘာမှာ ချစ်နှင်းဖြူ ဆိုတာ အမှုန်လေးတစ်စက် အနေနှင့်သော်မျှ မရှိပါလေတော့ပြီရကာရယ်။

www.burmeseclassic.com



## ( ၁၈ )

"ဟာကွာ...မင်းတို့နှစ်ယောက်ကြားမှာ အဲသလောက်ကြီး တင်းမာဖို့ မကောင်းဘူး"

"ဟုတ်ပါတယ်ကွာ... သူ့ခမျာ လူ့လောကကြီးထဲမှာ ဘယ်လောက်မှ နေခွင့် ရတော့မှာမှမဟုတ်တာ၊ သူ ဘယ် လောက်ပဲဆိုးဆိုး မင်းအနေနဲ့ အတတ်နိုင်ဆုံး သည်းခံ လိုက်လျောပေးလိုက်ပါကွာ... ဗွေမယူပါနဲ့"

"မင်းပဲ သူ့မျက်နှာလေး ပြုံးရယ်နေတာပဲ မြင်ချင်တယ်၊ သူ့ကို ပျော်ရွှင်အောင်ထား၊ သူ့ဘဝရဲ့ နောက်ဆုံး အချိန်လေးတွေကို အလှပဆုံး က,ကြိုးဆင်ပေးမယ်ဆို"

"ရောဂါဘယရဲ့ တိုက်ခိုက်မှု ခံနေရတာကို မေ့ထားနိုင်ဖို့ အိုကွာ...သူ မကြာခင်မှာ သေရတော့မယ် ဆိုတာကို မေ့ထားနိုင်ဖို့ တာဝန်အရှိဆုံးလူက မင်းပဲ မင်းမျိုး၊ သူ ပျော်နေပါစေကွာ၊ မင်းကိုယ်တိုင်လည်း သူ့ကို ပျော်နေစေချင်တာ မဟုတ်လား၊ သေခြင်းတံခါးဆီကို သူ အရယ်အပြုံးမပျက် သွားနိုင်ဖို့ ခံနိုင်ရည် မွေးထုတ်ပေးနိုင်ဆုံးသော တစ်ဦးတည်းသော လူဟာ မင်းပဲ မင်းမျိုး"





ချစ်နှင်းဖြူနှင့် ပတ်သက်စရာ အကြောင်းမရှိတော့ဘူး၊ အားလုံး ပြီးဆုံးသွားပါပြီ ဟူ၍သော တင်ကိုကိုတို့ကို ပြောပြမိလျှင် သူတို့ပါးစပ်တွေက ဤသို့ အသီးသီး တုံ့ပြန် ပြောဆိုလာကြမည်မှာ သေချာသည်။

ထို့ကြောင့် ချစ်နှင်းဖြူ အကြောင်းနှင့် ပတ်သက်ပြီး မည်သူ့ကိုမျှ ဘာမျှမပြောတော့ဘဲ ကိုယ့်ဘာသာပဲ ကြိတ်ခံစားသွားရန် မင်းမျိုး ဆုံးဖြတ်ထားသည်။ တကယ်တော့ တိုက်ပွဲတစ်ပွဲဖြစ်ပြီဆိုရင် နှစ်ဖက်စလုံး ထိခိုက်ရတာချည်းပါပဲ။

တိုက်ပွဲ...။ အို...ဘာကြောင့် ဒီစကားလုံးကို သုံးမိရတာပါလိမ့်။

တကယ်တော့ ဒါဟာ လူသား နှစ်ယောက်ကြားမှာ ရစ်ပတ်နှောင်ဖွဲ့ထားတဲ့ ကြိုးလေးတစ်ချောင်း ပြတ်တောက် သွားရုံသက်သက်ပါ။ သူတကာ တွေ့ကြုံဖူးကြသလိုပဲ အချစ် ဇာတ်လမ်းလေး တစ်ပုဒ် ပြီးဆုံးသွားတာပါ။ တကယ်ရော ပြီးဆုံးသွားပြီလားဟင်။

မင်းမျိုး ခေါင်းညိတ်ပြလိုက်သည်။ ရင်ထဲမှာတော့ နာကျင်နေသည်။ ချစ်နှင်းဖြူကို စောစီးစွာ ကျောခိုင်းစွန့်ခွာ လိုက်ခြင်းသည် နောက်ကျမှ ကျောခိုင်း စွန့်ခွာခြင်းထက် ကောင်းသည်ဟုလည်း တွေးမိပြန်သည်။

ဟုတ်သည်။ မင်းမျိုးနှင့် မတွေ့ခင်က ချစ်နှင်းဖြူရဲ့ဘဝ ပကတိဖြူစင်လွန်းလှသည်။ မိဘ၊ ဆွေမျိုး၊ သူငယ် ချင်းတွေနဲ့ ပျော်သလို နေထိုင်ခွင့်ရခဲ့သည်။ ဘာပူပင်သောကမှမရှိဘဲ သေခြင်းတရားကို လွယ်လွယ်ပဲ မေ့ထားနိုင်ခဲ့သည်။

ယခု အချစ်ဆိုသော အရာကို တွေ့ရှိ ခံစားမိလေ သောအခါမှ သာယာ ဆိတ်ငြိမ်သော သူမရဲ့ကမ္ဘာလေး သူ့အသံတွေ ဆူညံခဲ့ရလေပြီ။

မင်းမျိုး ကိုယ့်ကိုယ်ကို အပြစ်လုပ်မိသလို ခံစားမိရင်း မျက်ရည်တို့ ရစ်ဝဲလာသည်။ ထိုသို့ တွေးမိပြန်တော့လည်း ယခုလို စောစီးစွာ လမ်းခွဲ နှုတ်ဆက်လိုက်ခြင်းသည် သူမအတွက်ရော မိမိအတွက်ပါ အကောင်းဆုံး ဖြစ်သည်ဟူ၍ မင်းမျိုး ဖြေဆည်ရာကို ရှာမိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဘဝ ဆိုတာက ဘယ်လောက် ပျော်စရာ ကောင်းတယ်ဆိုဆို စကားများ၊ ရန်ဖြစ်၊ စိတ်ညစ်စရာတွေ ကလည်း တစ်မျိုးပြီး တစ်မျိုး၊ မရိုးနိုင်တဲ့ က,ကွက်ဆန်းတွေ ကလည်း အမြဲလိုလို ရှိပြီးသားရယ်။ အချစ်ကြောင့်ပဲ အမုန်း ဆိုတာ ဖြစ်ပေါ်လာရတာပါ။

ဟုတ်သည်။

ချစ်နှင်းဖြူ ဘဝမှာ တစ်ခါမျှ မရှိခဲ့ဘူးသော နာကြည်း မုန်းတီးမှု၊ ကြေကွဲ ထိခိုက်မှု ဆိုသည့် အကျည်းတန် ခံစားမှုတို့သည် မိမိကြောင့် ဖွဲ့တည်ခဲ့ဖူးလေပြီ။ ထိုဆူးတွေကို ထိုးစိုက်ခဲ့သူသည် မိမိပဲ ဖြစ်သည်။ ထို့ကြောင့် ထိုဆူးတွေကို ထိုးစိုက်သူ မိမိကိုယ်တိုင်ကပဲ ပြန်နုတ်ပယ်ပေးရပေလိမ့်မည်။ ဆူးကို ဆွဲနုတ်စဉ်ခဏ နာကျင် ခံစားရနိုင်သော်လည်း သိပ် မကြာခင် ဒဏ်ရာတွေ ပျောက်ကင်းပြီး ဟိုအရင်လို အဖြူရောင် ဘဝလေးကို သူမ ပြန်လည်ပိုင်ဆိုင်ခွင့် ရရှိသွားပါလိမ့်မည်။

ဟိုအရင်လို ဘဝမှာ နေသားတကျ ပြန်ဖြစ်သွားတဲ့ အခါ နေသားကျနေတဲ့ ဘဝလေးကို မွှေနှောက် ဖျက်ဆီး ခဲ့ဖူးတဲ့ တစ်ချိန်က လူတစ်ယောက်ကို မင်း မေ့သွားနိုင်မှာပါ ချစ်နှင်းဖြူ။ မင်း ငါ့ကို အမြန်ဆုံး မေ့သွားနိုင်ပါစေလို့ ဆုတောင်းတယ်။

မင်း ငါ့ကို မေ့နိုင်ဖို့ လိုအပ်တယ်။

ငါလည်း မင်းကို မေ့နိုင်ဖို့ လိုအပ်တယ်။

မင်းမျိုး မျက်ရည်တွေ သုတ်ပစ်လိုက်သည်။ ကောင်းကင် ကို မော့ကြည့်လိုက်သည်။ ချစ်နှင်းဖြူကို မြင်တွေ့ရသည်။ မင်းမျိုး ခေါင်းကို ခါယမ်းပြီး မျက်စိ စုံမှိတ်လိုက်သည်။

လူဆိုတာ မြင့်မြတ်သားပြီးသား... ကိုယ့်က တရားရဲ့ အလိုအတိုင်းပဲ ကိုယ့် ရှင်သန် နေထိုင်ရတာပါ။ ကိုယ့်က တရားကို ကိုယ်က လွန်ဆန်လို့မှ မရနိုင်ဘဲလေ။





မင်းအတွက် ကောင်းဖို့...

ငါ့အတွက် ကောင်းဖို့...

ကိုယ့်... အားလုံး ကောင်းဖို့အတွက်...

မင်း ငါ့ကို မေ့လိုက်တော့ ချစ်နှင်းဖြူ...

ငါ မင်းကို မေ့လိုက်ပြီ ချစ်နှင်းဖြူ...။

♥♥

တစ်ခုရှိသော နိုဝင်ဘာ ၆ ရက်

တနင်္ဂနွေနေ့မှာ မွေးဖွားတဲ့ နတ်သမီးတစ်ပါး

ရုက်ဖြူလေးတစ်ပွင့်နဲ့ သော်တာတစ်ချက်ကြားသိတဲ့

ချစ်သူတို့အတွက် အသစ်နှစ်သုံး ဂုဏ်ပြုတင်ဆက်သို့

ရွှေရောင်တောက်တောက်ထဲ

ရောင်စုံဖိတ်ပြုံးတွေ လှပစွာပွင့်

ငါ့အချစ် ငါ့ရင်ခုန်သံတို့

ငါနဲ့အတူ ယှဉ်တွဲသိတဲ့ ဘဝအဆက်ဆက်က

ချစ်သူ မြတ်နိုးသူ

ငါ့နတ်သမီးကို ငါတွေးရှုးတမ်းတယ်...။

***



www.burmeseclassic.com

www.burmeseclassic.com



# ( ၁၉ )

"ကိုမင်းမျိုး တယ်လီဖုန်း လာနေတယ်"

ဆိုသော အသံကြောင့် ရေးလက်စ၊သတင်းကို လက်စ၊မသတ်နိုင်သေးဘဲ တယ်လီဖုန်း သွားကိုင်ရသည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ"

တစ်ဖက်မှ...

"ကိုမင်းမျိုး...ကျွန်မ သီတာစိုးပါ၊ ချစ်နှင်းဖြူရဲ့ သူငယ်ချင်းလေ"

ဆိုသော အသံကြောင့် မင်းမျိုး ထိတ်ခနဲ ဖြစ်သွားရသည်။ သို့သော် ချစ်နှင်းဖြူဆိုတာ မင်းမျိုး အလုံးစုံသောအာရုံထဲမှ မေ့ဖျောက်ထားသူဖြစ်သည်။ ထို့ကြောင့် ချစ်နှင်းဖြူ နာမည်မခေါ်မိအောင် ခက်ခဲစွာ ကြိုးစား လေ့ကျင့်ထားရသော ပါးစပ်ကို ပိတ်မြဲတိုင်း ပိတ်ထားလိုက်သည်။ တစ်ဖက်မှ အသံက ဆက်လက် ထွက်ပေါ်လာသည်။

"ကိုမင်းမျိုးနဲ့ ချစ်နှင်းဖြူတို့ရဲ့ကိစ္စတွေအားလုံး ကျွန်မ သိပြီးပါပြီ ဒီအရေးမှာ ဝင်စွက်ဖက်ဖို့ စိတ်ကူးလည်း မရှိပါဘူး။ အသိပေးချင်တာလေး တစ်ခုပါပဲ၊ အဲဒါက (.........) အထူးကုဆေးခန်းကို ချစ်နှင်းဖြူ ရောက်နေပြီ ဆိုတာပါပဲ"





"ဗျာ...ဒါဆို...သူ...သူ"

မင်းမျိုး စကားကို ဆုံးအောင် မပြောနိုင်တော့ဘဲ တယ်လီဖုန်း စကားပြောခွက်ကို လွှတ်ချကာ ပြေးထွက်တော့သည်။

"ဟာ...ဟိတ်...မင်းမျိုး ဘာဖြစ်လို့လဲ... ဘာဖြစ်လို့လဲ"

ဆိုသော လုပ်ဖော် ကိုင်ဖက်များ၏ စိုးရိမ်တကြီး မေးမြန်းမှု အတွက်ပင် အချိန်စိုးစဉ်းမျှ မပေးနိုင်တော့။

လမ်းပေါ်ရောက်သည်နှင့် တွေ့ရာ တက္ကစီငှားပြီး ချစ်နှင်းဖြူ ရောက်နေသည်ဆိုသော အထူးကု ဆေးခန်းသို့ မြန်မြန်မောင်းပို့ခိုင်းရသည်။

"ဘုရား...ဘုရား... အသက်မှ မီပါ့မလား မသိဘူး"

ဟု ကြောင့်ကြစွာ ရေရွတ်မိရင်း လက်ကနာရီကို ကြည့်မိသည်။

"ဟင်...ဒီနေ့ နိုဝင်ဘာ(၆)ရက် တနင်္ဂနွေနေ့ပဲ၊ ဒါ... ဒါဆို ဒီနေ့က သူ့ရဲ့ (၂၃) နှစ်မြောက် မွေးနေ့ပဲ၊ အလို သူ့ရဲ့ (၂၃)နှစ်မြောက် မွေးနေ့မှာမှ မွေးနေ့ မွေးရက်ကော လာတိုက်နေတယ် ဆိုတော့ ဘုရား... ဘုရား... လွဲပါစေ... ဖယ်ပါစေ"

မင်းမျိုး အစိုးရိမ် ပိုမိုသည်ထက် ပိုမိုလာပြန်သည်။ သာမန်အချိန်တွေမှာ မွေးနေ့ မွေးရက် တိုက်သည့်အတွက် ပိုပျော်စရာ ကောင်းနိုင်ပေမယ့် သည်အခြေအနေ မျိုးမှာတော့ မွေးနေ့မွေးရက် မတိုက်စေလို။

သေဆုံးမည့်သူများသည် ရက်သတ္တ တစ်ပတ်ထဲမှာမှ ကိုယ်မွေးဖွားသည့်နေ့ကို စောင့်ပြီး သေတတ်ကြသည်တဲ့။

ဘုရား...ဘုရား... ဒီနေ့ တနင်္ဂနွေနေ့ ဆိုတော့... တနင်္ဂနွေနေ့ ဆိုတော့...

မင်းမျိုး မျက်ရည်တွေ ကျလာသည်ကို မတားဆီးမိတော့။

ဆေးခန်းရှေ့ ကားရပ်လိုက်သည်နှင့် ကားခ၊ရှင်းပေးပြီး ကားပေါ်မှ တစ်ဟုန်ထိုး ပြေးဆင်းတော့သည်။ ပါးစပ်ကလည်း...

"ချစ်နှင်းဖြူ...ချစ်နှင်းဖြူ"



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း အဆက်မပြတ် ရေရွတ်နေမိသေးသည်။ မင်းမျိုး ကျယ်ပြန့် ကြီးမားသော အထူးကု ဆေးခန်းအတွင်း ပြေးလွှားရင်း ချစ်နှင်းဖြူ ရှိသည်ဆိုသော ပထမထပ်သို့ တရကြမ်း ပြေးတက်ရသည်။ ချစ်နှင်းဖြူကို အဆုံးရှုံး မခံနိုင်သော နှမြောတပ်မက်မှုဖြင့် နှုတ်မှ...

"ချစ်နှင်းဖြူ...ချစ်နှင်းဖြူ"

ဟု အထပ်ထပ် ခေါ်ယူရင်း မျက်ရည် တွေတွေစီးကျနေသေး၏။ မျက်ရည်နှင့် ပူပန်မှုတို့ကြောင့် အမြင်တွေက သိပ်မသဲကွဲချင်သလို ဖြစ်နေသည်။

ပထမထပ် ရောက်သည်နှင့် အသင့်တွေ့ရသော လူမျိုးခြား ဆေးခန်းဝန်ထမ်း တစ်ယောက်ကို အကျိုလက် ဖမ်းဆွဲရင်း...

"ဒီမှာ ချစ်နှင်းဖြူဆိုတဲ့ ကောင်မလေး ဘယ်အခန်းမှာ ရှိနေသလဲဟင်"

"ဘယ်သူ... ဪ... သိဘီ၊ မရှိတော့ဘူး ဆုံးပြီ"

"ဗျာ"

မင်းမျိုး ဝလျင်ကြော တည့်တည့်မှာ ရပ်မိသလို တစ်ကိုယ်လုံး သွက်သွက်ခါ ယိမ်းထိုး လှုပ်ရှားသွားရသည်။ သို့သော် ကြားရသော အခြေအနေကို နှလုံးသားက လုံးဝ လက်မခံနိုင်သေး။

ထို့ကြောင့်...

"ဟော့လူ...ခင်ဗျား...ခင်ဗျား မဟုတ်တာတွေ မပြောနဲ့နော်၊ ဘာလို့ သေရမှာလဲ၊ မသေပါဘူးဗျ မသေနိုင်ပါဘူး"

ဟူ၍ မျက်ရည် အရွဲသားဖြင့် အဖြစ်အပျက်ကို ငြင်းဆန်ဖို့ ကြိုးစားမိသည်။ ဝန်ထမ်းလည်း စာနာ နားလည်ဟန်ဖြင့်...

"ဟင်း...စိတ်ကိုလျှော့ပါ တငယ်ချင်းရာ၊ ဒါတွေဟာ သခ်ါရ တွေပဲ... သခ်ါရကို နှလုံးသွင်းနိုင်ရင် တငယ်ချင်း နေသာထိုင်သာ ရှိသွားမယ်"

ဟူ၍ တရားချ ဖျောင်းဖျပြီးနောက်...



"ဟော... ဟိုမှာ... တငယ်ချင်းရဲ့ သခ်ါရလေး လာနေပြီ... ကြည့်လိုက်ပါဦး"

ဟူ၍ လက်ညှိုး ညွှန်ပြသဖြင့် မင်းမျိုးလည်း ရင်ထိတ်ခနဲ ခုန်သွားကာ...

"ဟင်...ဘယ်မှာလဲ"

ဟု အလောတကြီးဆိုရင်း ညွှန်ပြရာသို့ လှမ်းကြည့်လိုက်သည်။

"ဟင်"

ဘီးတပ် ခုတင်ပေါ်တွင် ပိတ်စဖြူကို ခြေဆုံးခေါင်းဆုံး ဖုံးအုပ်ပြီး လဲလျောင်း လိုက်ပါလာလေသည့် တမလွန် ခရီးသည် ချစ်နှင်းဖြူအား တွေ့လိုက်ရသည်။ မင်းမျိုး ရင်ဆို့တက်သွားပြီး...

"ချစ်...နှင်း...ဖြူ"

ဟု အသံကုန် အော်ဟစ်ကာ အနားသို့ ပြေးသွားမိသည်။

"ချစ်နှင်းဖြူ...ချစ်နှင်းဖြူ...တို့... တို့ရောက်လာပြီလေ၊ ဒီ... ဒီမှာ တို့ကို တစ်ချက်လောက်ကြည့်ပါဦး... အဟင့်...အဟင့်ဟင့်"

မင်းမျိုး ကလေးတစ်ယောက်လိုငိုရှိုက်ရင်း ပိတ်စဖြူကို ဆွဲယူကာ ချစ်နှင်းဖြူ၏ မျက်နှာလေးကို ကြည့်မိသည်။

"အို...ဖြစ်မှ ဖြစ်ရလေ ချစ်နှင်းဖြူရယ်"

ချစ်နှင်းဖြူ၏ အလောင်းကို ကြည့်ပြီး မင်းမျိုး ပို၍ ဝမ်းနည်း ဆို့နင့် သွားရပြန်သည်။

ချစ်နှင်းဖြူ၏ အသားအရည်တွေ အရင်လို ဝါဝါဝင်းဝင်း စိုစိုပြည်ပြည်လေး မဟုတ်တော့။ မည်းနက်နေသည်။ မျက်နှာကလည်း ဖောရောင်ကာ ရုပ်ကလည်း နှစ်ဆ ရင့်သွားလေပြီ။

"ဟင့်...ဖြစ်မှဖြစ်ရလေ ချစ်နှင်းဖြူရယ်၊ ကြည့်ပါဦး သွေးဆိပ် တက်ပြီး တစ်ကိုယ်လုံးကို ပြာနှမ်းသွားလိုက်တာ မှတ်တောင်မမှတ်မိ လောက်အောင်ပါပဲလား... အဟင့်... အဟင့်"

မင်းမျိုး ချစ်နှင်းဖြူ အလောင်းဘေးမှ ယှဉ်လိုက်ရင်း ရှိုက်ကြီးတငင် ငိုကြွေးကာ ရင်ကွဲလုမတတ် ခံစားနေရစဉ်...



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်… ဘယ်သူသေလို့ ယူက အဲလောက်တောင် ငိုနေရတာလဲ"

ဟူသော ရင်းနှီးလွန်းသည့် အသံကြောင့် မျက်ရည် အစွဲသားဖြင့် လှည့်ကြည့်ရာ ချစ်နှင်းဖြူကို တွေ့လိုက်ရသဖြင့် မင်းမျိုး ထိတ်လန့်တကြား ဖြစ်သွားရသည်။

"အောင်…အောင်မယ်လေးဗျ… သ…သရဲ…သရဲ"

"ဟဲ့…ဟဲ့… ဘယ်မှာလဲ သရဲ"

"ဟင်…သ…သရဲဆိုပါလား…သံ…သံဗုဒ္ဓေ… သံဗုဒ္ဓေ… ဂစ်…ဂစ်"

"အမားရေ… အမား၊ သရဲတဲ့ဗျ …ပြေး…ပြေး"

"အောင်မယ်လေး ကြောက်ပါပြီ၊ ကျွန်တော် မပါ,ပါဘူးဗျ"

မင်းမျိုး ချစ်နှင်းဖြူကို တွေ့ပြီး ကြောက်လန့်တကြားဖြင့် သရဲဆိုပြီး အော်ဟစ်မိလေရာ အနီးရှိ လူအားလုံးလည်း ဝရုန်းသုန်းကားဖြစ်ကာ လဲသူလဲ၊ တက်သူတက်၊ ပြေးသူပြေး ဖြစ်သွားကြလေသည်။

ချစ်နှင်းဖြူလည်း သရဲကြောက်ပြီး မင်းမျိုးကို နောက်ကျောမှနေ၍ မလွတ်တမ်း အတင်း ကြိုးဖက်ထားပြီး…

"ဘယ်…ဘယ်မှာလဲဟင်၊ သရဲ…သရဲ"

ဟု တုန်တုန်ယင်ယင်မေးရှာ၏။ မင်းမျိုး လက်ညှိုး ကထိုးထိုးဖြင့် သရဲလိုက်ရှာကြရင်း နောက်လှည့်ကြည့်ရာ မိမိကို ဖက်ထားသော ချစ်နှင်းဖြူကို တွေ့ရသဖြင့် အသံကုန် အော်ဟစ်ပြန်သည်။

"အမေရေ…အမေ၊ ဒုက္ခပါပဲ၊ ဒီမှာ…ဒီမှာ သရဲ ကျွန်တော့်ကို ကပ်နေလို့ဗျ…ဟီး"

မင်းမျိုး ကြောက်လန့်တကြား ထွက်ပြေးရန် ကြိုးစားသော်လည်း ချစ်နှင်းဖြူက အတင်းကုတ်ကပ် ဖက်ထားသဖြင့် ပြေးခွင့်မသာ။ ချစ်နှင်းဖြူကလည်း မင်းမျိုး ကြောက်နေတာ ကြည့်ပြီး သူမပါ ပိုကြောက်လျက် ပိုဖက်ထားမိသည်။



BURMESE CLASSIC .com



ချစ်နှင်းဖြူ မခွာနိုင်အောင် ဖက်လေ မင်းမျိုးလည်း ကြောက်လေသဖြင့် အခြေအနေက ပိုမိုဆိုးလာသည်။ သို့ကြောင့် ဆေးခန်းတာဝန်ရှိသူများ ရောက်လာကာ…

"ဘယ်မှာလဲ သရဲ၊ မရှိပါဘူး… မကြောက်ကြပါနဲ့"

ဟူ၍ အားပေး ပြောဆိုသည့် တိုင်အောင် မင်းမျိုး အကြောက်မပြေသေးဘဲ…

"ရှိ…ရှိတယ်၊ နောက်မှာ…နောက်မှာ ကျွန်တော့်ကို ကုန်းဆိုးစီးထားတယ်"

ဟူ၍ မဝံ့မရဲဖြင့် ချစ်နှင်းဖြူကို လက်ညှိုး ထိုးပြရသည်။ အားလုံးလည်း မင်းမျိုး လက်ညှိုးညွှန်ရာသို့ ကြည့်ပြီး…

"ဟင်…ဒါ… သရဲ"

ဟူ၍ ချစ်နှင်းဖြူကို လက်ညှိုးထိုးလျက် ရေရွတ်မိကြသည်။ ချစ်နှင်းဖြူလည်း ကိုယ့်ကိုယ်ကို လက်ညှိုးထိုးကာ…

"ဟင်…ငါ…ငါ…သရဲ"

ဟု အူကြောင်ကြောင်ဖြင့် ရေရွတ်မိသည်။ ပြီးမှ သတိဝင်လာပြီး မင်းမျိုး နားရွက်ကို လိမ်ဆွဲလိုက်၏။

"အား…နာ…နာတယ်…နာတယ်"

"အခုမှ ဘာနာတာလဲ၊ ဒီမှာ မျက်နှာလည်း သေချာကြည့်ဦး လူလား… သရဲလား ဆိုတာ"

မင်းမျိုး နာကျင်မှုကြောင့် ရှုံ့မဲ့ပြီး ချစ်နှင်းဖြူမျက်နှာကို ကြည့်သည်။ ထို့နောက် ဘီးတပ်ခုတင်ပေါ်မှ သေဆုံးနေသူကို ကြည့်သည်။ ချစ်နှင်းဖြူ စိတ်မရှည်ဟန်ဖြင့်…

"ဟိတ်… ဒီကို ကြည့်လို့ ပြောနေတယ်လေ"

ဟူ၍ ဆိုလေရာ အနားရှိ လူကြီးတစ်ယောက်က…

"ဟ…ဒါ ငါ့မိန်းမကွ၊ ဟင်းကွာ…တောက်"

ဟု ဒေါသတကြီး ကြိမ်းမောင်းလေသည်။ ထိုလူကြီး၏ စကားကြောင့် မင်းမျိုး ပျော်သွားပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဟင်... ဒါ...ဒါဆို... ဒီအလောင်းက ကျွန်တော့် ချစ်သူ ချစ်နှင်းဖြူရဲ့အလောင်း မဟုတ်ဘူးပေါ့"

"ထွီ...ပေါက်ပေါက်ရှာရှာ၊ ဒါ ငါ့မိန်းမပါ ဆိုတာ ဘယ်နှစ်ခါ ပြောရမလဲ၊ နာမည်က ခင်သန်းဖြူ၊ အသက်က (၄၂)၊ အမျိုးသမီး ရောဂါနဲ့ ဆုံးတာကွ၊ ရှင်းပြီလား... အဟီး..."

"ဗျာ...ဟုတ်လား။ ကျွန်တော်က ကျွန်တော့်ချစ်သူ ချစ်နှင်းဖြူနဲ့ မှားပြီး ပြောမိတာ၊ အခုတော့ တော်သေးတာပေါ့၊ အမလေး ဝမ်းသာလိုက်တာ အစ်ကိုကြီးရာ...တကယ်... ကယ်..."

"ဘာကွ... ငါ့မိန်းမသေတာ မင်းက ဘာဝမ်းသာရ တာလဲ၊ တယ်လေ ငါလုပ်လိုက်ရ သေတော့မှာပဲ"

"အဲလေ... ဟုတ်သားပဲ၊ ဆောရီး... ဆောရီး၊ ကျွန်တော်က အဲဒီသဘောနဲ့ ပြောတာ မဟုတ်ပါဘူး၊ ကျွန်တော်ပြောတဲ့ သဘော က...သဘောက"

"ဘာသဘောနဲ့ ပြောပြောကွာ အဟီး...မိန်းမရဲ့ မင်းခမျာ သေတာမှ တစ်နာရီ မရှိသေးဘူး၊ သရဲလည်း ခြောက်ခံရတယ်၊ ရှင်းရ လင်းရတာလည်း မပြောပါနဲ့၊ ကြားထဲမှာ မင်း ခုသေတာကို ကြည့်ပြီး ဝမ်းသာတဲ့သူကလည်း ရှိသေးတယ်၊ အဟီး"

အဖြစ်မှန် သိသွားသဖြင့် အားလုံး ရယ်ချင်ကြသော်လည်း အလောင်းပိုင်ရှင်က ငိုကြီးချက်မ ဖြစ်နေသည်ကို ထောက်ထားပြီး မည်သူမျှ မရယ်ရဲကြ။ မရယ်မိအောင် မနည်း ကြိုးစား ထိန်းသိမ်းထား ရသော မျက်နှာ ကိုယ်စီဖြင့် ထိုပုဂ္ဂိုလ်ကို ဖျောင်းဖျ ခေါ်ဆောင်သွားကြ ရသည်။

မင်းမျိုး အလောင်းဘေးမှာ ငိုယို လိုက်ပါသွားသော ထိုပုဂ္ဂိုလ်ကို လိုက်ကြည့်ပြီး ချစ်နှင်းဖြူဘက် ပြန်လှည့်ကာ...

"တော်သေးတာပေါ့... ချစ်နှင်းဖြူရယ်၊ တို့မှာတော့ ချစ်နှင်းဖြူ သေပြီထင်ပြီး ငိုလိုက်ရတာ"





"အို... နေရင်း ထိုင်ရင်း တို့က ဘာလို့သေရမှာလဲ"

"ဟို...ဟိုလေ...သီတာစိုးပဲ ရုံးကို ဖုန်းဆက်လာတာ၊ ချစ်နှင်းဖြူ ဒီဆေးခန်းကို ရောက်နေပြီ ဆိုပြီးလေ"

"အင်းလေ... ဟုတ်တယ်လေ၊ ဒီဆေးခန်းမှာ ရပ်ကွက်ထဲက ဝေဒနာရှင်တစ်ယောက် သွေးသွင်းဖို့ လိုနေလို့ သွေးလာလှူတာလေ၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဟင်... မဟုတ်... မဟုတ်သေးဘူးလေ၊ ဘယ့်နှယ် လူကြီး မိဘသမားက တခြားတစ်ယောက်ကို သွေးလှူတယ် ဆိုတော့... ဆိုတော့..."

"ဘာရယ်...ဘယ်သူက လူကြီးမိဘသား ဖြစ်နေလို့လဲ"

"သီတာစိုးပဲ ပြောတာလေ၊ ချစ်နှင်းဖြူက...က..."

"ဩော်... လက်စသတ်တော့ ဒါကြောင့်ကိုး။ ရယ်ရတယ် ခစ်...ခစ်...ခစ်"

"ဟင်...ဘာလို့ ရယ်တာလဲ"

"အို...ရယ်ရတာပေါ့၊ ဟုတ်မှ မဟုတ်တာကို၊ ဒီမယ် လာမစ်ရဲ့ ကျန်းမာရေးကတော့ ဒေါင်ဒေါင်မြည်ပဲ၊ သဘောပေါက်"

"ဟင်...ဒါ...ဒါဆို..."

"ခုမှ ဒါဆိုတွေ ဟိုဟာဆိုတွေ လုပ်မနေနဲ့၊ သီဝိကျေနပ်သေး တာ မဟုတ်ဘူး"

"အန်...ဘာ...ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ ဒီက (၂၃)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အနေနဲ့ရော၊ ယူနဲ့ ချစ်သူဖြစ်တာ လေးလပြည့်တဲ့ အထိမ်းအမှတ် အနေနဲ့ရော ဆိုပြီး မွန်မြတ်စိတ်ထားနဲ့ သွေးလာလှူပြီး မင်္ဂလာယူနေတဲ့ ဟာကို မဦးမချွတ် သေတယ်လို့လည်း အထင်ခံရသေး၊ ဟင်း... ချက်ချင်းလက်ငင်းကြီးကို သရဲဘဝလည်း ရောက်သွားရသေးတယ် တကယ် အဲဒီလို ယူ အကြောင်းကျား လုပ်နေပုံမျိုးနဲ့ဆိုတော့လား



www.burmeseclassic.com

www.burmeseclassic.com



တို့သာ သရဲ တကယ်ဖြစ်လို့ကတော့ တစ်ခါတည်း ကုတ်ချိုးသတ်ပစ်တယ်၊ ဟွန်း… လူကို တော်တော် သေစေချင်နေတယ်၊ ဟုတ်လား… ပြောစမ်းပါဦး”

“ဩော်… မဟုတ်တာ၊ သတင်းအမှားကြောင့် ခုလိုဖြစ်သွားရတာ တောင်းပန်ပါတယ်၊ တို့ ဘယ်လောက် ချစ်နှင်းဖြူနဲ့ပတ်သက်ပြီး ဘယ်လောက် ပူဆွေး သောက ရောက်ခဲ့ရတယ်ဆိုတာ တို့ရင်ထဲဝင်ကြည့်တတ်ရင် ခုလိုစကားတွေ ပြောမှာမဟုတ်တော့ဘူး၊ တို့ဘဝမှာ ချစ်နှင်းဖြူ မရှိလို့မဖြစ်ဘူးဆိုတာ ခုတော့ တို့ သိပြီးပါပြီ၊ တို့ရဲ့ နိုင်မာတဲ့အချစ်ကို ထောက်ထားပြီး တို့ ပြောမှား ဆိုမှား ရှိတာတွေကို ခွင့်လွှတ်ပေးပါနော် ချစ်နှင်းဖြူ”

“အင်းပေါ့လေ…၊ မလိမ္မာ တစ်ခါမိုက်ဆိုတော့လည်း ခွင့်လွှတ်ပေးရမှာပေါ့၊ ထောက်ထားစရာ အချစ်ဆိုတဲ့ မျက်နှာကြီးကလည်း ရှိသေးတာကိုးလို့”

ကဲ…ကြည့်…။

မင်းမျိုး တစ်ယောက် ကိုယ်လည်းမမှားဘဲနဲ့ကိုယ်ကပဲ ပြန်တောင်းပန်ခဲ့ရတာ။ ဘယ်တတ်နိုင်ပါ့မလဲလေ၊ ကိုယ်ကမှ မချစ်ဘဲလည်းမနေနိုင်တာကိုး။ ချစ်နှင်းဖြူကတော့ အနိုင်ရသူဆိုတော့ တပြုံးပြုံးနဲ့ ပျော်နေမှာပေါ့လေ။

အင်းလေ…ချစ်နှင်းဖြူ အမြဲ ပျော်ပြုံးနေဖို့ အရေးကသာ မင်းမျိုးရဲ့ အကြီးမားဆုံး ဆန္ဒဆိုတော့လည်း…

ဩော်…ထူးဆန်းအံ့ဩဖွယ် ကောင်းလှချည်လား။

အချစ်…။

အချစ်…။

အချစ်…။

မြိုးကိုမြိုး

ရွှေသမင်စာသ